# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၀၅၅)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

အရင်အပတ်ကဆိုရင် နည်းနည်း ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့ပြည်သူ နည်းနည်းများလာတယ်ပေါ့။ ဒါကတော့ ကျွန်မတို့ ခန့်မှန်းထားတဲ့အတိုင်းပါပဲ။ ဒီတစ်ပတ် နှစ်ပတ်လည်း ဒီလိုပဲ ရှိနေမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ထိန်းထားနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဆက်လက်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာပါ။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကတော့ ထပ်တလဲလဲပြောပါတယ်။ Mask တွေနဲ့ Face Shield တွေကို တတ်နိုင်သမျှတပ်ပါ။ အပြင်မထွက်ဘဲ နေနိုင်ရင်နေပါ။ အထူးသဖြင့် နောက်တစ်ပတ်နှစ်ပတ်အတွင်းမှာပေါ့။ ကျွန်မတို့လည်း ဖြေလျှော့ပေးဖို့လည်း အများကြီးကြိုးစားနေပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

> **“သတင်းစာဖတ်တယ်ဆိုရင် သတင်းစာထဲမှာ ကြေညာချက်တွေအားလုံး ပါပါတယ်။ တရားဝင်ထုတ်ပြန်ထားတာ၊ ဌာနအသီးသီးက ထုတ်ပြန်ထားတာ၊ နောက်ပြီးတော့ ကျန်းမာရေးအထူးပြုပေါ့။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ဟာတွေ အဲ့ဒါကြောင့် ကြည့်စေချင်ပါတယ်”**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

## COVID-19 ရောဂါ ကူးစက်ခံရမှု အများဆုံးဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ကိုင်သော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အသင်းဝင်များမှ ပေးဆပ်ရန် အချိန်စေ့ရောက်သည့် ချေးငွေအရင်းနှင့် အတိုးများကို ရွှေ့ဆိုင်းကောက်ခံပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ COVID–19 ရောဂါ ကူးစက်ခံရမှုနှုန်း အများဆုံးဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူထားသော အသင်းသားများအတွက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ပေးဆပ်ရန်ရှိသည့် အရင်းနှင့် အတိုးများကို ၂၀၂၁ ခုနှစ်၊ ဧပြီလကုန်အထိ ပေးဆပ်ခြင်းမှ ရွှေ့ဆိုင်းပေးရန်နှင့် ယင်းကာလအတွက် ပေးဆပ်ရန်ရှိသည့် အရင်းနှင့် အတိုးများကို ၂၀၂၁ ခုနှစ်၊ မေလမှ အောက်တိုဘာလအထိ အရစ်ကျပြန်လည်ပေးဆပ်နိုင်ရန် စီစဉ်ထားပါကြောင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ နစ်နာမှုမရှိစေရန် ယင်းကာလအတွက် ချေးငွေရယူထားသော အသင်းသားများထံမှ ရရန်ရှိသည့် အရင်းနှင့် အတိုးများကို မြန်မာ့စီးပွားရေးဘဏ်မှ သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ကာလတို အတိုးမဲ့ချေးငွေ (၁) နှစ် သတ်မှတ်၍ ထုတ်ချေးပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန




မြန်မာ့အလင်း

# ပြည်သူနှင့် သတင်းမှန် ပြန်ကြားရေး

ယခုအခါ မြန်မာနိုင်ငံ၌ ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုက ကာလရှည်ကြာလာသည်နှင့်အမျှ မြန်မာနိုင်ငံ ပြည်သူလူထုအတွင်း စိတ်ဖိစီးမှုများ၊ စိုးရိမ်ပူပန်မှုများ၊ စီးပွားရေးအရ ထိခိုက်နစ်နာမှုများတို့နှင့် ကြုံတွေ့နေကြရပါသည်။

ဤသို့သော ထိခိုက်နစ်နာမှုများ၊ စိတ်ဖိစီးခံစားရမှုများတွင် သတင်းတု၊ သတင်းယောင်များ၏ အန္တရာယ်ကလည်း ပြည်သူတို့ကို ပိုမိုလေးလံစေကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။

အခါအခွင့်သင့်တိုင်း ကြေညာတင်ပြခဲ့သလို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ၊ ဌာနဆိုင်ရာ အသီးသီးက တရားဝင် ထုတ်ပြန်ထားသည့် သတင်းများကို ဂရုစိုက်ဖတ်ရှုလိုက်နာခြင်းဖြင့် သိသင့်သိထိုက်သော သတင်းမှန်များနှင့် အတူ လိုက်နာသင့် လိုက်နာထိုက်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပြဋ္ဌာန်းလိုက်သော အရေးပေါ်ဥပဒေများ၊ ထုတ်ပြန်ကြေညာသော အကြံပြုချက်များ စသည်တို့ကို ကျကျနန လေ့လာနိုင်မည် ဖြစ်ပါသည်။

ယင်းနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုဝင်ဘာ ၂၃ ရက်နေ့ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းတွင်-

"သတင်းစာဖတ်တယ်ဆိုရင် သတင်းစာထဲမှာ ကြေညာချက်တွေအားလုံးပါပါတယ်။ တရားဝင် ထုတ်ပြန်ထားတာ၊ ဌာနအသီးသီးက ထုတ်ပြန်ထားတာ၊ နောက်ပြီးတော့ ကျန်းမာရေး အထူးပြုပေါ့။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ဟာတွေ၊ အဲဒါကြောင့်လည်း (သတင်းစာကို) ကြည့်စေချင်ပါတယ်။ နောက်တစ်ခုကလည်း ဖေ့စ်ဘုတ်တို့၊ တယ်လီဖုန်းတို့က နေတစ်ဆင့် ကြည့်နိုင်တဲ့ဟာတွေရှိတာပဲလို့ တချို့ကထင်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါတစ်ခါတလေလည်း မပြည့်စုံတာ (ရှိနိုင်ပါတယ်)။... အဲဒါကြောင့် သတင်းစာဖတ်စေချင်တယ်။" ဟု ပြောခဲ့ပါသည်။

အချို့သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့သည် တိတိကျကျ ရေးသားထုတ်ပြန်ရသည်ဖြစ်သောကြောင့် စာနှင့်ပေနှင့် တိတိကျကျ ဖတ်ရှုခြင်းက ပိုမို၍ ဂဃနဏ သိရှိနားလည်နိုင်ပေလိမ့်မည်ဟု မြင်ပါသည်။ ထိုသို့သော သတင်းစာများပါ ကျန်းမာရေးဆိုင်ရာ သတင်းများ ကြေညာထုတ်ပြန်ချက်များသာမက၊ အခြားသော ဖတ်ရှုသင့်သည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းမိန့်ဆိုသွားခဲ့ပါသည်။

"ဒီ့အပြင်လည်း ဘာဖြစ်လို့ သတင်းစာတွေကို ဖြစ်နိုင်ရင် ဖတ်စေချင်လဲဆိုတာ အခုတလောဆိုရင် ရန်ကုန်တက္ကသိုလ် ရာပြည့်နဲ့ ပတ်သက်ပြီးတော့ ဆောင်းပါးတွေ၊ ဘာတွေ အများကြီး သတင်းစာထဲမှာ ပါပါတယ်။ နိုင်ငံတော် သတင်းစာတွေထဲမှာပေ့ါ။ တခြားဂျာနယ်တွေ ဘာတွေမှာလည်း ပါမှာပါ။ နောက်အရင်တစ်လောက ဆိုရင် မြန်မာ့ရုပ်ရှင်ရာပြည့်၊ အဲဒီလိုဆောင်းပါးတွေဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်၊ ဗဟုသုတလည်း ရတယ်။ အခုလို အိမ်မှာနေရတဲ့ အချိန်မှာ၊ ကိုဗစ်ကာလကြောင့် အပြင်မထွက်နိုင်တဲ့ အချိန်မှာဆိုရင် ဒီလိုဟာတွေ ဖတ်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းကို အများကြီးသိနိုင်ပါတယ်။ ရုပ်ရှင်ရာပြည့်ဆိုတာ ရုပ်ရှင်တစ်ခုတည်းအကြောင်း မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့ အနုပညာအကြောင်းဖြစ်ပါတယ်" စသည်ဖြင့် ပြောခဲ့ပါသည်။

သတင်းစာများက ခေတ်ကို ကိုယ်စားပြုပြောဆိုနေပါသည်။ ပြည်သူလူထု၏ လက်ငင်းဖြစ်ပေါ်နေသည့် နိုင်ငံရေးရာဖြစ်စေ၊ စီးပွားရေး၊ ယဉ်ကျေးမှုရေးရာ၊ ယနေ့ကာလဆိုလျှင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပဒေ စည်းမျဉ်းများ စသည့် သိသင့်သိထိုက်သည်တို့ကို ဖော်ပြနေသကဲ့သို့၊ အခြားသော ပြည်သူတို့ သိချင်ကြ၊ သိလိုကြသည်တို့ကိုလည်း ရှာဖွေဖော်ပြရပါသည်။

ယနေ့ ပြည်သူတို့ ကိုယ်တိုင်ဖြတ်သန်းနေသည့် ပစ္စုပ္ပန်သည် အနာဂတ်တွင် သမိုင်းအဖြစ် မှတ်တမ်းတင် ကျန်ရစ်မည်ဖြစ်ရာ မှန်ကန်မျှတ လေးနက်ကာ နိုင်ငံအတွက် ပြည်သူလူထုအတွက် အကျိုးများစေမည့် သတင်း၊ ဆောင်းပါးနှင့် ဖော်ပြချက်များကို ဖော်ပြနိုင်ရန် သတင်းစာများက ကြိုးစားအားထုတ်နေပါကြောင်း တင်ပြလိုက်ပါသည်။ ။




## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကြားနာပြီး မှုခင်းများကို Video Conferencing စနစ်ဖြင့် စီရင်ချက်ချမှတ်မည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကြားနာပြီး စီရင်ချက်ချမှတ်ရန်ထားရှိသော ရာဇဝတ်ဆိုင်ရာမှုခင်းများ၊ တရားမဆိုင်ရာမှုခင်းများ၊ စာချွန်တော်ဆိုင်ရာမှုခင်းများကို Video Conferencing စနစ်ဖြင့် ဒီဇင်ဘာ (၁၊ ၂၊ ၃၊ ၄၊ ၇၊ ၈၊ ၁၀၊ ၁၁) ရက်များတွင် နံနက် ၉ နာရီခွဲအချိန်မှစတင်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၂) နှင့် (၃) တို့မှ စီရင်ချက် ချမှတ်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကြေညာချက်ထုတ်ပြန်ထားသည်။

စီရင်ချက်ချမှတ်မည့် အမှုစာရင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website: www.unionsupremecourt.gov.mm နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ Facebook: https://www.facebook.com/ousc. publicrelations တို့တွင် (၇) ရက် ကြိုတင်၍ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော် သဘာဝတရားရိပ်သာသို့ သတင်းစာတိုက်များက စောင်၊ ဆီ၊ ဆန်နှင့် အလှူငွေများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော် သဘာဝ တရားရိပ်သာသို့ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို သတင်းစာတိုက်များမှ ဝန်ထမ်းများက နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းသည်။



အဆိုပါအလှူငွေများမှာ မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံ သတင်းစာတိုက်၊ နေပြည်တော် သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြပြီး ရရှိအလှူငွေဖြင့် ဆောင်းတွင်းကာလတွင် လိုအပ်လျက်ရှိသည့် အလှူပစ္စည်းများကို ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ယင်းပစ္စည်းများမှာ စောင် ၄၂ ထည်၊ ဆီ ခြောက်ပိဿာ၊ ဆန်တစ်တင်းခွဲအိတ် တစ်အိတ်၊ အလှူငွေကျပ် တစ်သိန်းတို့ကို အလှူရှင်များကိုယ်စား မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦး၊ ကြေးမုံသတင်းစာတိုက် စာတည်းမှူး ဦးဝင်းနိုင်နှင့် စာတည်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နေပြည်တော် သဘာဝ တရားရိပ်သာတွင် သံဃာ၊ သီလရှင်နှင့် အဘိုးအဘွား စုစုပေါင်း ၅၅ ဦး ရှိပြီး နေကထိုင်၊ ဆေးဝါးများ၊ ပန်းကန်များ၊ စားပွဲခင်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဇင်ဦး**

## ကျောက်ဆည်မြို့နယ် ရတနာမင်းရောင်ဝယ်ရေး သမဝါယမအသင်းမှ ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရတနာမင်း ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသားများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁နာရီက အဆိုပါအသင်းရုံး၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်က ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း အသင်းသား/သူများ စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး၊ ထုတ်ပြန်ထားသော ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ထောက်ပံ့ ပေးအပ်သည်။



ထိုသို့ထောက်ပံ့ရာတွင် ရတနာမင်း ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသားတစ်ဦးလျှင် ဆန်သုံးပြည်၊ ဆီ တစ်ပိဿာနှုန်းဖြင့် အသင်းသား ၄၃ ဦးအား စုစုပေါင်း တန်ဖိုးငွေကျပ် လေးသိန်းကျော် ထောက်ပံ့ခဲ့သည်။ ထောက်ပံ့ပေးအပ်ရာသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်နှင့် ဝန်ထမ်းများ၊ အသင်းဥက္ကဋ္ဌ ဦးဖုန်းကျော်နှင့် အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပြည်သူသာလျှင် အဓိက

❀ *ရှေ့ဖုံးမှ*

ဒီတော့ အခြေအနေတွေ နည်းနည်းထိန်းလို့ရလာတာနဲ့အမျှ ပြန်ပြီးတော့ ဖြေလျှော့ပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုတွေရဲ့ စိတ်ဖိစီးမှုတွေလည်း သက်သာအောင်လို့၊ နောက်စီးပွားရေးလည်း ပြန်ပြီးလည်ပတ်အောင်လို့ပါ။ အရင်အပတ်က ကျွန်မပြောထားတဲ့အတိုင်းပဲပေါ့။ စီးပွားရေးအခုရေတိုအတွင်းမှာ လည်ပတ်ဖို့ရော၊ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကိုက်ညီဖို့ရော၊ ပြည်သူကို ပညာပေးတဲ့ စီးပွားရေးအစီအစဉ်တွေ၊ ပြည်သူတွေအနေနဲ့ ပါဝင်ပြီးတော့ လုပ်နိုင်မယ့် စီးပွားရေးလုပ်ငန်းလေးတွေ၊ ဘယ်လိုလုပ်ရမလဲဆိုတာတွေကို ဒီအပတ်စပြီးတော့ ရုပ်မြင်သံကြားမှာ လွှင့်ပါ့မယ်။ နောက် ဗုဒ္ဓဟူးနေ့မှာ တစ်ခု၊ နောက်ပြီး ကြာသပတေးနေ့မှာ တစ်ခု၊ ဗုဒ္ဓဟူးနေ့ကတော့ ပိုပြီးတော့ ပညာပေးအနေနဲ့ ကြာသပတေးနေ့ကျတော့ ပညာပေးလည်း ဖြစ်တယ်။ လက်တွေ့ကျကျတွေ ဘယ်လိုဆောင်ရွက်နေကြတယ်၊ ဘယ်လိုဆောင်ရွက်လို့ ရတယ်ဆိုတာကိုလည်း ပြမှာဖြစ်ပါတယ်။

ဒီလိုအစီအစဉ်တွေ အကြောင်းပြောရင်းနဲ့ ကျွန်မ တစ်ခုမေတ္တာရပ်ခံချင်ပါတယ်။ အဲ့ဒါကတော့ ဖြစ်နိုင်ရင် သတင်းစာတွေကို ဖတ်စေချင်ပါတယ်။ နိုင်ငံတော် သတင်းစာတွေ၊ အဲဒါက သတင်းစာရောင်းချင်လို့ ကျွန်မပြောတာ မဟုတ်ပါဘူး။ ရောင်းလို့ ကောင်းရင်လည်း ကောင်းတာပေါ့။ ဒါပေမယ့် ဘာဖြစ်လို့ပြောရလဲဆိုတော့ ကိုဗစ်–၁၉ နဲ့ ပတ်သက်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ နောက်တခြားအစိုးရဌာန အသီးသီးက ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကို တချို့တွေက သေသေချာချာ မဖတ်ဖြစ်ကြဘူး။ သေသေချာချာ ဂဃဏနပေါ့။ ဘာတွေပြောထားသလဲဆိုတာ မသိကြဘူးဆိုတာ ကျွန်မ သတိပြုမိပါတယ်။ ဖုန်းထဲမှာ ကြည့်တဲ့အခါကျရင် တစ်ခါတလေလည်း အစအဆုံး မကြည့်လိုက်မိတာလား၊ ရုပ်မြင်သံကြားမှာလည်း မကြားမိတာလားတော့ မသိဘူး။ တချို့တွေကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေ၊ ချမှတ်ထားတဲ့အကြံပြုချက်တွေပေါ့။ ဒါတွေ သေသေချာချာ မသိတာကို သတိထားမိပါတယ်။

အဲဒီတော့ သတင်းစာဖတ်တယ်ဆိုရင် သတင်းစာထဲမှာ ကြေညာချက်တွေအားလုံး ပါပါတယ်။ တရားဝင်ထုတ်ပြန်ထားတာ၊ ဌာနအသီးသီးက ထုတ်ပြန်ထားတာ၊ နောက်ပြီးတော့ ကျန်းမာရေးအထူးပြုပေါ့။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ဟာတွေ အဲ့ဒါကြောင့် ကြည့်စေချင်ပါတယ်။ နောက်တစ်ခုကလည်း facebook တို့ တယ်လီဖုန်းကနေ တစ်ဆင့်ကြည့်နိုင်တဲ့ဟာတွေ ရှိတာပဲလို့ တချို့က ထင်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒါတစ်ခါတလေလည်း မပြည့်စုံတာ အပြင်မှာ သတင်းစာဖတ်တာက ဖုန်းကြည့်တာထက် အများကြီး မျက်လုံးသက်သာပါတယ်။ အဲဒါကြောင့် သတင်းစာဖတ်စေချင်တယ်။

ဒီ့အပြင်လည်း ဘာဖြစ်လို့ သတင်းစာတွေကို ဖြစ်နိုင်ရင်ဖတ်စေချင်လည်းဆိုတာ အခုတစ်လောဆိုရင် ရန်ကုန်တက္ကသိုလ်ရာပြည့်နဲ့ ပတ်သက်ပြီးတော့ ဆောင်းပါးတွေ၊ ဘာတွေအများကြီး သတင်းစာတွေထဲမှာ ပါပါတယ်။ နိုင်ငံတော် သတင်းစာတွေထဲမှာပေါ့။ တခြားဂျာနယ်တွေ ဘာတွေမှာလည်း ပါမှာပါ။ နောက်အရင်တစ်လောကဆိုရင် မြန်မာ့ရုပ်ရှင်ရာပြည့်၊ အဲဒီလိုဆောင်းပါးတွေဟာ အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။ ဗဟုသုတလည်း ရတယ်။ အခုလိုအိမ်မှာနေရတဲ့အချိန်မှာ၊ ကိုဗစ်ကာလကြောင့် အပြင်မထွက်နိုင်တဲ့အချိန်မှာဆိုရင် ဒီလိုဟာတွေ ဖတ်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းကို အများကြီးသိနိုင်ပါတယ်။ ရုပ်ရှင်ရာပြည့်ဆိုတာ ရုပ်ရှင်တစ်ခုတည်း အကြောင်းမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံရဲ့ အနုပညာအကြောင်း ဖြစ်ပါတယ်။ နောက် အနုပညာရှင်ကြီးတွေနဲ့ အင်တာဗျူးလုပ်ထားတာတွေ၊ အနုပညာရှင်ကြီးတွေအကြောင်းပါတဲ့ ဆောင်းပါးတွေပေါ့။ ရန်ကုန်တက္ကသိုလ်လည်း ဒီလိုပါပဲ။ တချို့က ရန်ကုန်တက္ကသိုလ်မှာ ကိုယ်တိုင်စာမသင်ခဲ့ရလို့ စိတ်မဝင်စားဘူးလို့ အဲဒီလိုမထင်ပါနဲ့။ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း အကြောင်းမဟုတ်ပါဘူး။ ဒီဆောင်းပါးတွေ ဖတ်လိုက်ရင် ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်အကြောင်း၊ ပညာရေးသမိုင်းအကြောင်းကိုပါ အများကြီးသိလာနိုင်ပါတယ်။ အဲဒီလို ဆောင်းပါးတွေကို လေ့လာနိုင်ဖို့ အချိန်လည်း အခုက ရှိတယ်ပေါ့၊ အိမ်မှာ နေရတဲ့အခါမှာ။

နောက်တစ်ခုကလည်း ကိုယ့်နိုင်ငံရဲ့ သမိုင်းသိဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကိုသိမှသာလျှင် ဒီနိုင်ငံရဲ့ အနာဂတ်လိုအပ်ချက်တွေကို ပိုပြီးတော့ သဘောပေါက်မှာပါ။ နောက်ပြီးတော့ ကိုယ့်နိုင်ငံရဲ့အစွမ်းအစတွေ၊ ကိုယ့်နိုင်ငံရဲ့ အားနည်းချက်တွေ၊ အားသာချက်တွေကိုလည်း ဒီသမိုင်းကို လေ့လာခြင်းအားဖြင့် အများကြီးသိနိုင်ပါတယ်။

**"ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ သတင်းစာတွေထဲမှာဆိုရင် ပုံမှန်ပဲ ကိုယ့်နိုင်ငံရဲ့ အခြေအနေတင်မကဘဲ နေ့တိုင်းနေ့တိုင်း ဒါကတော့ ဖုန်းမှာကြည့်ရင်လည်း ရပါတယ်။ ကျွန်မ ပြောသလိုပေါ့။ သတင်းစာကျတော့ အေးအေးဆေးဆေး သေသေချာချာလေ့လာလို့လည်း ရတယ်။ နောက်ပြီးတော့ ဖုန်းနဲ့စာရင် မျက်လုံးသက်သာတာပေါ့။ အဲဒီအထဲမှာဆိုရင် နေ့စဉ်နေ့စဉ် ဘယ်နှယောက် ရောဂါရှိတာကို တွေ့ခဲ့ရပြီ၊ ဘယ်နှယောက် သက်သာသွားပြီ၊ ဘယ်နှယောက် သေဆုံးသွားတယ်။ ဒါတွေအားလုံးကို မြင်ရမှာဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်ရောဂါအခြေအနေ ဘယ်လိုရှိသလဲဆိုတာကိုလည်း သတင်းစာတွေထဲမှာ ပါပါတယ်"**

ဒါကတော့ သင်ပုံသင်နည်းစနစ်ရဲ့ အားနည်းချက်ကြောင့်လည်း ပါတာပေါ့။ တချို့ကဆိုရင် သမိုင်းဆိုတာဟာ အလွတ်ကျက်တဲ့ ဘာသာရပ်တစ်ခုဆိုပြီးတော့ စိတ်မဝင်စားကြဘူး။ ဘယ်နှစ်မှာ ဘာဖြစ်တယ်၊ ဘယ်တုန်းက ဘယ်မင်းက ဘယ်လောက်ကြာကြာ ဘာလုပ်သွားတယ် စသဖြင့်ပေါ့။ အဲဒီလို မြင်ကြပါတယ်။ အဲဒီလို မဟုတ်ပါဘူး။ သမိုင်းဆိုတာ တကယ်လေ့လာတတ်ရင်၊ သမိုင်းကို သုံးသပ်တတ်ရင် ကျွန်မတို့ နိုင်ငံသမိုင်းတင်မဟုတ်ဘူး ကမ္ဘာ့သမိုင်းပေါ့။ ပြောရမယ်ဆိုရင် လူသားတွေရဲ့ သမိုင်းပေါ့။ လူသားတွေဆိုတာ ခေတ်အဆက်ဆက်၊ ခေတ်ပေါင်းများစွာ ဘယ်လိုစိန်ခေါ်မှုတွေကို ကျော်လွှားခဲ့တယ်။ ယဉ်ကျေးမှုတွေက ဘယ်လိုပြောင်းလဲခဲ့တယ်။ အခုခေတ်မှာဆိုရင် အရင်ခေတ်တွေနဲ့ ဘယ်လိုကွာခြားတာတွေရှိသလဲ။ ဒါတွေကို အများကြီး သိနိုင်ပါတယ်။ သိခြင်းအားဖြင့်လည်း ကျွန်မတို့အနေနဲ့ အနာဂတ်ကို ဘယ်လို အကောင်းဆုံးဖြစ်အောင် ဆောက်တည်နိုင်မလဲဆိုတဲ့ အကြံဉာဏ်တွေ၊ အတွေးအခေါ်တွေလည်း ရနိုင်ပါတယ်။ ဒါကြောင့် ကျွန်မကနေပြီးတော့ နိုင်ငံတော် သတင်းစာတွေကိုလည်း တတ်နိုင်သလောက်ဖတ်ပါ။ သတင်းစာတွေက သိပ်ပြီးတော့ ဈေးကြီးကြီးပေးရတာမျိုး မဟုတ်ပါဘူး။ ပြန်ကြားရေးဝန်ကြီးဌာနကို အားပေးစေချင်လို့ ပြောတာမဟုတ်ပါဘူး။ အားပေးသင့်တဲ့ အခါတော့လည်း အားပေးတာတော့ မမှားပါဘူး။ အဲဒါတော့ ကျွန်မတိုက်တွန်းချင်ပါတယ်။

နောက်ပြီးတော့ စောစောကကျွန်မပြောတဲ့အတိုင်းပဲ ဖြေလျှော့ပေးနိုင်တဲ့ ကိစ္စတွေ အားလုံးဖြေလျှော့ပေးပါမယ်၊ အခြေအနေကောင်းလာတာနဲ့အမျှ၊ အဲဒါကြောင့်မို့လို့ ဒါတွေကိုလည်း သတင်းစာတွေထဲမှာကြည့်လို့ရှိရင် ဘာတွေ ဘယ်လို စီစဉ်နေတယ်ဆိုတာကိုလည်း သိရပါတယ်။ နောက်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ စီးပွားရေးအခြေအနေနဲ့ပတ်သက်လို့ စီးပွားရေး သုံးသပ်ချက်အနေနဲ့မဟုတ်ဘဲနဲ့ အခု ဘာတွေလုပ်နေတယ်၊ ဘာတွေ ဖြစ်နေတယ်၊ ဘယ်တိုင်းဒေသကြီးတွေမှာ စီးပွားရေးနဲ့ ပတ်သက်လို့ ဘယ်လိုစီမံကိန်းတွေ ဖော်ထုတ်နေတယ်၊ အကောင်အထည်ဖော်မယ်၊ အဲဒါတွေလည်း သိနိုင်ပါတယ်။ အဲဒီလို သိခြင်းအားဖြင့် ကိုယ့်ရပ်ကိုယ့်ရွာအကြောင်းတင်မကဘဲ ကိုယ့်နိုင်ငံတစ်ဝန်းမှာ စီးပွားရေးအခြေအနေတွေ ဘယ်လိုရှိသလဲ၊ ဘယ်လိုလိုအပ်ချက်တွေရှိသလဲ၊ ဘယ်လိုအခွင့်အရေးတွေ ရှိနိုင်မလဲဆိုတာကိုလည်း ဗဟုသုတရှာနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်လို့ သတင်းစာတွေထဲမှာဆိုရင် ပုံမှန်ပဲ ကိုယ့်နိုင်ငံရဲ့အခြေအနေတင်မကဘဲ နေ့တိုင်းနေ့တိုင်း ဒါကတော့ ဖုန်းမှာ ကြည့်ရင်လည်းရပါတယ်။ ကျွန်မပြောသလိုပေါ့။ သတင်းစာကျတော့ အေးအေးဆေးဆေး သေသေချာချာလေ့လာလို့လည်းရတယ်။ နောက်ပြီးတော့ ဖုန်းနဲ့စာရင် မျက်လုံးသက်သာတာပေါ့။ အဲဒီအထဲမှာဆိုရင် နေ့စဉ်နေ့စဉ် ဘယ်နှယောက် ရောဂါရှိတာကို တွေ့ခဲ့ရပြီ၊ ဘယ်နှယောက် သက်သာသွားပြီ၊ ဘယ်နှယောက်သေဆုံးသွားတယ်။ ဒါတွေအားလုံးကို မြင်ရမှာဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်ရောဂါအခြေအနေ ဘယ်လိုရှိသလဲဆိုတာကိုလည်း သတင်းစာတွေထဲမှာပါပါတယ်။ ဘယ်နိုင်ငံမှာဆိုရင် ဘယ်လိုအခြေအနေတွေရှိပြီ၊ ဘယ်လိုစည်းကမ်းတွေ သတ်မှတ်တယ်၊ စီးပွားရေးနဲ့ပတ်သက်လို့ ဘယ်လိုသက်ရောက်မှုတွေရှိနေပြီ စသဖြင့်ပေါ့။ အဲဒီတော့ အဲဒီသတင်းစာတွေ ဖတ်လိုက်တဲ့အခါမှာ အခုကမ္ဘာတစ်ဝန်းက ကိုဗစ်ရောဂါ မကျသေးဘူးဆိုတာကို တွေ့ရပါမယ်။ တချို့နိုင်ငံတွေမှာ တက်နေတုန်းပဲ ရှိပါသေးတယ်။ ဖြစ်ပွားမှုက တစ်နေ့ထက်တစ်နေ့ ပိုပြီးများလာတာကို တွေ့ရပါတယ်။ များလာပြီးတော့ ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကို အမျိုးမျိုး စဉ်းစားနေရတာကိုလည်း တွေ့ရပါတယ်။

နောက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပြင် တခြားကျန်းမာရေးနဲ့ပတ်သက်လို့ သုတေသနတွေလုပ်ထားတဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေရဲ့ ပြောဆိုထားတာတွေ၊ သုံးသပ်ထားတာတွေ၊ ဒါတွေကိုလည်း ဖတ်လို့ရပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့်၊ အဲဒီလိုဖတ်ခြင်းအားဖြင့် ကိုဗစ်ရောဂါရဲ့အခြေအနေဟာ ဘယ်လိုရှိသလဲဆိုတာ သိပြီးတော့ မပေါ့သင့်တဲ့နေရာမှာ မပေါ့ဖို့လည်း သတိပေးရာရောက်ပါတယ်။ တစ်ချိန်တည်းမှာလည်း ကျွန်မတို့ စိတ်ဓာတ်ကျမှာ မဟုတ်ပါဘူး။ နိုင်ငံတော်တော်များများနဲ့စာရင် ကျွန်မတို့နိုင်ငံမှာ အခြေအနေကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်တယ်လို့ ကျွန်မ ဒီလိုမြင်ပါတယ်။ ဒီလိုထိန်းထားနိုင်ခြင်းရဲ့ အဓိကအကြောင်းရင်းကလည်း ပြည်သူကိုယ်တိုင်ပါဝင်လို့ပါပဲ။ ဒီဟာက ဘယ်နှခါပဲပြောပြော အမှန်တရားကတော့ အမှန်တရားအနေနဲ့ ရပ်တည်နေမှာပါ။ ပြည်သူမပါလို့မဖြစ်ပါဘူး။ နောက်ဆုံး တချို့နိုင်ငံတွေမှာ ရောဂါကို မထိန်းနိုင်တာဟာ ပြည်သူတွေရဲ့ ပါဝင်ပတ်သက်မှုက နည်းနည်းအားနည်းတယ်လို့ မြင်ပါတယ်။ ဒါတော့ သူ့တိုင်းပြည်နဲ့သူဆိုတော့ ကျွန်မလည်း ဘာမှမပြောလိုပါဘူး။ သူတို့ရဲ့စနစ်နဲ့ သူတို့ပေါ့။ ဒါပေမယ့် ကျွန်မတို့နိုင်ငံမှာ အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်တာဟာ ပြည်သူတွေရဲ့ကျေးဇူးကြောင့်လို့ ကျွန်မ ဒီလိုသတ်မှတ်ပါတယ်။

ဒါပေမယ့် ကျွန်မတို့နိုင်ငံထက်ပိုပြီးတော့ အခြေအနေကောင်းတဲ့ ပိုပြီးတော့ ကောင်းကောင်းထိန်းထားနိုင်တဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မြင်ရမှာပါ။ ကျွန်မတို့ ပိုပြီးတော့ ကောင်းနိုင်တယ်၊ အခြေအနေပိုပြီး ကောင်းအောင် လုပ်နိုင်တယ်ဆိုတာကိုလည်း နှလုံးသွင်းဖို့တော့ သတိပေးချင်ပါတယ်။ ပြီးတော့ ကျွန်မစောစောက ပြောတဲ့အတိုင်းပဲပေါ့။ ကျွန်မတို့အနေနဲ့ ဖြေလျှော့ပေးနိုင်တာကို ဖြေလျှော့ပေးနိုင်တယ်။ စီးပွားရေးကြောင့်ရော၊ ပြည်သူလူထုတွေရဲ့ စိတ်ဖိစီးမှု သက်သာဖို့အတွက်ရော၊ အဲဒီတော့ သွားရေးလာရေးပေါ့။ သွားရေးလာရေး၊ စီးပွားရေးလုပ်ဖို့၊ လုပ်နိုင်တဲ့အခွင့်အရေးတွေပေါ်ပေါက်ရေး ဒါတွေကို အထူးဂရုစိုက်ပြီးတော့ အမြန်ဆုံးအခြေအနေကောင်းလာအောင်လို့ ကြိုးစားပါ့မယ်။

နောက်တစ်ခုကလည်း မကြာမီဆိုရင် ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလ ရောက်ပါတော့မယ်။ အဲဒါတွေနဲ့ပတ်သက်လို့ အထူးအစီအစဉ်တွေအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ဘာတွေလုပ်မလဲဆိုတာကိုလည်း ပြည်သူတွေ သိအောင်လို့ မှန်မှန် ကျွန်မတို့ ပြောသွားမှာဖြစ်ပါတယ်။ တခြားမြို့တွေမှာတော့ မသိဘူး။ တခြားမြို့တွေ တော်တော်များများမှာလည်း တခြားမြို့တွေဆို ကျွန်မစဉ်းစားတာ တကယ်တော့ အဓိကအားဖြင့် ရန်ကုန်နဲ့ မန္တလေးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါဖြစ်မှုလည်း များတယ်။ နောက်ပြီးတော့ လူဦးရေလည်း ထူထပ်တယ်။ အဲဒီနေရာတွေမှာတော့ သေသေချာချာ ကျွန်မ မနက်က မကြည့်လိုက်မိဘူး။ အပူချိန်ဘယ်လောက်ရှိလဲလို့။ နေပြည်တော်မှာတော့ နည်းနည်းအေးလာပါတယ်။ အေးလာတာနဲ့အမျှ ကိုဗစ်ရောဂါလည်း နည်းနည်းပြန့်ချင်သလိုလိုတော့ ရှိတယ်။ ဒါကြောင့် အေးလာတဲ့ဒေသတွေမှာဆိုရင် အထူးဂရုစိုက်ပါ။ သက်ကြီးရွယ်အိုတွေ ဂရုစိုက်ပါ။ ရောဂါအခံရှိတဲ့လူအားလုံး ဂရုစိုက်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ အားလုံးကျန်းမာချမ်းသာအောင်နေကြပါ။

**"မကြာမီဆိုရင် ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလ ရောက်ပါတော့မယ်။ အဲဒါတွေနဲ့ ပတ်သက်လို့ အထူးအစီအစဉ်တွေအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ဘာတွေလုပ်မလဲ ဆိုတာကိုလည်း ပြည်သူတွေ သိအောင်လို့ မှန်မှန် ကျွန်မတို့ ပြောသွားမှာဖြစ်ပါတယ်"**

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် ဆောင်ရွက်မှုအခြေအနေများ သုံးသပ်ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့၊ နံနက်ပိုင်းတွင် Videoconferencing စနစ်ဖြင့် ပြုလုပ်ခဲ့သော "တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign) ဆောင်ရွက်မှုအခြေအနေများ သုံးသပ်ဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့ပါသည်။

သုံးသပ်ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် –

- ယနေ့ဆွေးနွေးပွဲသည် ယခုလက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ဆောင်ရွက်လျက်ရှိသော ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို ဆောင်ရွက်လျက်ရှိမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဆောင်ရွက်နေသော အတွေ့အကြုံများ၊ ကြုံတွေ့ရသောအခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းဆောင်ရွက်ချက်များကို မျှဝေအသိပေးနိုင်ရန်နှင့် လိုအပ်ချက်များ၊ ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သည်များကို ပွင့်လင်းစွာဆွေးနွေးရန် ရည်ရွယ်ပါကြောင်း၊
- COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး လုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ဤစီမံချက်၌ အထူးပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြရန်မှာ လွန်စွာအရေးကြီးပါကြောင်း၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID–19 ဆိုင်ရာ တွေ့ရှိချက်အသစ်များ၊ ရောဂါပျံ့နှံ့ကူးစက်မှုပုံစံများအပါအဝင် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းဗျူဟာများကို မွမ်းမံပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- လူထုလှုပ်ရှားမှုစီမံချက်အား ပီပြင်စွာအကောင်အထည်ဖော်နိုင်ခြင်းမရှိပါက လွန်စွာထိန်းချုပ်ရ ခက်ခဲသော ရောဂါပြန့်ပွားကူးစက်မှုများ ဖြစ်လာနိုင်ပါကြောင်း၊
- ကမ္ဘာတွင် COVID–19 အတွက် ထိရောက်သော ကာကွယ်ဆေးပေါ်ပေါက်လာသည့်တိုင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူအားလုံးကို ချက်ချင်းထိုးနှံပေးနိုင်ခြင်းမရှိနိုင်သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထိုးနှံရန်မှာ ကာကွယ်ဆေးရရှိမှုပမာဏအပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်ဖြစ်ခြင်း၊ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲလာနိုင်ခြင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါရှိနေနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် လျင်မြန်စွာကူးစက်သည့်ရောဂါဖြစ်ခြင်း စသည့်အချက်များကြောင့် ပြည်သူများအနေဖြင့် ယခုကျင့်သုံးလျက်ရှိသည့် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို မဖြစ်မနေ ဆက်လက်လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊
- ဤလူထုလှုပ်ရှားမှုစီမံချက် အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှုအောက်၌ မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ ရာနှုန်းပြည့်ပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊
- လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာန/ အဖွဲ့အစည်းများအချင်းချင်း သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ရရှိသော သတင်းအချက်အလက်များကို ဆန်းစစ်သုံးသပ်ခြင်း၊ လက်တွေ့အခြေအနေနှင့်အညီ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်အဆင့်ဆင့် ခွဲဝေဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊
- လုပ်ငန်းအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တာဝန်အလိုက် ဆောင်ရွက်ရမည့် အချက်များကို ပုံစံစာရွက် (checklist) များ ပြုစုဖြန့်ဝေပေးထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုဆိုင်ရာ ထူးခြားဖြစ်စဉ်များနှင့် ပံ့ပိုးဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဗဟိုအဆင့်သို့ ချက်ချင်းအကြောင်းကြားစေလိုပါကြောင်း၊
- ပါးစပ်နှင့်နှာခေါင်းစည်း (mask) မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို ဆောင်ရွက်ရာတွင် ဈေးဝယ်ယူသူများအနေဖြင့် ကိုယ်တိုင် mask တပ်ဆင်ရုံသာမက mask နှင့် မျက်နှာအကာ (face shield) တပ်ဆင်ထားသော ဈေးရောင်းသူများထံမှသာ ဦးစားပေးဝယ်ယူခြင်းဖြင့် နှစ်ဦးနှစ်ဖက် ရောဂါပျံ့နှံ့ကူးစက်ဖြစ်ပွားမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ဈေးရောင်းချသူများ အချင်းချင်းလည်း တစ်ဦးကို တစ်ဦး စည်းကမ်းလိုက်နာစေရေး နှိုးဆော်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊
- ယခုလူထုလှုပ်ရှားမှုစီမံချက်ဆောင်ရွက်မှု ကနဦးကာလတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်အားစိုက်ပြီး ရနိုင်သော အရင်းအမြစ်များကို ထိရောက်စွာ အသုံးချကာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- လူစုလူဝေးပြုလုပ်ခြင်း၊ mask မတပ်ခြင်း စသည့် COVID–19 ကာကွယ်ရေး စည်းကမ်းမလိုက်နာသူများအား ခေါ်ယူ၍ လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပေးသည့် လုပ်ငန်းများတွင် လုပ်အားပေးပါဝင် လုပ်ဆောင်စေမည်ဆိုပါက ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊
- ဘဏ်များသို့လာရောက်သူများအား သက်ဆိုင်ရာဘဏ်များက mask များ အခမဲ့ပေးခြင်းနှင့် ဘဏ်ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများအားလုံးသည် mask နှင့် မျက်နှာအကာ (face shield) တို့ကို မဖြစ်မနေတပ်ဆင်ရမည်ဖြစ်ပါကြောင်း၊
- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို (၃) ရက်လျှင် (၁) ကြိမ်ခန့် အချင်းချင်းဆွေးနွေးတိုင်ပင် သုံးသပ်ခြင်းများ မဖြစ်မနေ ပြုလုပ်၍ ဆောင်ရွက်မှုများ ပိုမိုစနစ်ကျစေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊
- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်၏ လက်ရှိရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုများအား အမြဲတမ်းဆန်းစစ်သုံးသပ်၍ ဗဟိုအဆင့်သို့ သတ်မှတ်ထားသည့်ပုံစံဖြင့် ရက်သတ္တပတ် တစ်ပတ်လျှင် တစ်ကြိမ် ပေးပို့ခြင်းဖြင့် လိုအပ်သည်များအား ဗဟိုမှ ချက်ချင်းပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊
- ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်သည် ပြည်သူတစ်ဦးချင်းစီက ကိုယ်တိုင်အသိရှိစွာဖြင့် စည်းကမ်းလိုက်နာကျင့်သုံးလာစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်ကာလအတိုင်းအတာတစ်ခုအထိ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အနည်းဆုံး (၂)လမှ (၃)လအကြာခန့်အထိ ဆက်တိုက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် ဆောင်ရွက်မှုအခြေအနေများ သုံးသပ်ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ဆွေးနွေးစဉ်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ဈေးများ၊ အဝေးပြေးကားဂိတ်များနှင့် လူစည်ကားရာနေရာများ၌ ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်အား ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ –

- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဈေးအဝင်အထွက်နေရာများတွင် ဝေငှခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (mask) မတပ်ဆင်ပါက ဈေးတွင်း ဝင်ရောက်ခွင့်မပြုခြင်း၊ ဈေးဝယ်ယူသူများကို ပါးစပ်နှင့် နှာခေါင်းစည်း (mask) တပ်စေပြီး၊ ဈေးရောင်းချသူများတွင် ပါးစပ်နှင့်နှာခေါင်းစည်း (mask) နှင့် မျက်နှာအကာ (face shield) တပ်ဆင်ရန်အတွက် mask နှင့် face shield များပေးအပ်ခြင်း၊ mask နှင့် face shield မတပ်ဆင်ထားသူများထံမှ ဦးစားပေးဈေးဝယ်ယူခြင်းမပြုရန်နှင့် ရောဂါကာကွယ်ရေးစည်းကမ်းများအား လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးနှိုးဆော်ခြင်း၊ ဈေးဆိုင်ခန်း (၁၀) ခုလျှင် ဈေးရောင်းချသူ (၁)ဦးကျ တာဝန်ပေးကာ အချင်းချင်းစည်းကမ်းလိုက်နာရေး ကြီးကြပ်သတိပေးစေခြင်းနှင့် မီဒီယာများမှ ဈေးဝယ်သူနှင့် ရောင်းချသူများအား မေးမြန်းခြင်း (အင်တာဗျူး) များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှု၊
- စည်းကမ်းလိုက်နာမှုမရှိသူများအား အရေးယူသည့်အနေဖြင့် အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းတွင် လုပ်အားပေးပါဝင်စေခြင်း၊
- နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှု၊ mask များ စွန့်ပစ်ရန် အမှိုက်ပုံးများ၊ ဈေးများတွင် လက်ဆေးဘေစင်များ ထားရှိရန်နှင့် ရေရရှိစေရေးအတွက် စည်ပင်သာယာရေးကော်မတီ၊ ဈေးတာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုနှင့်
- လူထုလှုပ်ရှားမှုစီမံချက်ကို အဆိုတော်များနှင့် အနုပညာရှင်များ၏ ကူညီမှုဖြင့် ဆောင်ရွက်သွားမည့်အစီအစဉ်၊ မျက်နှာအကာ (face shield) ကို ပြန်လည်သန့်စင်ဆေးကြောအသုံးပြုနည်းများ ဖြန့်ဝေသွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက –

- လူထုလှုပ်ရှားမှုစီမံချက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ခံပံ့ပိုးဆောင်ရွက်လျက်ရှိမှု၊

  ပြည်သူများက ရောဂါကာကွယ်ရေးစည်းကမ်းများကို သိရှိသော်လည်း လိုက်နာမှု အားနည်းနေသေးမှု၊
- လွှတ်တော်ကိုယ်စားလှယ်များ၏ အင်အားကို ရယူကာ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း၊

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က –

- မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးတစ်ဦးချင်းကို ခရိုင်၊ မြို့နယ်အလိုက် တာဝန်ခွဲဝေပေးကာ ကြီးကြပ်ပံ့ပိုးဆောင်ရွက်နေမှု၊
- မြို့နယ် ကိုဗစ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့်
- Mask များကို မီးရှို့ဖျက်ဆီးရန် အကြံပြုမှုတို့ကိုလည်းကောင်း၊

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက –

- တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ပူးပေါင်းမှုအားကောင်းစွာဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက –

- ရခိုင်ပြည်နယ်တွင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ ဦးစီးဦးဆောင်ကာ၊ ကျန်းမာရေးတာဝန်ရှိသူများ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အကြံပြုချက်များရယူခြင်း၊ နီးနွယ်ဌာနဆိုင်ရာများအား တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှုကိုလည်းကောင်း၊

မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း က –

- မွန်ပြည်နယ်တွင် အစိုးရအဖွဲ့၊ ဝန်ကြီးတစ်ဦးချင်းမှ မြို့နယ်တစ်ခုစီ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်နေမှု၊
- ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အပါဝင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်က –

- လူထုလှုပ်ရှားမှုစီမံချက်အား ရောဂါဖြစ်ပွားမှုများသော မြို့နယ်များရှိ လူစည်ကားရာနေရာများနှင့် ဈေးများတွင် အားစိုက်ဆောင်ရွက်နေမှု၊
- နယ်စပ်ဂိတ်များတွင် ဝင်ထွက်သွားလာနေမှုနှင့် မြန်မာ–ထိုင်း နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်တော့မည့်အခြေအနေများကိုလည်းကောင်း၊

ချင်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်က –

- ချင်းပြည်နယ်တွင် ရောဂါကူးစက်ဖြစ်ပွားမှု နယ်စပ်ဝင်ထွက်ပေါက်နှင့် ကုန်တင်ယာဉ်မောင်းများကို စစ်ဆေးမှုအခြေအနေနှင့် အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့ကာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများက –

- ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign) ကို ဈေးများ၊ အဝေးပြေးကားဂိတ်များ၊ လူစည်ကားရာနေရာများတွင် အားစိုက်ဆောင်ရွက်နေမှု၊ mask နှင့် face shield များ ရရှိမှု၊ မြို့နယ်အသီးသီးသို့ ဖြန့်ဝေထားရှိမှုနှင့် ပြည်သူများထံပေးအပ်နေမှု၊ ဆေးရုံပြင်ပလူနာဌာနများတွင် လာရောက်ပြသသည့်လူနာများတွင် mask မတပ်ဆင်ပါက ပံ့ပိုးပေးအပ်နေမှု၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ယာဉ်ထိန်းရဲများနှင့် ပူးပေါင်းကာ mask မတပ်ဆင်သူများအား mask ပေးအပ်ခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်နေမှု၊ လက်ကိုင်အသံချဲ့စက်များဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်နေမှုများ၊
- ပြည်သူများသည် mask နှင့် face shield တပ်ဆင်ပါက COVID–19 ကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်သည်ကို သိရှိသော်လည်း လက်တွေ့လိုက်နာဆောင်ရွက်ခြင်းအားနည်းနေမှု၊

*စာမျက်နှာ ၈ သို့*

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၁ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ မြို့သစ် ကလေးကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် ဟိုပင်မြို့နယ်၊ မြို့သစ်ကလေးကျေးရွာနေ အောင်နိုင်ဦး(ခ)အောင်ကြီး(၃၇)နှစ်၊ (ဘ) ဦးသန်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟိုပင်) မယ (ပ)၇၄/ ၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ကွက်သစ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူ အမြောက်အမြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ကွက်သစ်ရပ်ကွက် လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဆိုင်းလေ့ဒ် (၂၄)နှစ်၊ (ဘ)ဦးစနန်နော်အောင် စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ(ပ)၁၇၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်း တိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာနေ ထိန်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၁-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ တောင်ကုန်းကျေးရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ ထိန်လင်း(၃၂)နှစ်၊ (ဘ)ဦးပေါ်ငွေးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၈၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ် ကိုင်းတိုင်း ဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တောင်ကုန်း သာကျေးရွာနေ ဦးဘငွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၁-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တောင်ကုန်း သာကျေးရွာနေ ဘငွေ(၄၇)နှစ်၊ (ဘ)ဦးအောင်လုံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၂၀၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိ ရပ်ကွက်အပိုင်နယ်မြေများအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မင်းဦး (၃၆)နှစ်၊ (ဘ)ဦးသန်းဦး မောင်းနှင်လာသည့် Hilux ယာဉ် အား ရပ်တန့်စိစစ်ရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇေယျာသီရိ) မယ (ပ)၃၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ အဘိုင်(ခ)အီစမိုင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်နေ အဘိုင်(ခ)အီစမိုင်း(ခ)ဇော်မင်းထွန်း(၄၀)နှစ်၊ (ဘ)ဦးလှဝင်း(ခ)မာမွတ်ကြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၄၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊(၈)ရပ်ကွက်နေ ထွန်းလင်းအောင်နှင့် လွင်မိုးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၁-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ (၈) ရပ်ကွက် နေ လွင်မိုး(ခ) တင့်လွင်မိုး(၃၁)နှစ်၊ (ဘ) ဦးအောင်နိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ လွင်မိုး(ခ) တင့်လွင်မိုး အား မတွေ့ရှိဘဲ ၎င်း၏အစ်ကိုဖြစ်သူ မျိုးမင်းထိုက်(ခ) ဗိုက်ပူ (၄၀)နှစ်၊ (ဘ)ဦးအောင်နိုင်နှင့် ယောက်ဖဖြစ်သူ ထွန်းလင်းအောင်(၂၅)နှစ်၊ (ဘ)ဦးဇော်ဇော်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာကေတ)မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(ဏ/၁၅) ရပ်ကွက်နေ ကိုစမုတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၁-၂၀၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ် (ဏ/၁၄)ရပ်ကွက်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဖြိုးလေး (ခ)ဖြိုးကိုကို(၂၈)နှစ်၊ (ဘ)ဦးဝင်းတင် မောင်းနှင်ပြီး ထွန်းထွန်း(ခ)အောင်ဆန်း(၄၁)နှစ်၊ (ဘ)ဦးကျင်စိန်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ အဆိုပါ မူးယစ်ဆေးဝါးများအား အမှတ်(ဏ/၁၅) ရပ်ကွက်နေ ဇော်ထွန်းအောင်(ခ)စမုတ်(၄၀) နှစ်၊ (ဘ)ဦးတင်မြထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ၎င်းတို့(၃)ဦးအား နမစ (လှော်ကား)မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(တ/၁၅) ရပ်ကွက်နေ ငွေစိုး(ခ) ရဲဘော်ကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(တ/၁၅) ရပ်ကွက်နေ ငွေစိုး(ခ)ရဲဘော်ကြီးသည် ၎င်း ရပ်ကွက်တွင် နေထိုင်ခြင်းမရှိဘဲ အမှတ်(၂၆) ရပ်ကွက်တွင် နေထိုင်ကြောင်း သိရှိရသဖြင့် ငွေစိုး(ခ) ရဲဘော်ကြီး (၅၀)နှစ်၊ (ဘ)ဦးကြီးညိုမောင်းနှင်လာသည့် ဆိုင်ကယ်အား ချင်းတွင်းရွှေပြည်လမ်းမပေါ်၌ ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လှော်ကား)မယ(ပ)၂၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၁၉-၁၁-၂၀၂၀ ရက်နေ့တွင် ငွေစိုး(ခ)ရဲဘော်ကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဇနီးဖြစ်သူဒေါ်မိုးဝါ(ခ)ဂျမ်းပုံ(၄၁)နှစ်၊ (ဘ)ဦးအီဆွပ်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ(လှော်ကား) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)/၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက် တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၁၃)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၆)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ တို့နှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၅-၁၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက် သင်္ချိုင်းတွင် ၎င်းရပ်ကွက်နေ အိုက်နောင်(၄၀)နှစ်၊ (ဘ) ဦးအိုက်ရီ၊ ဆင်လီကျေးရွာနေ ခွန်ဆိုင်(၂၄)နှစ်၊ (ဘ) ဦးဂမ်ကျန်နှင့်မန်တုံမြို့နယ်၊ ပန်ကော်ကျေးရွာနေ ဗျာလေး (၃၅)နှစ်၊ (ဘ)ဦးဗျာသားတို့(၃)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ ထွန်းနိုင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၁-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ထွန်းနိုင်ဦး(၄၆)နှစ်၊ (ဘ)ဦးတင်ထွန်း(ခ)ထွန်းပြန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ (ပ)၆၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၁-၁၁-၂၀၂၀ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၄၁၉) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၈၀၈) ဦး၊ မ(၃၆၁)ဦး၊ ပေါင်း(၂၁၆၉)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၉၁၃.၇၉၀၄)ဂရမ်၊ ICE (၁၄၈၉.၄၂)ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၄၉၀၁.၇၄) ဂရမ်၊ ဘိန်းစာရွက်(၅၄၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၉၀၉၀၁)ပြား၊ ဆေးခြောက် (၁၄၈၈၃.၂၀)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈)လက်၊ ကျည်မျိုးစုံ(၆၆၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

*❊ ကျောဖုံးမှ*

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တို ပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်း ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားကာ၊ နိုဝင်ဘာလ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးကမ်းခြေနှင့် ပူဒူချယ်ရီကမ်းခြေအနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**

## ညအပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော်

စိန်ဝင်း (ဗိုလ်)

*ယမန်နေ့မှအဆက်*

ထိုစဉ်က တက္ကသိုလ်ကျောင်း စဖွင့်ရက်မှာ စက်တင်ဘာလ ၁ ရက်ဖြစ်ပြီး ပထမနှစ်သင်တန်းဖွင့်ရက်မှာ စက်တင်ဘာ ၇ ရက်ဖြစ်သည်။ ဒီဇင်ဘာ ခရစ္စမတ်မတိုင်မီ ပထမစာမေးပွဲကို ဖြေဆိုကြရပြီး ယင်းစာမေးပွဲမှာ အတန်းတင်စာမေးပွဲအတွက် ၄၀ ရာခိုင်နှုန်းယူပါသည်။ စာမေးပွဲဖြေအပြီး ကျောင်း ၁၀ ရက် ပိတ်ပါသည်။ နှစ်လည်စာမေးပွဲကို မတ်လတွင် ဖြေဆိုကြရပြီး အတန်းတင်စာမေးပွဲအတွက် ၁၀ ရာခိုင်နှုန်းယူပါသည်။ ဧပြီ တစ်လ ကျောင်းပိတ်ပါသည်။ ဇွန်လနောက်ဆုံးပိုင်းတွင် အတန်းတင်စာမေးပွဲဖြေဆိုကြရပြီး ဇူလိုင်၊ ဩဂုတ် နှစ်လ ကျောင်းပိတ်ပါသည်။

**ကျောင်းနေကာလ အရေးအခင်းအတွေ့အကြုံများ**

ကျွန်တော်တို့ ပထမနှစ် တက်ရသည့် ၁၉၇၂-၇၃ ကာလမှာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားရပြီး ဒုတိယနှစ်အရောက်တွင် အရေးအခင်းများ စတင်ကြုံတွေ့ရပါတော့သည်။ ကျွန်တော်တို့ ဒုတိယနှစ် ၁၉၇၄ ခုနှစ်တွင် အလုပ်သမားအရေးအခင်း စတင်ဖြစ်ပွားခဲ့ရာ ဆင်မလိုက်သင်္ဘောကျင်း၊ သမိုင်းချည်မျှင်နှင့် အထည်စက်တို့တွင် အလုပ်သမားများ ဆန္ဒပြမှုဖြစ်ပွားခဲ့ပါသည်။ တက္ကသိုလ်များ ပိတ်ခဲ့ရပြီး မိမိနေရပ်သို့ ပြန်ခဲ့ကြရပါသည်။

ကျွန်တော်တို့ တတိယနှစ်၊ ၁၉၇၅ ခုနှစ်တွင် ဦးသန့်အရေးအခင်း ဖြစ်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်မှ အနားယူခဲ့သော မြန်မာနိုင်ငံသား ဦးသန့်သည် အမေရိကန်ပြည်ထောင်စုတွင် ကွယ်လွန်ပြီး ကွင်းကျန်သော ရုပ်ကလာပ်ကို ရန်ကုန်မြို့သို့ ပြန်လည်သယ်ယူလာရာ စျာပနအခမ်းအနားကို ကျိုက္ကဆံကွင်းတွင် ကျင်းပရန် စီစဉ်ခဲ့ကြပါသည်။ စျာပနကျင်းပမည့်နေ့တွင် ကျွန်တော်တို့ အပါအဝင် တက္ကသိုလ် ကျောင်းသား/ ကျောင်းသူများ၊ အခြား ကျောင်းသား/ ကျောင်းသူများ၊ အရပ်သူ/ အရပ်သားများ ကျိုက္ကဆံကွင်းသို့ လမ်းလျှောက် ချီတက်၍ သွားရောက်စုဝေးကြပါသည်။ အခမ်းအနားပြုလုပ်ပြီး အစီအစဉ်အရ ရုပ်ကလာပ်ကို ကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရန် ဖြစ်သော်လည်း ကျောင်းသားအချို့က ဦးသန့်သည် ကမ္ဘာသိ၊ မြန်မာ့ဂုဏ်ဆောင်တစ်ဦးဖြစ်သဖြင့် ကြံတောသုသာန်တွင် သာမန်လူကဲ့သို့ သင်္ဂြိုဟ်ရန် မသင့်ကြောင်း၊ ဂုဏ်မာန်လုပ်သင့်ကြောင်းဆိုကာ ရုပ်ကလာပ်ကို ရန်ကုန်တက္ကသိုလ်သို့ သယ်ယူမည်ဟု ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့လည်း လူအုပ်ဖြင့် ပါသွားပါတော့သည်။




ရန်ကုန်တက္ကသိုလ်ရှိ သင်္ချာဌာန။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျွန်တော်တို့ ပင်းယဆောင်မှာ အဓိပတိလမ်းဘေးတွင် ရှိနေသဖြင့် လူအုပ်လိုက် အဓိပတိလမ်းတစ်လျှောက် ရုပ်ကလာပ်အား သယ်ဆောင်သွားသည်ကို လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမရှိ သံဘာဂျာတံခါးများကို လူအားဖြင့်ဆွဲဖျက်ပြီး ဘွဲ့နှင်းသဘင်ခန်းမအတွင်း ရုပ်ကလာပ်ထားရှိခြင်း၊ ဟောပြောပွဲကျင်းပခြင်းတို့ကိုလည်းကောင်း မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ကြရပါသည်။ ထိုညတွင် တက္ကသိုလ်ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရာ ကျွန်တော်တို့အများစုလည်း အိမ်ပြန်ကြရပါတော့သည်။ ဤအရေးအခင်းတွင် ပါဝင်မိသော သူငယ်ချင်းတစ်ယောက်နှင့် ညီငယ်တစ်ယောက် ထောင်ဒဏ်ကျခံရသည်ကိုလည်း ဝမ်းနည်းစွာ ကြုံတွေ့ရပါသည်။ တတိယနှစ်စာမေးပွဲများကို မိမိတို့ရပ်ရွာများတွင် ဖြေကြားကြရရာ မေမြို့ အထက(၁) စာစစ်ဌာနတွင် ရန်ကုန်တက္ကသိုလ်၊ သင်္ချာတတိယနှစ်မှ ဖြေဆိုသူမှာ ကျွန်တော် တစ်ယောက်တည်းသာရှိပါသည်။ မန္တလေးတက္ကသိုလ်မှ ကျောင်းသားများပါသည်။ ကျောင်းများ ပြန်ဖွင့်၍ စတုတ္ထနှစ်သင်တန်းတက်ရသော ၁၉၇၆ ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်း ရာပြည့် ဆူပူမှုထပ်မံဖြစ်ပွား ပြန်ပါသည်။ ကျောင်းများလည်း ထပ်မံပိတ်ရပြီး ၁၉၇၇ ခုနှစ်၊ မတ်လရောက်မှသာ စတုတ္ထနှစ် စာမေးပွဲများ ဖြေဆိုကြရပါတော့သည်။ ၁၉၇၆ ခုနှစ်တွင် ဘွဲ့ရရမည်ဖြစ်သော်လည်းအရေးအခင်း သုံးခု ဆက်တိုက်ကြုံသဖြင့် ၁၉၇၇ ခုနှစ်၊ မတ်လ ရောက်မှသာ ဘွဲ့ရပါတော့သည်။

မဟာသိပ္ပံနောက်ဆုံးနှစ်၊ အပိုင်း(က) သင်တန်းသို့တက်ရောက်ချိန်တွင် ကျွန်တော်တို့ စစ်ကိုင်းဆောင်သို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။ ထိုကာလက အလုပ်အကိုင် အခွင့်အလမ်း အလွန်ရှားပါးသဖြင့် တတိယနှစ်တက်ချိန်မှစ၍ ကမာရွတ်မြို့နယ်၊ အလုပ်သမားမှတ်ပုံတင်ရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားခဲ့ပါသည်။ ဘွဲ့ တစ်ခုရပြီးဖြစ်၍ နေ့စဉ်သတင်းစာများတွင် အလုပ်အကိုင်ခေါ်စာများ ကြည့်ရှုပြီး အလုပ်လျှောက်ရန် တာစူကြပါတော့သည်။

**လုပ်ငန်းခွင်သို့ အသီးသီးဝင်ရောက်ကြခြင်း**

ပထမဦးဆုံးခေါ်သော အလုပ်မှာ ဘွဲ့ရဗိုလ်လောင်းများခေါ်ယူခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ သိပ္ပံချွန်သူငယ်ချင်း ၆ ယောက် ဝင်ရောက်ဖြေဆိုကြရာ ၆ ယောက်လုံး အောင်မြင်ကြပါသည်။ လူ ၅၀၀ ကျော် ဝင်ရောက်ဖြေဆိုပြီး ၈၃ ယောက် အောင်မြင်သည်ဟု သိရှိရပါသည်။ မှော်ဘီဗိုလ်သင်တန်းကျောင်းသို့ သတင်းပို့ရမည့်ရက်မှာ ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ဖြစ်ပြီး ပါဝင်ရမည့် စာရွက်စာတမ်းများတွင် ပုံစံ-၁၀ ပါရှိသဖြင့် မိဘရပ်ထံပြန်၍ ပုံစံ-၁၀ ပြန်ထုတ်ကြရပါသည်။ ကိုကျော်တင်နှင့် ကိုအောင်သူတို့မှာ မိဘများက ပုံစံ-၁၀ ထုတ်မပေးဘဲ အချိန်မီမရောက်အောင် ခေါ်ထားလိုက်ကြပါသည်။ ကျန်သူငယ်ချင်း ၄ ဦးမှာ စစ်ကိုင်းဆောင်မှပင် ကျောင်းထွက်ခွင့်တင်ပြီး ဗိုလ်သင်တန်းကျောင်းသို့ သတင်းပို့ခဲ့ကြပါတော့သည်။ ဒီဇင်ဘာလအတွင်း ကျန်းမာရေးဆေးစစ်ခြင်းနှင့် သင်တန်းမဝင်မီ ပြင်ဆင်ဖွယ်များ ဆောင်ရွက်ရပြီး ဇန်နဝါရီလဆန်းတွင် သင်တန်း စတင်ဖွင့်လှစ်ပါသည်။ တက္ကသိုလ်က ကျောင်းထွက်ခွင့်ကို ခွင့်ပြုပြီး 'ကျတစ်ကျ' အဖြစ်သတ်မှတ်၍ မဟာသိပ္ပံဘွဲ့အတွက် ခွင့်ပြုကာလ ၅ နှစ်တွင် အကျုံးဝင်ကြောင်း ပြန်ကြားခဲ့ပါသည်။ ဒုတိယ ခေါ်ယူသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ စာရေးဝန်ထမ်းအဖြစ် ကိုခင်မောင်ကြွေနှင့် ကိုကျော်ဆွေတင့်တို့ နှစ်ဦး ဝင်ရောက်သွားခဲ့ကြောင်း သိရပါသည်။

**၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်ကုန်အထိ ကာလ**

၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အကုန်အထိ ရန်ကုန်တက္ကသိုလ်တွင် နေခဲ့ရသော ကာလများမှာ ဘဝ၏အကောင်းဆုံး၊ အပျော်ရွှင်ရဆုံးကာလများပင်ဖြစ်ပါသည်။ ဝါသနာပါရာကို မိမိစိတ်တိုင်းကျ ဆောင်ရွက်နိုင်ခွင့် အပြည့်အဝ ရရှိခဲ့ကြပါသည်။ ကျွန်တော်တို့ သူငယ်ချင်း မုံရွာသား ကိုမြင့်သိန်းမှာ အီလက်ထရောနစ် ဝါသနာပါပါသည်။ သိပ္ပံပစ္စည်းစက်ရုံမှ ငွေ ၅၀ ကျပ်တန် ရေဒီယိုစက်ပစ္စည်းများ ဝယ်ယူ၍ ရေဒီယိုတစ်လုံးကို အခန်းတွင် ကိုယ်တိုင်ဆင်ယူပြီး မြန်မာ့အသံကို အချိန်ပြည့် ဖမ်းထားပါသည်။ ထိုစဉ်က ရုပ်မြင်သံကြား မပေါ်သေးပါ။ မြန်မာ့အသံသည် ပြည်သူတို့ အားလုံး၏ အသည်းစွဲဖြစ်ပါသည်။ မြန်မာ့အသံမှလာသော ရေဒီယိုသီချင်းများသည် လူအများစု နှုတ်ဖျားတွင် စွဲနေပါသည်။ လူတိုင်းလိုလို အနည်းဆုံးတော့ ရေချိုးခန်းမင်းသားအဖြစ် သီချင်းဟစ်ကြပါသည်။ မည်သူကိုမျှ အားနာစရာမလိုပါ။

ပထမနှစ်သင်တန်းများကို မန္တလေးဆောင်တွင် သင်ကြားကြရပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဘူမိဗေဒတို့ကို သင်ကြားရပါသည်။ ဆယ်တန်းအောင်စဉ်က ဇီဝဗေဒယူခဲ့သော်လည်း တက္ကသိုလ်တွင် ဇီဝဗေဒယူပါက သတ္တဗေဒဌာနနှင့် ရုက္ခဗေဒဌာနနှစ်ခုခွဲ၍ သင်ယူရမည်ဖြစ်သဖြင့် အများစုမှာ တစ်ဘာသာတည်းဖြစ်သော ဘူမိဗေဒကို ယူကြပါသည်။ ဒုတိယနှစ်မှစ၍ ပင်မဆောင်ရှိ သင်္ချာဌာန စာသင်ခန်းများတွင် ပညာသင်ကြားရပါသည်။ ဒုတိယနှစ်တွင် အင်္ဂလိပ်စာ၊ သင်္ချာဘာသာခွဲ ၄ ခုနှင့် သင်္ချာယုတ္တိဗေဒ(သို့မဟုတ်) ဓာတုဗေဒတို့ကို မိုင်နာအဖြစ် သင်ယူကြရရာ ကျွန်တော်က

*စာမျက်နှာ ၇ သို့*



**စာရေးသူ၏ အတ္ထုပ္ပတ္တိ အကျဉ်း**

- အမည်ရင်းမှာ စိန်ဝင်း ဖြစ်သည်။
- မွေးသက္ကရာဇ်မှာ ၂၄-၇-၁၉၅၆ ဖြစ်သည်။
- ပြင်ဦးလွင်မြို့ ဇာတိဖြစ်သည်။
- ရန်ကုန်တက္ကသိုလ်သို့ ၁၉၇၂ ခုနှစ်တွင် တက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် သိပ္ပံဘွဲ့(သင်္ချာ) ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် တွက်ချက်ရေးဒီပလိုမာနှင့် ၂၀၀၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေး) ရရှိခဲ့သည်။
- ၁၉၇၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ရှိဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။



ရန်ကုန်တက္ကသိုလ်ရှိ စစ်ကိုင်းဆောင်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်တက္ကသိုလ်ရှိ မန္တလေးဆောင်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

ခေတုဗေဒမိုင်နာ ယူခဲ့ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ် ၂ တန်းလုံးတွင် သင်္ချာဘာသာခွဲ ၆ ခုစီ သင်ကြားရပါသည်။

ညနေ စာသင်ချိန်များအပြီး အားကစားပွဲများလည်း အမြောက်အမြားရှိရာ ကြိုက်နှစ်သက်ရာအားကစားကို ကိုယ်တိုင်ပါဝင် ဆင်နွှဲနိုင်သလို သွားရောက်အားပေးနိုင်ခြင်းလည်း ရှိပါသည်။ ဘောလုံးပွဲများကို ပုဂံလမ်းရှိ ဘောလုံးကွင်းတွင် လည်းကောင်း၊ ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲများကို အပန်းဖြေရိပ်သာ(RC)တွင် လည်းကောင်း သွားရောက်အားပေးကြပါသည်။ ဘာသာရပ်အသင်းများအပြင် အဆောင်လိုက်အသင်းများခွဲ၍ အကြိတ်အနယ်ယှဉ်ပြိုင်ကြပါသည်။ ယင်းအားကစားပွဲများကို အပန်းဖြေရိပ်သာအပြည့် အော်ဟစ်အားပေးလေ့ရှိကြပါသည်။ အင်းလျားကန်တွင် လှေလှော်ရွက်တိုက်အသင်းရှိပြီး ယင်းအသင်းဝင်ရောက်၍ လှေလှော်/ ရွက်တိုက်ကြသော ကျောင်းသူ/ ကျောင်းသားများလည်း အများအပြားရှိပါသည်။

ကျွန်တော့်အနေဖြင့် စာကြမ်းပိုးလုပ်ပြီး တက္ကသိုလ်များစာကြည့်တိုက်မှ စာအုပ်ပေါင်းများစွာ(ဝတ္ထုများများ) ဖတ်ရှုခဲ့ပါသည်။ ယခုအချိန်အထိ ကန်တော့ခံအဖြစ် ကန်တော့ခံရတိုင်း မကြာခဏပြန်လည် ကိုးကားပြောပြဖြစ်သော လီယိုတော်စတွိုင်း၏ "အဖိုးအိုနှစ်ယောက်" (ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများမှ "ဘုရားဖူးသွားခြင်း") သည် မှတ်မိနေသော စာတစ်ပုဒ်ဖြစ်သည်။

ကျွန်တော် တက္ကသိုလ် စတက်ခါစက ကျောင်းထဲတွင် စစ်သားများ ကျောင်းတက်နေသည်ကို တွေ့ရသဖြင့် အနည်းငယ် အံ့သြမိပါသည်။ နောက်ပိုင်းကျမှသာ တက္ကသိုလ်အရန်တပ်ရင်း (UTC) တပ်ဖွဲ့ဝင်များဖြစ်ပြီး ညနေပိုင်းတွင် စစ်ပညာသင်တန်း လေ့ကျင့်နိုင်ရန် မနက်ကျောင်းလာစဉ်ကပင် ယူနီဖောင်း ဝတ်လာကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်တော်တို့ သူငယ်ချင်းကိုဇော်ဝင်းနိုင်မှာ ယူတီစီဝင်ထားသဖြင့် သင်တန်းရှိသောရက်တွင် တက္ကသိုလ်ရိပ်သာလမ်း တောင်ဘက်ရှိ ယူတီစီဝင်းအတွင်းသွား၍ စစ်ပညာသင်ကြားမှု ပြုလုပ်ပါသည်။ ၎င်းနှင့်အတူ ယူတီစီတက်သော သူငယ်ချင်းများကိုလည်း ကျွန်တော်တို့ သိကျွမ်းရာမှ တက္ကသိုလ်အပေါင်းအသင်း ပိုမိုကျယ်ပြန့်လာပါသည်။ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်း တက်ချိန်တွင် ယူတီစီမှ အချို့ပါဝင်လာပြီး အချို့မှာ တက်ရောက်လိုသော်လည်း အရေးအခင်းများကြောင့် ကျောင်းပိတ်ရက်ရှည်သွားပြီး ဘွဲ့ရနောက်ကျသဖြင့် အသက်ကန့်သတ်ချက် မမီတော့ကြောင်း သိရှိရပါသည်။

## ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသားဖြစ်လာခြင်း

ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသားပြန်ဖြစ်ခြင်းမှာ တွက်ချက်ရေး ဒီပလိုမာ သင်တန်းတက်ရောက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် ဗိုလ်သင်တန်းဆင်းပြီး ခြေလျင်တပ်ရင်း ၂ ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ရာ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ရပါသည်။ ၁၉၈၆ ခုနှစ်တွင် ကျွန်တော်တို့ ရှယ်တူ၊ တန်းတူ အရာရှိများအား ဦးစီးအရာရှိငယ်များအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးရာတွင် ကျွန်တော့်၌ ဦးစီးအရာရှိအဖြစ် တာဝန်ပေးအပ်နိုင်ရန် သင်တန်းတစ်စုံတစ်ရာမျှ တက်ရောက်ခဲ့ဖူးခြင်း မရှိသဖြင့် ပညာရေးတပ်ဖွဲ့ (အရန်အင်အားစု) သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုတပ်ဖွဲ့မှာ ကမ္ဘာစစ်ကြီးအပြီး မြန်မာ့တပ်မတော် ပြန်လည်ဖွဲ့စည်းချိန်၌ တပ်မတော်သားအများစုမှာ စစ်ကာလကြောင့် ပညာရေးအားနည်းခဲ့သဖြင့် "အ" သုံးလုံးကျေမှစ၍ အတန်းပညာများကို သင်ကြားပေးရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်ရောက်ရှိချိန်တွင် တပ်မတော်သားများ၏ ပညာရည် အထိုက်အလျောက် မြင့်မားလာပြီဖြစ်သည့်အလျောက် တပ်ဖွဲ့၏လုပ်ငန်းများမှာ အတော်နည်းပါးသွားပြီဖြစ်ရာ စစ်ရုံးရှိ ပညာရေးဌာနစုသို့ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုဌာနစုတွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော်၏ရှေ့မှ တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း) မှာ ဘီအီးဒီဘွဲ့ ရယူခဲ့ပါသည်။ ထိုအစဉ်အလာအရ ကျွန်တော်လည်း ဘီအီးဒီဘွဲ့သင်တန်း တက်ခွင့်ပြုရန် တင်ပြရာ ဦးစီးအရာရှိ (ပထမတန်း)က သဘောမတူခဲ့ပါ။

ထိုအချိန်တွင် တွက်ချက်ရေး ဒီပလိုမာ (DAC) သင်တန်းကို တက္ကသိုလ်များ ကွန်ပျူတာဌာနက လျှောက်လွှာခေါ်ယူခဲ့ပါသည်။ ဦးစီးအရာရှိ (ပထမတန်း) ထံ နှစ်ကြိမ်၊ သုံးကြိမ်တင်ပြပြီး ခွင့်ပြုချက်ရယူ၍ ဖြေဆိုခွင့်လျှောက်လွှာ တင်ခဲ့ရပါသည်။ ဌာနဆိုင်ရာဝန်ထမ်းများကို ခေါ်ယူသော အချိန်ပိုင်းသင်တန်းဖြစ်သဖြင့် ဌာန၏ခွင့်ပြုချက် လိုအပ်ပါသည်။ ဝင်ခွင့်စာမေးပွဲကို တက္ကသိုလ်များ ကွန်ပျူတာဌာနတွင် သွားရောက်ဖြေဆိုရပါသည်။ ကြားသိရသည်မှာ လျှောက်လွှာတင်သွင်းသူ ၁၀၀၀ ခန့်၊ ဖြေဆိုသူ ၉၀၀ ကျော်၊ ရေးဖြေအောင်မြင်သူ ၈၀ ခန့်ရှိကြောင်း သိရပြီး လူတွေ့၊ နှုတ်ဖြေ စာမေးပွဲဖြေဆိုပြီးနောက် သင်တန်းတက်ရောက်ရန် ၅၃ ဦး ရွေးချယ်ခံခဲ့ရပါသည်။ တပ်မတော်မှ ၃ ဦး တက်ရောက်ခွင့်ရခဲ့ရာ စစ်ရုံးမှ ဗိုလ်ကြီးကံထွန်း(ဗိုလ်မှူး-ငြိမ်း)၊ ကျွန်တော်နှင့် တပ်မတော်မှတ်တမ်းရုံးမှ ဗိုလ်ကြီး အောင်မြင့်တို့ ဖြစ်သည်။

သင်တန်းချိန်မှာ နံနက် ၇ နာရီမှ ၉ နာရီဖြစ်ပြီး လက်တွေ့လေ့ကျင့်ချိန်အဖြစ် ညနေ ၄ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ်များ ကွန်ပျူတာဌာနမှာ ရန်ကုန်တက္ကသိုလ်၏ ဌာနတစ်ခုဖြစ်သဖြင့် ကျောင်းလခ၊ စာမေးပွဲကြေးစသည့် ကိစ္စရပ်များကို ရန်ကုန်တက္ကသိုလ်၊ ငွေစာရင်းဌာနတွင် သွားရောက် ဆောင်ရွက်ခဲ့ရပါသည်။ သို့ဖြစ်၍ ရန်ကုန်တက္ကသိုလ်သို့ ဒုတိယအကြိမ် တက်ရောက်ခဲ့ရသည်ဟုဆိုခြင်း ဖြစ်ပါသည်။ ကျွန်တော်ရရှိသော သိပ္ပံဘွဲ့ (သင်္ချာ)နှင့် တွက်ချက်ရေးဒီပလိုမာ နှစ်ခုလုံးမှာ လက်ရှိ ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ခြင်းဖြစ်ပါသည်။

## ဒုတိယအကြိမ် အရေးအခင်းအတွေ့အကြုံ

ကျွန်တော်တို့ DAC အတန်းထဲမှ ထင်ရှားသူမှာ ဦးခွန်ဦး(မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ)ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ ကြည်စိုးမှာလည်း အတန်းဖော်တစ်ဦးဖြစ်ပါသည်။ အများသိကြမည့် အတန်းဖော်တစ်ဦးမှာ ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင် (အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သမီး) ဖြစ်ပါသည်။ ထိုစဉ်က ဆရာမကြီးမှာ ရန်ကုန်စက်မှုတက္ကသိုလ် သင်္ချာဌာနတွင် တာဝန်ထမ်းဆောင်ဆဲ ဖြစ်ပါသည်။

ထိုသင်တန်း တက်ရောက်နေသည့် ကာလအတွင်းမှာပင် ၈၈ အရေးအခင်းကြီး ပေါ်ပေါက်လာပါသည်။ ကျွန်တော်တို့ ကျောင်းသားအားလုံးမှာ ဝန်ထမ်းများဖြစ်ကြသည့်အလျောက် ကိုယ့်တာဝန်ကိုယ်ထမ်းရင်း အရေးအခင်းကို ကျော်ဖြတ်ကြရပါတော့သည်။

ကျွန်တော် ရန်ကုန်တက္ကသိုလ်၏ ကျောင်းသား ၂ ကြိမ်ဖြစ်ခဲ့ရာ ၂ ကြိမ်လုံးပင် အရေးအခင်းများနှင့် ကြုံခဲ့ရပါသည်။ ဘွဲ့မရမီ အရေးအခင်းများကို ရှောင်ခဲ့စဉ်က အရေးအခင်းပါ ကျောင်းသားများ၏ ဆဲဆိုမှုများ ခံခဲ့ရပြီး၊ ဒုတိယအကြိမ် အရာရှိငယ်ဘဝ ၈၈ အရေးအခင်းတွင် မိမိတို့တာဝန်ထမ်းဆောင်နေသည့် စစ်ရုံးအား လာရောက်ဆဲဆိုကြသည်ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ နိုင်ငံ့တာဝန်ကို ကျရာနေရာမှ ထမ်းရွက်ရင်း ကျော်ဖြတ်ခဲ့ပါသည်။

## သိပ္ပံချွန် မျိုးဆက်မိသားစု

ကျွန်တော်၏ မိသားစု ၅ ယောက်တွင် ကျွန်တော်က "သင်္ချာ"၊ ဇနီးသည်က "ဓာတုဗေဒ"၊ သမီးလတ်က "ဓာတုဗေဒ" ဘာသာရပ်တို့ဖြင့် သိပ္ပံဘွဲ့များကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ကြပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရသူ ၃ ဦးရှိပါပြီ။ သမီးလတ် အခြေခံပညာအထက်တန်းအောင်သော ကာလတွင် ထူးချွန်ကျောင်းသားအစီအစဉ် စတင်ပေါ်ပေါက်လာရာ သမီးလတ်ကို သူငယ်ချင်းဒေါက်တာအောင်သူ ရှိရာ ရန်ကုန်တက္ကသိုလ်သို့ ဓာတုဗေဒထူးချွန် တက်ရောက်စေခဲ့ပါသည်။ မိမိတို့ သိပ္ပံချွန်မျိုးဆက် အမွေပေးလိုရင်း ဖြစ်သည်။

စာရေးဆရာမကြီး မမြတ်လေး (ဒေါ်သိန်းဆိုင်) သည် အသက် ၉၀ တွင် မြေးဖြစ်သူများနှင့်အတူ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ယူခဲ့ကြောင်း ဖတ်ရှုမှတ်သားရပါသည်။ ကျွန်တော်လည်း မပြီးဆုံးခဲ့သော မဟာသိပ္ပံဘွဲ့(သင်္ချာ) ကို ဆက်လုပ်လျှင်ကောင်းလေမည်လားဟု စဉ်းစားခဲ့မိပါသည်။

ကျွန်တော် နောက်ဘဝ မြန်မာနိုင်ငံတွင် လူပြန်ဖြစ်ခွင့်ရပါက ရန်ကုန်တက္ကသိုလ်သို့ ပြန်တက်ချင်ပါသေးသည်။ ယခုဘဝတွင် မပြီးဆုံးခဲ့သော မဟာဘွဲ့ရအောင် ကြိုးစားလိုပါသေးသည်။ မလေ့လာဖြစ်ခဲ့သော ဘာသာရပ်များ (ဥပမာ- သမိုင်း/ရှေးဟောင်းသုတေသန/... စသည်)တို့ကိုလည်း မ 'အ' အောင် လေ့လာလိုပါသေးသည်။ မဖြစ်ခဲ့သော တက္ကသိုလ်ဆရာတစ်ဦး ဘဝကိုလည်း ခံယူလိုပါသေးသည်။

ကျွန်တော်တို့ ဘဝများစွာအတွက် အရေးပါလှသော အမိရန်ကုန်တက္ကသိုလ်ကြီးကို အမှတ်ရ တမ်းတလျက် မိမိတို့ ကျောင်းသားဘဝမှတ်မိသမျှ ရေးသားဖော်ပြရင်း ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲကို ဂုဏ်ပြုလိုက်ပါသည်။ ။



ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မီးရောင်စုံထွန်းညှိထားသည့် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။
ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

**"ညနေ စာသင်ချိန်များအပြီး အားကစားပွဲများလည်း အမြောက်အမြားရှိရာ ကြိုက်နှစ်သက်ရာအားကစားကို ကိုယ်တိုင်ပါဝင် ဆင်နွှဲနိုင်သလို သွားရောက်အားပေးနိုင်ခြင်းလည်း ရှိပါသည်။ ဘောလုံးပွဲများကို ပုဂံလမ်းရှိ ဘောလုံးကွင်းတွင် လည်းကောင်း၊ ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲများကို အပန်းဖြေရိပ်သာ(RC)တွင် လည်းကောင်း သွားရောက်အားပေးကြပါသည်။ ဘာသာရပ်အသင်းများအပြင်၊ အဆောင်လိုက်အသင်းများခွဲ၍ အကြိတ်အနယ်ယှဉ်ပြိုင်ကြပါသည်။ ယင်းအားကစားပွဲများကို အပန်းဖြေရိပ်သာအပြည့် အော်ဟစ်အားပေးလေ့ရှိကြပါသည်။ အင်းလျားကန်တွင် လှေလှော်ရွက်တိုက်အသင်းရှိပြီး ယင်းအသင်းဝင်ရောက်၍ လှေလှော်/ ရွက်တိုက်ကြသော ကျောင်းသူ/ ကျောင်းသားများလည်း အများအပြားရှိပါသည်"**




ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မီးရောင်စုံထွန်းညှိထားသည့် ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းအဝင်ကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား Virtual Event ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့် သဘင်အခမ်းအနား Virtual Event ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့် သဘင်အခမ်းအနား Virtual Event ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဌာန မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့် သဘင်အခမ်းအနားကို Virtual စနစ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့် သဘင်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပညာရေး ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိသည့် အစီအစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သရွေ့ ဝိုင်းဝန်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပါဝင်ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ရာပြည့် သဘင်အခမ်းအနားအပြင် ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေသည့် အခြားအစီအစဉ်များ ရှိပါကြောင်း၊ ရန်ကုန် တက္ကသိုလ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံအစီအစဉ်များလည်းရှိပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေလျက်ရှိသည့် သတင်းစာများတွင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါးများ၊ အင်တာဗျူးများကိုလည်း ဖော်ပြပေးလျက် ရှိပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ပြပွဲ၊ ပြိုင်ပွဲအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်နှင့်ပတ်သက်၍ ဗဟိုကော်မတီနှင့် ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်များကိုလည်း အများပြည်သူ သိရှိနိုင်ရေးအတွက် ပြန်ကြားရေး ဝန်ကြီးဌာန၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာများနှင့် လူမှုမီဒီယာများမှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်တေးသီချင်းများ၊ ဂုဏ်ပြုအစီအစဉ်များ၊ TV Spot များ၊ Theme Song များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးလျက် ရှိပါကြောင်း။

တက္ကသိုလ်ဖွဲ့ တေးသီချင်းအပုဒ် ၁၀၀ ကိုလည်း အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်အငြိမ့်များကိုလည်း ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် လုပ်ငန်းကော်မတီများ၏ အစီအစဉ်များကိုလည်း ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

### အသိပေးဖော်ပြ သွားမည်

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အခမ်းအနားကို လူစုလူဝေးဖြင့် ပွဲကြီးလမ်းကြီး အဖြစ် မကျင်းပနိုင်တော့သော်လည်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် Virtual Celebration အဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပမည့်အကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် အသိပေးဖော်ပြသွားမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့တွင် Bill Board များဖြင့် ကြော်ငြာနိုင်ရေးကိုလည်း ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်ချက်များနှင့် အညီ New Normal ပုံစံဖြင့် ဆောင်ရွက်ကြရပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ဗဟိုကော်မတီမှ တာဝန်ပေးသည့် ရာပြည့်တက္ကသိုလ် မြကျွန်းညီခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့သည့်အပြင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ကာတွန်း၊ ပန်းချီ ပြိုင်ပွဲများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ကျန်သည့်ပြိုင်ပွဲတွင် ဆုရရှိသူများကို ပညာရေးဝန်ကြီးဌာနက ဆုချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်အချိန်နှင့် ကြုံကြိုက်သည်မှာ ကံကောင်းခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် တချို့အစီအစဉ်များကို လျှော့ခဲ့ရသော်လည်း ရာပြည့် အခမ်းအနားကို ရာပြည့် ပြည့်မြောက်သည့်အချိန်ကာလတွင် ရာပြည့်ပွဲ ပီပီသသဖြစ်မြောက်စေရန် တတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်းနေကြခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ယခုဆောင်ရွက်နေသည့် အစီအစဉ်များအပြင် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ ရှိနေပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ နှလုံးသည်းပွတ်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေရသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် Virtual Celebration ကျင်းပရန် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

### အစီအစဉ် ၁၀၀ ဝန်းကျင်ရှိ

ရန်ကုန်တက္ကသိုလ် ရာပြည့် အခမ်းအနားနှင့် ပတ်သက်၍ ဆောင်ရွက်ရန် အစီအစဉ် ၁၀၀ ဝန်းကျင်ရှိပါကြောင်း၊ အဆိုပါအစီအစဉ်များမှ အများစုကို ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးပေးမှုဖြင့် စီစဉ် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့် သဘင် အခမ်းအနား စနစ်တကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၇ ခု ဖွဲ့စည်းပြီး အစီအစဉ် ၇၀ နီးပါးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် မတ်လနောက်ပိုင်းမှ စတင်၍ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများမှလွဲ၍ ကျန်သည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၊ ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများက အားကစားပြိုင်ပွဲများနှင့် အချို့ပြပွဲ၊ ပြိုင်ပွဲများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ဂုဏ်ပြုချီးမြှင့်

ပြိုင်ပွဲဝင်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည့် အဆိုပြုအခမ်းအနား အစီအစဉ်၇ ခု တွင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် သုတေသနစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး ဦးစီးပြီးဆောင်ရွက်ခဲ့သည့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမှု ဗီဒီယိုနှင့် ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်ကို ထည့်သွင်းသွားမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၄ မှ*

- ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာများ၊ လက်ကိုင်အသံချဲ့စက်များနှင့် Rapid Antigen Diagnosis Test Kit များ ထပ်မံလိုအပ်မှု၊
- လူများ နေအိမ်အပြင်သို့ သွားလာမှုများသည့်အချိန်၊ လူအများ သွားလာလေ့ရှိသည့်နေရာများကို ဆန်းစစ်ကာ လူထုလှုပ်ရှားမှု စီမံချက်အား ဆောင်ရွက်သွားမည့် အစီအစဉ်၊ ရှေ့လုပ်ငန်းစဉ်များနှင့်
- အသိပညာပေးခြင်း၊ mask နှင့် face shield များ ပေးအပ်ခြင်းသာမက ရေရှည်တွင် ကိုင်တိုင်အသိရှိစွာဖြင့် လိုက်နာကျင့်သုံး ဆောင်ရွက်ရန်အတွက် စည်းကမ်းမလိုက်နာသူများအား အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အကြံပြုမှုတို့ကို အသီးသီးဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပါသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က –

- တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာအကာများ၊ လက်ကိုင်အသံချဲ့စက်များနှင့် Rapid Antigen Diagnosis Test Kit များကို ထပ်မံဖြန့်ဝေပေးအပ်သွားမည့်အပြင် ထပ်မံ၍လည်း ဝယ်ယူသွားမည်ဖြစ်ပါကြောင်း၊
- Rapid Antigen Diagnosis Test Kit များဖြင့် စစ်ဆေးအသုံးပြုမှုအခြေအနေနှင့် တွေ့ရှိမှုအခြေအနေများကို ဗဟိုသို့ ပုံမှန်ပေးပို့စေလိုပါကြောင်း ပြောကြားခဲ့ပြီး

အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက –

- ယခု လူထုလှုပ်ရှားမှုစီမံချက်သည် နိုင်ငံအတွက်အရေးကြီးသည့် လုပ်ငန်းဖြစ်သဖြင့် အားလုံးမှ လက်တွဲညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်ကြရန်နှင့် သတင်းအချက်အလက်များကို သက်ဆိုင်ရာ လူမှုရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ထံသို့ မျှဝေပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင်–

- ယခုကဲ့သို့ ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများ၊ ပံ့ပိုးဆောင်ရွက်နေသည့် အစိုးရအဖွဲ့များ၊ နှီးနွှယ်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊
- ရခိုင်ပြည်နယ်တွင် ဆောင်ရွက်နေသကဲ့သို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဦးစီးဦးဆောင်ပြုလုပ်ကာ ဆောင်ရွက်ခြင်းသည် ကောင်းမွန်ပါကြောင်း၊
- မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီး တစ်ဦးချင်းက ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်နေခြင်းမှာ ကောင်းမွန်ပါကြောင်း၊
- ရန်ကုန်တိုင်းဒေသကြီးတွင် လွှတ်တော်ကိုယ်စားများ၏ ပံ့ပိုးပါဝင်မှုဖြင့် မြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်မည်မှာ ကောင်းမွန်ပါကြောင်း၊
- ယခု လူထုလှုပ်ရှားမှုစီမံချက်ကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် တစ်ပြိုင်နက်တည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဝင်ထွက်ပေါက်နေရာများ၊ အဝေးပြေးလမ်းမကြီးနှင့် ထိစပ်နေသည့် နေရာများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို ဆက်လက် အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- အဓိက အရေးကြီးသည်မှာ COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းမှ ဆောင်ရွက်၍မရဘဲ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်ပံ့ပိုးမှု၊ နှီးနွှယ်ဌာနဆိုင်ရာများ၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူများကိုယ်တိုင် အသိရှိစွာဖြင့် COVID-19 ကာကွယ်ရေးစည်းကမ်းများကို လိုက်နာဆောင်ရွက်မှုရှိမှသာ အောင်မြင်မှုရှိမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

*စာမျက်နှာ ၈ မှ*

ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကို MRTV Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်ရန် MRTV ဘက်မှ စီစဉ်ထားရှိသကဲ့သို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းများ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ် Facebook Page မှလည်း ထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်စေလိုပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် အခမ်းအနား Virtual Celebration ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးသည့် တာဝန်ရှိသူအားလုံးကို ပညာရေးဝန်ကြီးဌာနမှ ကျေးဇူးတင်ပါကြောင်း၊ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင် ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ကိုယ်တိုင်ဦးစီးပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ဘေးကြီး ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေပြီး ရန်ကုန်တိုင်းဒေသကြီးသည်လည်း ဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီးတစ်ခု ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အခမ်းအနားကို Virtual ဖြင့် အွန်လိုင်းမှ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသူ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနား Virtual Event ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးစဉ်။ သတင်းစဉ်

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင် အခမ်းအနားကျင်းပနိုင်ရေး ဆောင်ရွက်ထားမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လူမှုရေးဝန်ကြီးဦးနိုင်ငံလင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ပါမောက္ခချုပ်များ ကော်မတီ ဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁)ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တက်ရောက်ကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDPs) များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် နည်းပညာဆိုင်ရာညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

**ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDPs)များ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရာတွင် UN Agency များ၏ ကဏ္ဍအလိုက် ညှိနှိုင်းမှုသေချာစေရေးအတွက် နည်းပညာဆိုင်ရာညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူ (IDPs)များအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာအရ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘေးကင်းလုံခြုံရန်၊ ဂုဏ်သိက္ခာရှိရန်နှင့် မှီခိုမှုကင်းသော ဘဝများရရှိရန် တို့အတွက် ရည်ရွယ်ကြောင်း၊ ပြန်လည်နေရာချထားမည့် လုပ်ငန်းစဉ်များကို မဟာဗျူဟာတွင် စနစ်တကျထည့်သွင်း ရေးသားထားပြီးဖြစ်ကြောင်း၊ ပြည်နယ်လုပ်ငန်းကော်မတီက လုပ်ငန်းကဏ္ဍအလိုက် ဆပ်ကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် အစိုးရဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုအဖွဲ့ အစည်းများ၊ ပြည်သူများသာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကချင်ပြည်နယ်အတွင်းရှိပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ဖော်ဆောင်ရေး၊ လူမှုပေါင်းစည်းရေး၊ အခြေခံအဆောက်အဦဆိုင်ရာ စီမံခန့်ခွဲရေး၊ သတင်းနှင့်ပြန်ကြားရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာသွားလာခွင့် မြှင့်တင်ပေးရေး၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် အထောက်အကူပြုရေးစသည့် ကဏ္ဍအသီးသီးတွင် မဟာဗျူဟာပါ ဖြေရှင်းဆောင်ရွက်မှု နည်းလမ်းများကို တည်ဆဲဥပဒေများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ အစည်းအဝေးများတွင် လက်မှတ်ရေထိုးခဲ့သော ပြည်ထောင်စုသဘောတူစာချုပ်၊ လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက်တို့နှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းစဉ်တွင် တိုင်းရင်းသားများအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးရာ မူဝါဒတွင်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံသွားမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ် နေရပ်ပြန်လုပ်ငန်းများတွင် UN Core Group ဝင်များဖြစ်ကြသော ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး (UNRCO)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)၊ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(IOM)၊ ကုလသမဂ္ဂမြို့ပြအခြေချနေထိုင်မှုအစီအစဉ် (UN Habitat)၊ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ (UN Women)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)တို့က ကဏ္ဍအလိုက် နည်းပညာနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ပေးသွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရက ဦးဆောင်သည့် နည်းပညာဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာက အသိအမှတ်ပြုထားပြီး အစိုးရက အတည်ပြုထုတ်ပြန်ထားသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာပါ အချက်များနှင့် ကိုက်ညီအောင်လည်း ရေးဆွဲရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြသည်။ ထိုနည်းပညာဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်သည် အစိုးရကို နည်းပညာပေါင်းစပ်ညှိနှိုင်းရေးအတွက် ထိရောက်စွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နှမ်းစပါးနှင့်ဆောင်းသီးနှံ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၀- ၂၀၂၁ ခုနှစ် နှမ်းစပါးနှင့် ဆောင်းသီးနှံ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့များ တက်ရောက်ဆွေးနွေးကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ ဆည်ရေဝင်ရောင်မှုနည်းပါးခြင်းအပေါ် နှမ်းစပါးစိုက်ပျိုးနိုင်မှုအခြေအနေ၊ ဆောင်းသီးနှံများ အစားထိုး စိုက်ပျိုးဆောင်ရွက်မည့်အခြေအနေနှင့် အခြားလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခြေအနေအား ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ၏ ဝင်ငွေတိုးတက်လာကာ ၎င်းတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာ အချင်းချင်းပူးပေါင်းပြီး လုပ်ငန်းအောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ရွေးကောက်ပွဲနှင့် ပြန်/ဆက်

❒ အေးမြင့်အောင်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ပြီးစီးခဲ့ပါပြီ။ ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများက COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေသည့်ကြားမှ ရွေးကောက်ပွဲကြီးကို ဘေးကင်းလုံခြုံငြိမ်းချမ်းစွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူသည့် သဝဏ်လွှာများ ပေးပို့နေကြသည်ကို တွေ့မြင်ရသည့်အတွက် နိုင်ငံသားတစ်ဦး အနေဖြင့် ကျေနပ်သည်။ အားရဝမ်းသာဖြစ်မိပါသည်။

စင်စစ် ယခုကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တတိယအကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲဖြစ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် အဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲကြီးအဖြစ် ပြည်သူအများက စိတ်ဝင်တစားရှိခဲ့ကြသည်။

ရွေးကောက်ပွဲကြီးအောင်မြင်စွာပြီးစီးခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က **“ကိုဗစ်-၁၉ ရောဂါကြားထဲကနေ ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်နဲ့ ဖြစ်မြောက်အောင် လုပ်ပေးကြတဲ့ ပြည်သူလူထုအားလုံးကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အခုရွေးကောက်ပွဲမှာဆိုရင် ပြည်သူတွေ လုံလုံခြုံခြုံနဲ့ ကျန်းမာရေးဘက်က လုံလုံခြုံခြုံနဲ့ မဲပေးနိုင်ဖို့အတွက် ကျွန်မတို့ အင်မတန်မှ ကြိုးစားခဲ့ပါတယ်၊ ကြိုးစားခဲ့ရကျိုးလည်းနပ်တယ်လို့လည်း ကျွန်မတို့က မြင်ပါတယ်”** ဟု ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

### မြင်စေတွေ့စေချင်သည်

ရွေးကောက်ပွဲများ ပုံမှန်ကျင်းပရေးသည် ဒီမိုကရေစီ၏ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သကဲ့သို့ ရွေးကောက်ပွဲတစ်ခု၏ အရည်အသွေးနှင့် ဖြောင့်မတ်မှန်ကန်မှုသည်လည်း မရှိမဖြစ် လိုအပ်သောအရာတစ်ခုပင်ဖြစ်သည်။

ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ဆရာကြီး မောင်စူးစမ်းက **“ရွေးကောက်ပွဲကို နိုင်ငံရေးသိပ္ပံပညာရှင်တို့က နည်းသုံးနည်းဖြင့်ကြည့်သည်။ ပထမနည်းသည် Narrative Approval သဒ္ဒါကျမ်း “စံ”ဖြစ်သည်။ သဒ္ဒါ၌ ကတ္တားနှင့်ကံရှိရသကဲ့သို့ နိုင်ငံရေး၌လည်း ရွေးကောက်ပွဲရှိရမည်။ ရွေးကောက်ပွဲမရှိသော နိုင်ငံရေးသည် သဒ္ဒါမပီသပေ”**ဟု ရေးခဲ့ဖူးသည်။





ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည့်သတင်းများ။

> **“ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၆၄၇ ဦးက သတင်း/မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးဆောင်ရွက်ပေးခဲ့ကြပြီး အရာထမ်း/အမှုထမ်း ၈၇၀ က ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် စုစုပေါင်း အရာထမ်း/အမှုထမ်း ၁၅၁၇ ဦးခန့်က ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရန် ပေးအပ်သည့်တာဝန်ကို ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့”**





ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည့်သတင်းများ။

တစ်နည်းအားဖြင့် ဒီမိုကရေစီဖြစ်ထွန်းမှု ဖြစ်စဉ်တိုင်းတွင် ရွေးကောက်ပွဲသည် ဗဟိုချက်ကျသကဲ့သို့ ဒီမိုကရေစီရှင်သန်လည်ပတ်နိုင်ရေးအတွက် အဓိကလမ်းကြောင်းလည်းဖြစ်သည်ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နားလည်ထားသည်။

ဤကဲ့သို့ နိုင်ငံအတွက် အရေးပါသည့် ရွေးကောက်ပွဲကြီးအတွက် ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ဖို့ရန် ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းတိုင်းက ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ဆိုင်းသံကြားလျှင် မနေနိုင်သည့် ဗာတ်သမားများပမာ ရွေးကောက်ပွဲကျင်းပရန် တာစူနေသည့်အချိန်ကပင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအားလုံးက သတင်းများ မည်သို့ရယူကြမည်၊ မည်သို့ပေးပို့ကြမည်၊ မည်သို့ထုတ်လွှင့်ကြမည်၊ သတင်းများ မည်သို့ဖလှယ်ကြမည်ဟူ၍ အစည်းအဝေးပေါင်းများစွာကျင်းပ၍ ညှိနှိုင်းဆွေးနွေး တိုင်ပင်ခဲ့ကြသည်။

အထူးသဖြင့် ယခင်ရွေးကောက်ပွဲများတွင် သတင်းများရယူဖော်ပြခဲ့သည့် နည်းလမ်းများကို ပြန်လည်သုံးသပ်လေ့လာ၍ ပိုမိုကောင်းမွန်ပြီး မှန်ကန်တိကျစေရန် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၀ ရွေးကောက်ပွဲကြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က တွေ့မြင်သိရှိကြပြီးဖြစ်သည်။

### ရွေးကောက်ပွဲနှင့် ပြန်/ဆက်

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တိုင်းတွင် ရွေးကောက်ပွဲများသည် အခရာကျသည်ဆိုသည်ကို ဝန်ထမ်းတိုင်းက နားလည်လက်ခံထားကြပါသည်။

ယခင် ကျင်းပခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် တာဝန်ထမ်းဆောင်ခဲ့ရသည့် အခြေအနေအပေါ် ပြန်လည်သုံးသပ်ဆင်ခြင်၍ ပိုမိုကောင်းမွန်စွာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ “စံ” (၅)ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်နှင့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် အချက်များကို ပြည်သူများသိရှိစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်။

တကယ်တမ်းပြောရလျှင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ၂၀၂၀ ရွေးကောက်ပွဲကြီးတွင် အခြားဝန်ထမ်းများနှင့်မတူဘဲ တာဝန်နှစ်ခုကို တစ်ပြိုင်နက် ထမ်းဆောင်ခဲ့ရသည်။ ပထမတာဝန်တစ်ခုမှာ

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်များတွင် ကော်မရှင်အဖွဲ့ဝင်အဖြစ် ပါဝင်ထမ်းဆောင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရသည်။

ဒုတိယတာဝန်တစ်ခုမှာ ရွေးကောက်ပွဲကြီးတွင် ပြည်သူများမဲပေးနေသည့်အခြေအနေ၊ စည်းကမ်းလိုက်နာမှုအခြေအနေ၊ မဲများရေတွက်နေမှုအခြေအနေ၊ သတ်မှတ်စည်းကမ်းများနှင့်အညီ မဲရုံများ ခင်းကျင်းဆောင်ရွက်ထားမှုအခြေအနေများကို သတ်မှတ်ချက်နှင့်အညီ မှတ်တမ်းဓာတ်ပုံရိုက်ကူး၍ မှတ်တမ်းတင်ပေးခြင်း၊ သတင်းများ ရေးသားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြရသည်။

ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၆၄၇ ဦးက သတင်း/ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးဆောင်ရွက်ပေးခဲ့ကြပြီး အရာထမ်း/အမှုထမ်း ၈၇၀ က ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် စုစုပေါင်း အရာထမ်း/အမှုထမ်း ၁၅၁၇ ဦးခန့်က ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရန် ပေးအပ်သည့်တာဝန်ကို ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

### ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှု

ရွေးကောက်ပွဲကြီးတစ်ခု ကျင်းပမည်ဆိုလျှင် မဲဆန္ဒရှင်ပြည်သူများ၏ အခန်းကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်ဟုဆိုရမည်။ ပြည်သူများ အဆင်ပြေချောမောစွာ ဆန္ဒပြုမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနတိုင်း၊ ဝန်ထမ်းတိုင်းက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်သည့်အချိန်မှစ၍ မဲရလဒ်များ ရေတွက်၊ ကြေညာပြီးသည်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းလိုလိုတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများက နည်းလမ်းပေါင်းစုံဖြင့် ပါဝင်ကူညီခဲ့ကြသည်။ ထင်သာမြင်သာရှိသည့် လုပ်ဆောင်ချက်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ တေးသီချင်းများ၊ ဇာတ်လမ်းတိုများ၊ မဲဆန္ဒရှင်ဆိုင်ရာ အသိပညာပေးစာတမ်းများကို ပြည်သူများသိရှိအောင် ထုတ်လွှင့်ဖော်ပြပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ၏ မူဝါဒများ၊ သဘောထားများ လုပ်ငန်းစဉ်များကိုလည်း ပြည်သူများသိအောင် ဆောင်ရွက်ကြရသည်။

အထက်ပါလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီပေးနိုင်ရေးအတွက် ၁၃-၃-၂၀၂၀ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ သွားရောက်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းအခြေအနေကိုကြည့်လျှင် ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်မျှစိတ်အား ထက်သန်မှုရှိနေသည်၊ တာဝန်ကို လိုလားစွာ မည်မျှထမ်းဆောင်လိုကြသည်ကို တွေ့မြင်နိုင်ကြပေမည်။

### ရွေးကောက်ပွဲအကြိုကာလနှင့် ပြန်/ဆက်

ရွေးကောက်ပွဲကြီးအတွက် သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ၊ မဲဆန္ဒရှင်ဆိုင်ရာ အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ၄၃၅ ရုံးကို Facebook Pages များဖွင့်လှစ်၍ သတင်းထုတ်ပြန်မှုလုပ်ငန်းများကို အရှိန်မြှင့်တင်ပေးခဲ့ကြသည်။

ရွေးကောက်ပွဲအကြိုကာလဖြစ်သည့် ၂၀၂၀ မေလမှ နိုဝင်ဘာ ၇ ရက်နေ့အထိ MOI Website နှင့် MOI Facebook Page တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များက ဆောင်ရွက်နေသည့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု သတင်း ၃၃၀၇ ပုဒ်၊ သတင်းဗီဒီယို ၁၁၇၀ ၊ MRTV နှင့် သတင်းစာများက ဖော်ပြသည့် သတင်းများကို ထပ်ဆင့်ဖော်ပြသည့်သတင်း ၁၁၈ ပုဒ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက် ၃၇ပုဒ်၊ စုစုပေါင်း ၄၆၃၂ ပုဒ်ကို ပြည်သူများ သိရှိစေရန် ဖော်ပြပေးခဲ့ပါသည်။

ထိုနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများက Facebook Pages ၄၃၅ ခုတွင် မိမိတို့ဒေသအလိုက် ဆောင်ရွက်သည့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများကို သတင်းရိုက်ကူးထုတ်လွှင့်မှု ၆၂၉၀ နှင့် MOI Website ၊ MRTV နှင့် သတင်းစာတို့မှ ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များကို ထပ်ဆင့်မျှဝေမှု ၂၆၇၆၂ ပုဒ်၊ စုစုပေါင်း ၃၃၀၅၂ ပုဒ်ကို ပြည်သူများသိရှိအောင် ဖော်ပြပေးခဲ့ပါသည်။ ထို့ပြင် ဒို့ကျေးရွာဂျာနယ်တွင် ရွေးကောက်ပွဲဆိုင်ရာ အသိအမြင်ဆောင်းပါး ၂၂ ပုဒ်ကို ရေးသားဖော်ပြပေးခဲ့သည်။

### ရွေးကောက်ပွဲကာလနှင့် ပြန်/ဆက်

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်တွင် MOI Website၊ MOI Facebook များ၌ နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲများ ကျင်းပနေမှုသတင်းများ၊ ပြည်သူများ ဆန္ဒမဲလာရောက်ပေးနေသည့် သတင်းများ၊ MRTV နှင့် သတင်းစာများတွင် ဖော်ပြသည့်သတင်းများကို ထပ်ဆင့်မျှဝေသည့် သတင်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာချက်များအပါအဝင် စုစုပေါင်း သတင်း ၄၁၇ ပုဒ်ကို ဖော်ပြပေးခဲ့သည်။

အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများက မိမိတို့၏ Facebook Pages များမှ တစ်ဆင့် ကိုယ်တိုင်ရေးသားရိုက်ကူးဖော်ပြသည့် သတင်းများနှင့် ထပ်ဆင့်မျှဝေဖော်ပြသည့်သတင်းများ အပါအဝင် သတင်းစုစုပေါင်း ၃၆၄၇ ပုဒ်ကို ဖော်ပြပေးခဲ့ပါသည်။

ရွေးကောက်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကြောင့် လည်းကောင်း၊ ပြည်သူများအား အချိန်မီသတင်းထုတ်ပြန်နိုင်ရေးအတွက်လည်းကောင်း မဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ လုပ်ငန်းများကို သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်အတူ မအိပ်မနေဆောင်ရွက်ခဲ့ကြပါသဖြင့် ၂၀၂၀ ရွေးကောက်ပွဲကြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမည်ကို မကြောက်မရွံ့ သတိပြုကာကွယ်ရင်း မိမိတို့၏တာဝန်ကို ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်ကူညီပေးနိုင်ခဲ့သည်ဟု မှတ်တမ်းတင်ထားရှိရမည် ဖြစ်ပါသည်။

### ရွေးကောက်ပွဲပြီးကာလနှင့် ပြန်/ဆက်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ရွေးကောက်ပွဲပြီးမြောက်ခဲ့သော်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ တာဝန်သည် မပြီးဆုံးသေးဘဲ သက်ဆိုင်ရာကော်မရှင်အဆင့်ဆင့်၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ အထူးသဖြင့် ပြည်သူများ မျှော်လင့်နေသည့် ရွေးကောက်ပွဲရလဒ်များကို အချိန်မီဖော်ပြပေးရန်အတွက် ဆောင်ရွက်ခဲ့ရသည်။ ရွေးကောက်ပွဲပြီးကာလ နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၆ ရက်နေ့အထိ MOI Website နှင့် MOI Facebook တွင် သတင်း ၁၇၅ ပုဒ်ကို လွှင့်တင်ဖော်ပြပေးခဲ့သည်။

ထိုနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Facebook Pages များတွင် မဲရေတွက်မှုနှင့် မဲရလဒ်များ ထုတ်ပြန်ခြင်းများနှင့် ပတ်သက်သည့်သတင်းများ စုစုပေါင်း ၆၅၅၉ ပုဒ်ကို လွှင့်တင်ပေးနိုင်ခဲ့ပါသည်။

> "ရွေးကောက်ပွဲအကြိုကာလဖြစ်သည့် ၂၀၂၀ မေလမှ နိုဝင်ဘာ ၇ ရက် နေ့အထိ MOI Website နှင့် MOI Facebook Page တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များက ဆောင်ရွက်နေသည့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု သတင်း ၃၃၀၇ ပုဒ်၊ သတင်းဗီဒီယို ၁၁၇၀ ပုဒ်၊ MRTV နှင့် သတင်းစာများက ဖော်ပြသည့် သတင်းများကို ထပ်ဆင့်ဖော်ပြသည့်သတင်း ၁၁၈ ပုဒ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက် ၃၇ပုဒ်၊ စုစုပေါင်း ၄၆၃၂ ပုဒ်ကို ပြည်သူများ သိရှိစေရန် ဖော်ပြပေးခဲ့"







MOI Webportal ဖေ့ဘုတ်စာမျက်နှာတွင် ဖော်ပြခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ သတင်းနှင့် ဓာတ်ပုံများကို တွေ့ရစဉ်။

### ကောင်းမွန်စွာ ခံစားသိမြင်နိုင်ပါစေ


ယနေ့အချိန်တွင် ၂၀၂၀ ရွေးကောက်ပွဲကြီး ဘေးကင်းလုံခြုံအောင်မြင်စွာ ကျင်းပပြီးခဲ့ပါပြီ။ ယခုလို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က **"ပထမဆုံးကတော့ ပြည်သူပေါ့။ အားလုံးအထက်ကတော့ ပြည်သူပဲ။ ပြည်သူသာလျှင် အဓိက၊ ပြည်သူမပါဘဲနဲ့ ဘာမှအောင်မြင်နိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် အခုရွေးကောက်ပွဲမှာ အောင်အောင်မြင်မြင်ဖြစ်တာလည်း ပြည်သူကြောင့်ပါပဲ "** ဟု အသိအမှတ်ပြု ပြောကြားခဲ့သည့်အတွက် နိုင်ငံသားတစ်ဦးအနေဖြင့် ကြည်နူးဝမ်းမြောက်မိသည်။

ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထု၏ ရွေးချယ်မှုအတွက် အခြေခံအကျဆုံး လမ်းဖွင့်ပွဲကြီးဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာရှင်များကဆိုကြသဖြင့် ယခုရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီလမ်းမကြီးတစ်ခု ဖောက်လုပ်ဖွင့်လှစ်ခဲ့သည်ဟု ဆိုချင်သည်။

ယနေ့အချိန်တွင် ရွေးကောက်ပွဲကြီး ပြီးမြောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ကြီးမားသော စိန်ခေါ်မှုကြီးတစ်ခုကို ကျော်လွှားနိုင်ခဲ့ပြီဟု ဆိုနိုင်သော်လည်း ဒီမိုကရေစီခရီးလမ်း ဖြောင့်ဖြူးရေးအတွက် သတိတရားဖြင့် စောကြောဝေဖန်ဆန်းစစ်နေရမည့် အချိန်အခါတစ်ခုဟုဆိုရမည်။

အထူးသဖြင့် ယနေ့အချိန်တွင် အချို့သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ပြည်သူများ၏ နေ့စဉ်ဘဝအတွက် မှန်ကန်သည့် သတင်းအချက်အလက်များကို ပေးရမည့်အစား မိမိတို့၏ ထင်မြင်ယူဆချက်အမျိုးမျိုးကို ထုတ်လွှင့်ပြောဆို၍ ပြည်သူများ၏ သဘောထားအမြင် (Public Opinion) ကို လှုပ်ရမ်းနေကြသည်။ တစ်နည်းအားဖြင့် ပုန်းကွယ်နေသည့် ရည်ရွယ်ချက် (Hidden Agenda) များဖြင့် မိမိတို့ ဩဇာကြီးထွားအောင်၊ အကျိုးအမြတ်ရအောင်၊ မိမိတို့ လိုလားချက်အတိုင်း ရုပ်လုံးပေါ်လာအောင် ကျင့်ဝတ်မဲ့စွာ လုပ်ဆောင်လာကြသည်ကို တွေ့မြင်နေရပါသည်။ ထိုကဲ့သို့ မိမိတို့၏ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ထုတ်လွှင့်ပြောဆိုမှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန မရှိသင့်တော့သယောင် ထုတ်လွှင့်ပြောဆိုနေမှုများပင် ရှိလာခဲ့ပါသည်။ ယင်းအခြေအနေကို ပြည်သူများက မှန်ကန်စွာခံစားသိမြင်၍ ဆင်ခြင်သတိပြုကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲကြီးတွင် ပေးအပ်သည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သလို နောင်ပေးအပ်မည့် လုပ်ငန်းတာဝန်များကိုလည်း ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ပါသည်။ ယနေ့အချိန်တွင် ပြည်သူများ၏ သတင်းအချက်အလက်သိပိုင်ခွင့် (Access to Information)ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြောင်းလဲလာသည့် Digital Media လုပ်ငန်းများကို လေ့လာသင်ယူကာ ပြည်သူများအတွက် ပိုမိုအလုပ် အကျွေးပြုနိုင်အောင် ကြိုးပမ်းနေမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ။




MOI Webportal ဖေ့ဘုတ်စာမျက်နှာတွင် ဖော်ပြခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ သတင်းနှင့် ဓာတ်ပုံများကို တွေ့ရစဉ်။

# အောက်စဖို့ဒ်တက္ကသိုလ်မှ ထုတ်လုပ်သည့် ကာကွယ်ဆေးမှာ ၇၀ ရာခိုင်နှုန်း အကာအကွယ်ပေးနိုင်

**လန်ဒန် နိုဝင်ဘာ ၂၃**

ဗြိတိန်တွင် ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ကိုဗစ် -၁၉ ကူးစက်ခြင်းမှ ၇၀ ဒသမ ၄ ရာခိုင်နှုန်း အကာအကွယ်ပေးသည်ဟု အချက်အလက်များအရ သိရသည်။

အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca က ၎င်းတို့၏ စမ်းသပ်မှုမှာ လူပေါင်းများစွာ နေမကောင်းဖြစ်ခြင်းကို အကာအကွယ်ပေးမည်ဖြစ်ပြီး သက်ကြီးရွယ်အိုများ အပါအဝင် အသက်အရွယ်မရွေး အကာအကွယ်ပေးနိုင်သည်ဟု ဖော်ပြခဲ့သည်။ နိုဝင်ဘာ ၂၃ ရက် ကြေညာမှုမှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာရသည့် ပျက်စီးဆုံးရှုံးမှုများကို အဆုံးသတ်ရန် နောက်ထပ်ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်ဟု အောက်စဖို့ဒ်တက္ကသိုလ် ကာကွယ်ဆေး ဘာသာရပ်မှ ပါမောက္ခဖြစ်သူ ဆာရာဂဲဘတ်က ပြောသည်။

နောက်ထပ်ရရှိလာသည့် အချက်အလက်များကိုလည်း လုပ်ငန်းထိန်းသိမ်းသူအဖွဲ့အစည်းထံ တင်ပြသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဖိုက်ဇာနှင့် မော်ဒန်နာ ကာကွယ်ဆေးများက ၉၅ ရာခိုင်နှုန်း အကာအကွယ်ပေးသည်ဟု ကြေညာထားသည့်အတွက် ယခုတွေ့ရှိချက်မှာ အောင်ပွဲဖြစ်သကဲ့သို့ အနည်းငယ် စိတ်မကျေနပ်စရာလည်း ဖြစ်သည်။

သို့သော်လည်း အောက်စဖို့ဒ်မှ ထုတ်လုပ်သည့်ဆေးသည် ဈေးချိုပြီး သိမ်းဆည်းရလွယ်ကူကာ ကမ္ဘာပေါ်ရှိ နေရာတိုင်းသို့ အလွယ်တကူ သယ်ဆောင်နိုင်ကြောင်း သိရသည်။ ဗြိတိန်အစိုးရသည် အဆိုပါကာကွယ်ဆေးကို သန်း ၁၀၀ မှာယူထားပြီး ပြည်သူ သန်းငါးဆယ်ကို ထိုးနှံပေးရန် လုံလောက်သည့် ပမာဏဖြစ်သည်။

**သည်ဂါဒီးယန်**



ကာကွယ်ဆေးအတွက် စမ်းသပ်မှုများ ပြုလုပ်နေကြစဉ်။

# ဆီးရီးယားသမ္မတက နိုင်ငံခြားရေးဝန်ကြီးအသစ် ခန့်အပ်

**ဒမတ်စကတ် နိုဝင်ဘာ ၂၃**

ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်အာဆတ်က နိုဝင်ဘာ ၂၂ ရက်တွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ် မက်ဒတ်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မိုအယ်လမ် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သေဆုံးသွားပြီးနောက် နိုင်ငံခြားရေးဝန်ကြီးအသစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဘတ်ရှာအယ် ဂျာဖရီကို ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် သမ္မတအာဆတ်က ခန့်အပ်ခဲ့သည်။

မက်ဒတ်သည် ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင် ၁၉၅၄ ခုနှစ်က မွေးဖွားခဲ့သူဖြစ်ပြီး ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်း ပြောရေးဆိုခွင့်ရှိသူအဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းကို ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၀၆ ခုနှစ်တွင် ခန့်အပ်ခြင်းခံရသည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ အရေးပေါ် စည်းကမ်းများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းအထိ တိုးမြှင့်

**ဘန်ကောက် နိုဝင်ဘာ၂၃**

ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ အတွက် ထုတ်ပြန်ထားသည့် အရေးပေါ်စည်းကမ်းများကို ဒီဇင်ဘာလမှ လာမည့်နှစ် ဇန်နဝါရီလလယ်ပိုင်းအထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

အစိုးရမှ စီမံခန့်ခွဲလျက်ရှိသော ကိုဗစ် -၁၉ အခြေအနေစီမံခန့်ခွဲမှုစင်တာ၏ အဆိုပြုချက်ကို နိုဝင်ဘာ ၂၃ ရက်တွင် ထိုင်းအစိုးရအဖွဲ့က အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး စည်းကမ်းချက်များကို ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ တစ်လခွဲကြာ အချိန်တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်မှု ထိန်းချုပ်ရေးအတွက် ရှစ်ကြိမ်မြောက်အဖြစ် အရေးပေါ်စည်းကမ်းသတ်မှတ်ချက်ကို အချိန်ထပ်တိုးခြင်းလည်း ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်ရိုက် အားကစား ပြိုင်ပွဲသုံးခု ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရန်ရှိသဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် တိုက်ဖျက်ရေး အစီအမံများကို တင်းကျပ်သွားလိမ့်မည်ဟု သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ စုစုပေါင်း ၉၁၃၉၈၆၅ ဦးအထိ ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၂၃**

အိန္ဒိယနိုင်ငံတွင် နိုဝင်ဘာ ၂၃ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၄၀၅၉ ဦးထပ်မံတွေ့ရှိရသည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၉၁၃၉၈၆၅ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

နိုဝင်ဘာ ၂၂ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၅၁၁ ဦး တိုးလာသည့်အတွက် သေဆုံးသူအရေအတွက်စုစုပေါင်း ၁၃၃၇၃၈ ဦးအထိ ရှိလာသည်။ အိန္ဒိယနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် Bharat အပြည်ပြည်ဆိုင်ရာ ဇီဝနည်းပညာကုမ္ပဏီမှ စမ်းသပ်လျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ တတိယအဆင့် စမ်းသပ်မှုသို့ ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ**




နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူး ကူအိုမိုကို နိုဝင်ဘာ ၂၂ ရက်က အယ်လ်ဘာနီမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

# အားလပ်ရက်ကာလအတွင်း ကိုဗစ် -၁၉ ကူးစက်မှု များပြားလာနိုင်သည်ဟု နယူးယောက်အုပ်ချုပ်ရေးမှူး သတိပေး

**နယူးယောက် နိုဝင်ဘာ ၂၃**

မကြာခင်အချိန်အတွင်း အားလပ်ရက်များ တစ်ရက်ပြီးတစ်ရက် ကျရောက်လာမည်ဖြစ်ရာ ပြည်သူများခရီးသွားလာခြင်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခြင်းနှင့် ပွဲကျင်းပမှုများ ပြုလုပ်မည်ဖြစ်ရာ ယခုကာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုမှာ များပြားလာနိုင်သည်ဟု နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမိုက နိုဝင်ဘာ ၂၂ ရက်တွင် သတိပေးပြောကြားခဲ့သည်။

ယခုအချိန်မှ ဇန်နဝါရီလအတွင်း လူများ တစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှု များပြားလာမည်ဖြစ်ပြီး ရလဒ်အနေဖြင့် ကိုဗစ် -၁၉ ကူးစက်မှုများ တိုးလာမည်ဟု ယုံကြည်ကြောင်း ၎င်းက အယ်လ်ဘာနီတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း အဝါရောင်ဇုန်အဖြစ် သတ်မှတ်ထားသည့်နေရာများရှိကြောင်း၊ ပြည်သူများ ဆင်ခြင်မှုမရှိလျှင် အဝါရောင်မှ အနီရောင်နှင့် လိမ္မော်ရောင်အဆင့်သို့ ပြောင်းသွားနိုင်ကြောင်း၊ ဒီဇင်ဘာ သို့မဟုတ် ဇန်နဝါရီလအတွင်း ကာကွယ်ဆေးပေးရန် မျှော်လင့်ထားရာ ပြည်သူများအနေဖြင့် သတိထားမှုကို မလျှော့သင့်သေးကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။

ကာကွယ်ဆေးကို ဖြန့်ဝေရာတွင် အလိုအပ်ဆုံးလူများကို ဦးစွာပေးမည်ဖြစ်ပြီး ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ခြောက်လ နီးပါး အချိန်ယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းအထိ နယူးယောက်ပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၄၃၁၉ ဦးရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြခဲ့ရာ တိုင်းပြည်အတွင်း သေဆုံးမှုအမြင့်ဆုံးဖြစ်ခဲ့သည်။ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူအရေအတွက်မှာ ၁၂ ဒသမ ၂ သန်းရှိပြီး နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းအထိ သေဆုံးသူ ၂၅၆၀၀၀ ရှိသည်။

**ဆင်ဟွာ**

# အီရတ်တွင် စာသင်ကျောင်းပေါင်း ၇၀၀၀ ဆောက်လုပ်သွားရန်ရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံအတွင်း စာသင်ကျောင်း မလုံလောက်မှုကို ဖြေရှင်းရန်အတွက် စာသင်ကျောင်းပေါင်း ၇၀၀၀ ကို တည်ဆောက်သွားရန် စီစဉ်ထားသည်ဟု အီရတ်အစိုးရက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ်ခက်ဟီမီ၏ သတင်းထုတ်ပြန်ရေးရုံးမှ သတင်းထုတ်ပြန်ချက်အရ အီရတ်နိုင်ငံအတွင်း စာသင်ကျောင်းများ တည်ဆောက်ရန် ကျောင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ဆွေးနွေးခဲ့သည်ဟု သိရသည်။

ပထမအဆင့် စီမံကိန်းတွင် စာသင်ကျောင်းပေါင်း ၁၀၀၀ ဆောက်လုပ်မည်ဟု အဆိုပါကြေညာချက်တွင် ပါဝင်သည်။ ခေတ်မီဒီဇိုင်းဖြင့် ကျောင်းများ ဆောက်လုပ်သွားမည်ဖြစ်ပြီး မည်သည့်အချိန်တွင် ဆောက်လုပ်ရေးစတင်မည်ကိုမူ အသေးစိတ်မသိရသေးပေ။ အီရတ်နိုင်ငံတွင် စစ်ပွဲများကြောင့် ကျောင်း မလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်ရပြီး အကျင့်ပျက်ခြစားမှုကြောင့်လည်း ပညာရေးအဖွဲ့အစည်းများကို ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်။



ပညာရေးအဆောက်အအုံ မလုံလောက်မှုကြောင့် အချို့သော စာသင်ကျောင်းများတွင် တစ်နေ့အတွင်း နေရာ သုံးခါ ပြောင်းကာ စာသင်ရသည်။

အီရတ်နိုင်ငံအတွင်း စာသင်ကျောင်း လုံလောက်မှုရှိစေရန် ကျောင်းပေါင်း ၁၅၀၀၀ မှ ၂၀၀၀၀ အကြား ဆောက်လုပ်ရန် လိုအပ်သည်ဟု လွှတ်တော်မှ ပညာရေးကော်မတီ အကြီးအကဲဖြစ်သူ ကွာဆေး အယ်လ်ယာဆီရီက ပြောသည်။

**ဆင်ဟွာ**

# ဟောင်ကောင်၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူများကို ဟောင်ကောင် ဒေါ်လာ ၅၀၀၀ စီ ပေးအပ်မည်



ဟောင်ကောင်မြို့ရှိ ကိုဗစ်– ၁၉ စစ်ဆေးဌာနအပြင်ဘက်တွင် ပြည်သူများ စောင့်ဆိုင်းနေစဉ်။

ဟောင်ကောင် နိုဝင်ဘာ ၂၃

**ဟောင်ကောင်၌ ကိုဗစ်– ၁၉ စစ်ဆေးခြင်းဆောင်ရွက်ရာတွင် ပြည်သူများပိုမိုပူးပေါင်းပါဝင်လာစေရေး တွန်းအားပေးသည့်အနေဖြင့် မြို့အတွင်း၌ ရောဂါပိုးစစ်ဆေးရာတွင် ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိရသည့် မည်သူကိုမဆို ဟောင်ကောင်ဒေါ်လာ ၅၀၀၀ စီ ပေးအပ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဆိုဖီယာချန်က ပြောကြားခဲ့သည်။**

ရောဂါပိုးရှိသူများအား ဒေါ်လာ ၅၀၀၀ စီပေးအပ်မည့် အဆိုပါ အစီအစဉ်အသေးစိတ်ကို အလုပ်သမားနှင့် လူမှုဖူလုံရေးဗျူရိုက ကြေညာမည်ဖြစ်ကြောင်း သိရသည်။

အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် လူထုကျန်းမာရေး စစ်ဆေးမှုဌာန ငါးခုကို ထပ်မံဆောင်ရွက်ထားကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

ဟောင်ကောင်၌ ကိုဗစ်– ၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက် ထပ်မံတိုးပွားလာသည့်အတွက် ဟောင်ကောင်နှင့် စင်ကာပူအကြား ခရီးသွားလှုံ့ဆော်မှုအစီအစဉ်အား ရက်သတ္တနှစ်ပတ်ကြာသည်အထိ ရွှေ့ဆိုင်းထားမည့် အစီအစဉ်ကို နိုဝင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။

ထို့အတူ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် လူမှုဝေးကွာကန့်သတ်ချက်အသစ်များကိုလည်း ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ ကိုဗစ်- ၁၉ ကူးစက်မှုလျော့ကျလာသည့်အတွက် နယ်စပ်ဂိတ်ပြန်ဖွင့်

**ကင်ဘာရာ နိုဝင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ကိုဗစ်–၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် ဇူလိုင်လမှ စတင်ကာ ပထမဆုံးအကြိမ် ရောဂါကူးစက်ဖြစ်ပွားမှု လျော့ကျလာသည့်အတွက် ဗစ်တိုးရီးယားပြည်နယ်နှင့် ဆက်သွယ်ထားသည့် နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ရောဂါကူးစက်မှု အရှိန်မြင့်ခဲ့မှုကြောင့် ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာ ချမှတ်ဆောင်ရွက်ခဲ့သည့် ဗစ်တိုးရီးယားပြည်နယ်တွင် နိုဝင်ဘာလ အစောပိုင်းကတည်းက ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ မရှိတော့ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်နယ်အတွင်း နှာခေါင်းစည်းမတပ်မနေရအမိန့်ကိုလည်း ပြန်လည်ဖြေလျှော့ပေးလျက်ရှိသည်။


ဗစ်တိုးရီးယားနှင့် နယူးဆောက်ဝေးပြည်နယ်ကို ဆက်သွယ်ထားသည့် နယ်စပ်ဂိတ်၌ ရဲတပ်ဖွဲ့ဝင်များက အဝင်အထွက် စစ်ဆေးနေစဉ်။

ဩစတြေးလျနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀ ခန့်ရှိပြီး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၂၈၀၀၀ ရှိသည်။

အာဏာပိုင်များသည် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားမှုကို သုညအမှတ်အထိ လျော့ကျစေရန် ကန့်သတ်ပိတ်ဆို့မှုများအပေါ် အားထားခဲ့ပြီး ဗိုင်းရပ်စ်စစ်ဆေးမှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ကာ သံသယရှိသည့် လူနာများအား နောက်ကြောင်းလိုက်ခြင်းကို အလေးအနက်လုပ်ဆောင်ခဲ့သည်။

ကပ်ရောဂါ စတင်ချိန်ကတည်းက ဩစတြေးလျနိုင်ငံသည် ၎င်း၏ နိုင်ငံတကာ နယ်စပ်ဂိတ်များကို ပိတ်ပစ်လိုက်ပြီး နိုင်ငံအတွင်းသို့ ရောက်ရှိလာသည့် ခရီးသည်မှန်သမျှကို သတ်မှတ်ဟိုတယ်များတွင် ရက်သတ္တနှစ်ပတ် ကန့်သတ်စောင့်ကြည့်မှု ခံယူစေခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ဒီဇင်ဘာလအစောပိုင်းတွင် ပြုလုပ်နိုင်ရန် မျှော်မှန်း

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု၌ ပြည်သူလူထုအတွင်း ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို လာမည့် ဒီဇင်ဘာလအစောပိုင်းတွင် ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားကြောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းမှုဆိုင်ရာ အစိုးရအဖွဲ့အကြီးအကဲက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံး ရင်ဆိုင်နေရသည့် အမေရိကန်တစ်ဝန်း၌ ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်သည် နေ့စဉ်နှင့်အမျှ တိုးပွားလျက်ရှိသည်။ ကာကွယ်ဆေးထိုးနှံခြင်း စတင်မည့် အစီအစဉ်သည် ကိုဗစ်–၁၉ ရောဂါကြောင့် လူ ၂၅၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ကမ္ဘာ့အသေအပျောက် အများဆုံးဖြစ်ခဲ့ရသည့် အမေရိကန်နိုင်ငံအဖို့ အရေးပါသည့် အလှည့်အပြောင်းကို ဖြစ်စေမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကျွန်ုပ်တို့၏ အစီအစဉ်မှာ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့ (အက်ဖ်ဒီအေ)၏ ထောက်ခံချက်ဖြင့် ကာကွယ်ဆေးထိုးနှံပေးမည့် တည်နေရာများသို့ ကာကွယ်ဆေးများကို ပို့ဆောင်ပေးနိုင်ရန်ဖြစ်ကြောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းမှုအဖွဲ့ အကြီးအကဲ မွန်ဆက်ဖ် ဆလာဝီက ပြောကြားခဲ့သည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းကို လာမည့် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စတင်နိုင်ရန် ခန့်မှန်းထားကြောင်း ၎င်းက ပြောသည်။

**အေအက်ဖ်ပီ**


ကိုဗစ်– ၁၉ ကာကွယ်ဆေးကို စေတနာရှင်တစ်ဦးအား စမ်းသပ်ထိုးနှံပေးစဉ်။

# ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး ကြေညာချက်တွင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကျော်ဖြတ်ရေး ဦးတည်နိုင်မှုကို သတိပေး

**ရီယာ့ဒ် နိုဝင်ဘာ ၂၃**

ကိုဗစ်– ၁၉ နောက်တစ်ကျော့ ထပ်မံကူးစက်ဖြစ်ပွားမှု၏ နောက်ဆက်တွဲသက်ရောက်မှုကို တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်းစုများက ရင်ဆိုင်နေရသည်ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးကြရန် ဂျီ–၂၀ အဖွဲ့ခေါင်းဆောင်များက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်ကာ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည့် ဂျီ–၂၀ အွန်လိုင်းထိပ်သီးအစည်းအဝေးသည် နိုဝင်ဘာ ၂၂ ရက်တွင် ပြီးဆုံးခဲ့သည်။ အဖွဲ့ခေါင်းဆောင်များ၏ ကြေညာချက်၌ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလှုပ်ရှားမှုများ တစ်စိတ်တစ်ပိုင်း ပြန်လည်နာလန်ထူလာနိုင်ပြီဖြစ်သော်လည်း လုံးလုံးလျားလျား ပြန်ကောင်းလာခြင်း မရှိသေးကြောင်း၊ မသေချာ မရေရာမှုများစွာ ရှိနေဆဲဖြစ်ပြီး စီးပွားရေးအကျပ်အတည်းသို့ ဦးတည်နိုင်သည့် အန္တရာယ်ကို သတိပြုရန်လိုအပ်ကြောင်း ဆိုထားသည်။

ဂျီ–၂၀ ခေါင်းဆောင်များအနေဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေး ပြန်လည်ထူထောင်လာစေရေး ရနိုင်သမျှ မူဝါဒမျိုးစုံကို ဆက်လက်အသုံးပြုသွားရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ဂျီ–၂၀ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကြေညာချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ပွင့်လင်းကောင်းကင် သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အဖွဲ့ဝင်နိုင်ငံအချင်းချင်း တစ်ဦး၏ နယ်နိမိတ်တွင် အခြားတစ်ဦး၏ ကင်းထောက်လေယာဉ်များ ပျံသန်းရန် ခွင့်ပြုထားသည့် ပွင့်လင်းကောင်းကင် ( Open Skies) သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ စာချုပ်အရ အဖွဲ့ဝင်နိုင်ငံများသည် လက်နက်လျှော့ချမှုဆိုင်ရာ လှုပ်ရှားမှုများကိုလည်း လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်တွင် ရုရှားနှင့် အခြားဥရောပနိုင်ငံများ အပါအဝင် အဖွဲ့ဝင် နိုင်ငံပေါင်း ၃၀ ကျော်ပါဝင်သည်။ ပွင့်လင်းကောင်းကင် သဘောတူစာချုပ်ကို စစ်အေးကာလအပြီး ၁၉၉၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၀၂ ခုနှစ်တွင် စာချုပ်စတင် အသက်ဝင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါသဘောတူစာချုပ်မှ နုတ်ထွက်ရန်ဆုံးဖြတ်လိုက်ကြောင်း ပြီးခဲ့သည့်မေလတွင် အကြောင်းကြားခဲ့သည်။

အမေရိကန်က ရုရှားသည် ၎င်း၏ နယ်စပ်တစ်လျှောက် ဒေသများတွင် ကင်းထောက်လေယာဉ်များ ပျံသန်းမှုကို တရားမဝင် ကန့်သတ်ချုပ်ချယ်မှုများပြုလုပ်ခဲ့ကြောင်း စွပ်စွဲထားသည်။

စာချုပ်မှ နုတ်ထွက်ရန် အသိပေးပြီး ခြောက်လအကြာတွင် နုတ်ထွက်မှု စတင်သက်ရောက်သည့်အတွက် အမေရိကန်၏ နုတ်ထွက်မှု နိုဝင်ဘာ ၂၂ ရက်တွင် အတည်ဖြစ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပွင့်ဖြူမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းလှပစေရန် မြို့တွင်းလမ်းမီးတိုင်များကို LED မီးသီးများဖြင့် ပြောင်းလဲတပ်ဆင်လျက်ရှိ


**ပွင့်ဖြူ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရုံးတို့ ပူးပေါင်းပြီး ပွင့်ဖြူမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပစေရန်နှင့် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြို့တွင်းရှိ လမ်းမီးတိုင်များကို နိုဝင်ဘာ ၂၃ ရက်မှစ၍ LED မီးသီးများဖြင့် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့တွင်းရှိ လမ်းမီးတိုင်များမှ မီးသီးများကို LED မီးသီးများဖြင့် ပြောင်းလဲအစားထိုး တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သာမန်အသုံးစရိတ် ရန်ပုံငွေမှ ကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ပြီး ၁၀၀ ဝပ် LED မီးသီး ၁၂ လုံး၊ ၅၀ ဝပ် LED မီးသီး ၅၃ လုံး စုစုပေါင်း မီးသီး ၆၅ လုံး ဝယ်ယူ၍ ပွင့်ဖြူမြို့ ဗိုလ်ချုပ်လမ်းမကြီး အပါအဝင် သက်တော်ရှည်ရပ်ကွက်ရှိ အင်ကြင်းလမ်း၊ စကားဝါလမ်း၊ အရှေ့ပိုင်းရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက် အတွင်းရှိ ကံ့ကော်လမ်း၊ ချယ်ရီလမ်း၊ သန့်စင်လမ်း၊ ပိတောက်လမ်းနှင့် မြို့ပတ်လမ်းတို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်နှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်း သာယာလှပစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးဆက်က ပြောကြားသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ပွင့်ဖြူမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ အစဉ်အမြဲ သန့်ရှင်းသာယာ လှပစေရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ မြို့တွင်းရှိ လမ်းမီးတိုင်များ၌ LED မီးသီးများဖြင့် အစားထိုးတပ်ဆင်ပေးခြင်း လုပ်ငန်းအပြင် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သောနေရာများတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲယာရှိ အမှိုက်သရိုက်များနှင့် ပေါင်းမြက်များကို သန့်ရှင်းရေး ပြုလုပ်ခြင်းများကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းထံမှ သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)



လမ်းမီးတိုင်များ၌ ပြောင်းလဲတပ်ဆင်ပေးသွားမည့် LED မီးသီးများ။

# နမ့်ခမ်းမြို့ ရွှေလီကြိုးတံတားဟောင်း မြစ်အတွင်းကျိုးကျ

**နမ့်ခမ်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ဒုတိယကမ္ဘာစစ်ကာလ အင်္ဂလိပ်တို့က ၁၉၃၄ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် ပြီးစီးခဲ့သော နမ့်ခမ်းမှ ဗန်းမော်သို့ ဆက်သွယ်သွားလာသည့် အလျား ၂၄၄ ပေ၊ အနံ ၁၄ ပေရှိ ရွှေလီမြစ်ကူး ဘေလီကြိုးတံတားသည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ် ခန့်က ကျိုးကျသွားသည်။ (ယာပုံ)



အဆိုပါကြိုးတံတားမှာ သံမဏိကြိုး တစ်ဖက်စီတွင် ခုနှစ်ချောင်း၊ နှစ်ဖက် ၁၄ ချောင်းဖြင့် ခံနိုင်ရည် သတ်မှတ်ထားပြီး ၁၉၈၉ ခုနှစ်က ပြန်လည်ပြုပြင်ခဲ့သည်။ ယခင်က ထိုတံတားကို အသုံးပြု၍ ဗန်းမော်၊ မန်စီမြို့များ၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်စပ် မန့်ဝိန်းကြီး အပါအဝင် ကျေးရွာများကို နေ့စဉ်ဖြတ်သန်းသွားလာကြရသည်။ လမ်းတံတား အထူးအဖွဲ့ (၄) က ကြိုးတံတားအသစ် တည်ဆောက်ပြီးစီးသည့် အချိန်၌ အဆိုပါကြိုးတံတားဟောင်းကို အသုံးမပြုတော့ဘဲ ၂၀၀၇-၂၀၀၈ ခုနှစ်ဘဏ္ဍာရေးနှစ်၌ ဖျက်ဆီးခွင့်ရရှိထားရာမှ ဖျက်ဆီးမှု မပြုမီ ယခုကဲ့သို့ ကျိုးကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေမွန် (ရွှေရည်မြေ)

# မူဆယ်၊ လောက်ကိုင်နှင့် မက်မန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၃ နာရီက မူဆယ်မြို့ ဟိုနားရပ်ကွက်နေ လင်ကိန်းချန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆,၀၀၀ ကို လည်းကောင်း၊ အလားတူ ထိုနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့၊ အမှတ် (၃) ရပ်ကွက်နေ ရန်ကျိန်းဖူ၏ အိပ်ခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉,၆၀၀၊ ဘိန်းဖြူ သုညဒသမ ၀၇ ကီလို၊ အိုက်စ် သုည ဒသမ ၁၅ ကီလိုကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မက်မန်းမြို့နယ် မက်မန်းအေးကျန့် ကျေးရွာသွားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ဆမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇,၅၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘောလုံးနှင့် ဖူဆယ် အမျိုးသား၊ အမျိုးသမီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၁ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာဘောလုံးနှင့် ဖူဆယ် အမျိုးသား၊ အမျိုးသမီးအသင်း လေးသင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံက လာမည့်ဆီးဂိမ်းပြိုင်ပွဲ၌ ဘောလုံးနှင့် ဖူဆယ် အားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲလေးမျိုးစလုံး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲသာ ပုံမှန်ပါဝင်သည့် အားကစားနည်းဖြစ်သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ဖူဆယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတို့မှာမူ အိမ်ရှင်နိုင်ငံအပေါ်မူတည်၍ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲ ထည့်သွင်းကျင်းပသည့်အကြိမ်တိုင်း ပါဝင်ခဲ့သော်လည်း အမျိုးသမီးဘောလုံး ပြိုင်ပွဲကိုမူ ၁၉၈၅ ခုနှစ်မှ ထည့်သွင်းကျင်းပခဲ့ပြီး ၁၁ ကြိမ်သာ ထည့်သွင်းကျင်းပထားသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅၊ ၁၉၉၅၊ ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၃၊ ၂၀၁၇ နှင့် ၂၀၁၉ ခုနှစ်တွင် ထည့်သွင်းကျင်းပခဲ့ကာ လာမည့်နှစ်တွင် ၁၂ ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။ မြန်မာဘောလုံးအသင်းအနေဖြင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေလေးခု၊ ကြေးငါးခု၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင်မူ ရွှေတံဆိပ်မရယူနိုင်သေးဘဲ ငွေသုံးခု၊ ကြေးခုနစ်ခု ဆွတ်ခူးရရှိထားသည်။ ဖူဆယ်အားကစားနည်းကိုမူ ဆီးဂိမ်းပြိုင်ပွဲတွင် ၂၀၀၇ ခုနှစ်၌ စတင်ကျင်းပခဲ့ပြီး ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ပြိုင်ပွဲလေးကြိမ်သာ ထည့်သွင်းကျင်းပခဲ့ကာ လာမည့်နှစ်တွင် ငါးကြိမ်မြောက်အဖြစ် ပါဝင်လာခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းများသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုနည်းပါးခဲ့ပြီး အမျိုးသားအသင်းမှာ ဆုတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ အမျိုးသမီးအသင်းမှာမူ ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘောလုံးနှင့် ဖူဆယ် အမျိုးသမီးအသင်းများ၏ လေ့ကျင့်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအကြို ပြင်ဆင်မှုများနှင့်ပတ်သက်၍ ပြန်လည်အတည်ပြုမည်ဖြစ်သည်။ မြန်မာဘောလုံးနှင့် ဖူဆယ်အသင်းများသည် ကိုဗစ်-၁၉ ရောဂါအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးအမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲသာ ပါဝင်ခဲ့ပြီး မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံး ကြေးတံဆိပ်ရရှိခဲ့သည်။

ညီမြတ်သော်တာ

❖ *ကျောဖုံးမှ*

ဘာစီလိုနာအသင်းက သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်ထားသည်။ ၎င်းနောက်တွင် ဂျူဗင်တပ်စ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် ရပ်တည်နေသည်။ ဂျူဗင်တပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဖာရင်ဗားရို့စ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ သုံးပွဲယှဉ်ပြိုင်ကစားထားကာ တစ်ပွဲသရေကျပြီး နှစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် တစ်မှတ်ဖြင့် အဆိုပါအုပ်စု၏ စတုတ္ထနေရာတွင် ရပ်တည်နေသည်။

ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်မတိုင်မီ စီးရီးအေပွဲစဉ် (၈) အဖြစ် ကက်ဂလီယာရီအသင်းနှင့် ယှဉ်ပြိုင်ကစားထားပြီး စီရိုနယ်ဒို၏ သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရရှိထားသည်။

ထို့အပြင် ဂျူဗင်တပ်စ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဒိုင်နမိုကိဗ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသလို ဖာရင်ဗားရို့စ်အိမ်ကွင်းတွင် ပထမအကျော့သွားရောက်ယှဉ်ပြိုင်စဉ်ကလည်း လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် ယခုဖာရင်ဗားရို့စ်အသင်းနှင့် ဒုတိယအကျော့တွင်လည်း ဂိုးပြတ်အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့သည် ချန်ပီယံလိဂ်အုပ်စုအဆင့် အုပ်စု (H) တွင် မန်ယူ၊ အစ္စတန်ဘူလ်အသင်းတို့နှင့်အတူ ကျရောက်နေသည်။ အဆိုပါအုပ်စု၏ အမှတ်ပေးဇယားကို မန်ယူအသင်းက လိုက်ပ်ဇစ်အသင်းနှင့် ရမှတ်ခြောက်မှတ်ချင်းတူ ဂိုးကွာခြားချက်ဖြင့် ဦးဆောင်ထားသည်။ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ် သုံးပွဲယှဉ်ပြိုင်ကစားပြီး အစ္စတန်ဘူလ်အသင်းကိုသာလျှင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားကာ မန်ယူနှင့် လိုက်ပ်ဇစ်အသင်းတို့ကို နှစ်ဂိုး-တစ်ဂိုးစီဖြင့် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်နိုင်ရန်အတွက် ယခုလိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေသည်။ လိုက်ပ်ဇစ်အသင်းကလည်း အမှတ်ပေးဇယားကို ဦးဆောင်ရန်အလို့ငှာ ယခုပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ ပီအက်စ်ဂျီနှင့် လိုက်ပ်ဇစ်အသင်းတို့ ယခုပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည့်အတွက် ပွဲမှာပိုမိုမြိုင်ဆိုင်လာဖွယ်ရှိနေသည်။ အဆိုပါ အုပ်စု (H) မှ အခြားသော ပွဲစဉ်ဖြစ်သည့် မန်ယူအသင်းနှင့် အစ္စတန်ဘူလ်အသင်းတို့သည်လည်း တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မန်ယူအသင်းနှင့် အစ္စတန်ဘူလ်အသင်းတို့ ပထမအကျော့ အစ္စတန်ဘူလ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က အစ္စတန်ဘူလ်က နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်းကို အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်တွင် ကစားရခက်ခဲသည့် ပီအက်စ်ဂျီ၊ လိုက်ပ်ဇစ်တို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သော်လည်း အုပ်စု (H) ၏ အင်အားအနည်းဆုံး အသင်းအဖြစ် သတ်မှတ်ထားသည့် အစ္စတန်ဘူလ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည့်အတွက် သုံးပွဲကစားပြီး ရမှတ်ခြောက်မှတ်သာ စုဆောင်းထားနိုင်သေးသည်။ အစ္စတန်ဘူလ်အသင်းသည် ယင်းအုပ်စု၏ စတုတ္ထနေရာတွင် ရမှတ်သုံးမှတ်ဖြင့် ရပ်တည်နေသော်လည်း ယခုပွဲအနိုင်ရရှိလျှင် ရမှတ် ခြောက်မှတ်ရရှိမည်ဖြစ်၍ မန်ယူအသင်းကို အနိုင်ရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် အစ္စတန်ဘူလ်အသင်းကို ပထမအကျော့ရှုံးကြွေး ပြန်ဆပ်ကာ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်သွားမလား စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

အောင်ဇော်

## အသေးစားချေးငွေရရှိရေး ဆွေးနွေးနေ



အသေးစားငွေချေးရခြင်းဟာ ကျွန်မတို့ရဲ့ အခြေခံလူတန်းစား၊ ကျွန်မတို့ ပြည်သူလူထု တော်တော်များများအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်ဆိုတာတော့ သဘောပေါက်ပါတယ်။ ဒါကြောင့် ချေးငွေလိုအပ်တဲ့ ပြည်သူတွေ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းလေးတွေကို ပံ့ပိုးဖို့အတွက်၊ ချေးငွေလိုအပ်တဲ့ ပြည်သူများ ရနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ကျွန်မတို့ စပြီးဆွေးနွေးနေပါတယ်။ မကြာမီ နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ ဘယ်လိုအစီအစဉ်တွေ ရှိတယ်ဆိုတာ ပြည်သူတွေကို တင်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့လည်း ကျွန်မတို့ တတ်နိုင်သမျှ လုပ်နေပါတယ်။ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့လည်း ယုံကြည်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၃

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအတွင်းရေးမှူး(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူသည်။**

ရေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လှူဒါန်းရသည့် အကြောင်းနှင့်စပ်လျဉ်း၍ ထိုင်းအခြေစိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတစ်ခုဖြစ်သော PTTEP ကုမ္ပဏီမှ လူမှုတာဝန်သိစိတ် (Cor–porate Social Responsibility (CSR)) ဖြင့် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့်ကုမ္ပဏီများက ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ယနေ့အထိ လှူဒါန်းငွေနှင့် လှူဒါန်းပစ္စည်းတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ကိုးသိန်းခန့်ရှိပြီဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ပြည်သူများအား မီတာခများလျှော့ပေါ့ကောက်ခံခြင်းနှင့် ကိုဗစ်–၁၉ လူနာများကို ကုသမှုပေးနေသော ပြည်သူ့ဆေးရုံများနှင့် ကုသရေးဌာနများ၌ လျှပ်စစ်မီး မပြတ်တောက်စေရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် DKSH Myanmar Ltd မှ တာဝန်ရှိသူတစ်ဦးက မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းမှ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသည့်အနေဖြင့် ကျပ်သိန်း ၁၄၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Ayar– MED Myan–mar Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက မိမိတို့ Ayar– MED Myanmar Co.,Ltd အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ လှူဒါန်းမှုများကို ပြုလုပ်လျက်ရှိပြီး ယခု Remdesivir 100 mg ထိုးဆေး ပုလင်း ၄၈၀ ကို လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားရာ ယခုကဲ့သို့ လှူဒါန်းမှုများသည် မြန်မာနိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါကူးစက် ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ မိမိတို့နိုင်ငံတွင် စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန်အတွက် ပြည်သူများ၏ တာဝန်သိစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် PTTEP Interna–tional (Yangon) Brach and An–daman Transportation Ltd မှ အမေရိကန်ဒေါ်လာ တစ်သိန်းအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံသို့ လွှဲပြောင်းပေးအပ်ပြီး**(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ် သည်။

ထို့နောက် Ayar–MED Myanmar Co.,Ltd က Remdesivir 100 mg Injection ၄၈၀ ပုလင်းလှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံကာ မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် DKSH Myan–mar Ltd က စုစုပေါင်းကျပ်ငွေ ၁၄၀၂၉၆၀၀၀ တန်ဖိုးရှိ Portable X–Ray စက်များအပါအဝင် ဆေးရုံသုံးပစ္စည်းများကို လှူဒါန်းခဲ့ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## (၁၉) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး "Online" ကုန်စည်ပြပွဲနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ "Online" ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို မြန်မာနိုင်ငံ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီ (ကျယ်ဂေါင်)တို့တွင် နှစ်စဉ် အလှည့်ကျ ကျင်းပခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်သည်။ သို့ရာတွင် COVID–19 ကပ်ရောဂါအခြေအနေကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း (မူဆယ်)မြို့တွင် လက်ခံကျင်းပရန် မဖြစ်နိုင်သောကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ Online စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်တွင်(၁၉)ကြိမ်မြောက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေး "Online" ကုန်စည်ပြပွဲကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ Myanmar Online Expo Park Plat–form တွင် ပြခန်းပေါင်း ၆၀ ဖြင့် Online မှ တည်ဆောက်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်းနှင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၀၈၆၂၂ / ၀၆၇၃၄၀၈၆၂၃၊ Email– moctradefair@gmail.com, mo–ctradefair @myantrade.gov.mm နှင့် မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ရန်ကုန်မြို့ ဖုန်း– ၀၁–၃၈၅၃၂၃/ ၀၁–၃၈၅၃၃၆ ၊ Email – mitc@myantrade.gov.mm, mitcmyan– trade @ gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၉၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၉၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၇၇ |
| | | လှိုင် | ၆၃ |
| | | တောင်ဥက္ကလာပ | ၆၁ |
| | | ရွှေပြည်သာ | ၆၀ |
| | | မင်္ဂလာတောင်ညွန့် | ၄၅ |
| | | သင်္ဃန်းကျွန်း | ၄၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၅ |
| | | သာကေတ | ၃၂ |
| | | လှိုင်သာယာ | ၂၈ |
| | | မှော်ဘီ | ၂၆ |
| | | မြောက်ဥက္ကလာပ | ၂၅ |
| | | ဒေါပုံ | ၂၅ |
| | | တာမွေ | ၂၁ |
| | | အင်းစိန် | ၂၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | ကြည့်မြင်တိုင် | ၂၀ |
| | | မရမ်းကုန်း | ၁၆ |
| | | ကျောက်တန်း | ၁၅ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၅ |
| | | သန်လျင် | ၁၃ |
| | | ပုဇွန်တောင် | ၁၃ |
| | | ထန်းတပင် | ၁၂ |
| | | ဗဟန်း | ၁၂ |
| | | ရန်ကင်း | ၁၁ |
| | | စမ်းချောင်း | ၈ |
| | | ကမာရွတ် | ၇ |
| | | ပန်းဘဲတန်း | ၇ |
| | | ဒလ | ၆ |
| | | ဆိပ်ကြီးခနောင်တို | ၅ |
| | | လမ်းမတော် | ၅ |
| | | တွံတေး | ၄ |
| | | ဒဂုံ | ၃ |
| | | တိုက်ကြီး | ၂ |
| | | အလုံ | ၂ |
| | | လှည်းကူး | ၂ |
| | | ကော့မှူး | ၁ |
| | | လသာ | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | ခရမ်း | ၁ |
| | | | **စုစုပေါင်း** | **၈၅၈** |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၄၉ |
| | | မဟာအောင်မြေ | ၃၉ |
| | | ချမ်းမြသာစည် | ၂၅ |
| | | အောင်မြေသာစံ | ၂၂ |
| | | အမရပူရ | ၂၂ |
| | | ပုသိမ်ကြီး | ၁၇ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | မိတ္ထီလာ | ၄ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | ညောင်ဦး | ၂ |
| | | မတ္တရာ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | တောင်သာ | ၁ |
| | | သာစည် | ၁ |
| | | မြစ်သား | ၁ |
| | | ငါန်းဇွန် | ၁ |
| | | | **စုစုပေါင်း** | **၁၉၆** |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၅၆ |
| | | လက်ပံတန်း | ၂၃ |
| | | သာယာဝတီ | ၁၈ |
| | | ညောင်လေးပင် | ၁၁ |
| | | ဝေါ | ၁၀ |
| | | ကဝ | ၁၀ |
| | | နတ္တလင်း | ၈ |
| | | ပေါင်းတည် | ၈ |
| | | ရွှေတောင် | ၇ |
| | | သဲကုန်း | ၆ |
| | | မင်းလှ | ၅ |
| | | ဒိုက်ဦး | ၄ |
| | | သနပ်ပင် | ၃ |
| | | အုတ်ဖို | ၂ |
| | | ကြို့ပင်ကောက် | ၂ |
| | | တောင်ငူ | ၁ |
| | | ဖြူး | ၁ |
| | | ကျောက်တံခါး | ၁ |
| | | မိုးညို | ၁ |
| | | ဇီးကုန်း | ၁ |
| | | | **စုစုပေါင်း** | **၁၇၈** |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၁၀ |
| | | ကျုံပျော် | ၁၀ |
| | | ကျိုက်လတ် | ၉ |
| | | မြန်အောင် | ၈ |
| | | ရေကြည် | ၆ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ကြံခင်း | ၅ |
| | | ဘိုကလေး | ၄ |
| | | ဒေးဒရဲ | ၄ |
| | | ကျောင်းကုန်း | ၄ |
| | | ဟင်္သာတ | ၂ |
| | | ဓနုဖြူ | ၁ |
| | | လပွတ္တာ | ၁ |
| | | မအူပင် | ၁ |
| | | မြောင်းမြ | ၁ |
| | | ညောင်တုန်း | ၁ |
| | | ပုသိမ် | ၁ |
| | | ဝါးခယ်မ | ၁ |
| | | | **စုစုပေါင်း** | **၇၄** |
| ၅။ | ရခိုင်ပြည်နယ် | သံတွဲ | ၁၀ |
| | | မောင်တော | ၇ |
| | | စစ်တွေ | ၇ |
| | | ရသေ့တောင် | ၅ |
| | | ဘူးသီးတောင် | ၃ |
| | | ကျောက်ဖြူ | ၃ |
| | | ဂွ | ၂ |
| | | မြောက်ဦး | ၂ |
| | | မင်းပြား | ၁ |
| | | တောင်ကုတ် | ၁ |
| | | | **စုစုပေါင်း** | **၄၁** |
| ၆။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၅ |
| | | လှိုင်းဘွဲ့ | ၃ |
| | | ဘားအံ | ၃ |
| | | | **စုစုပေါင်း** | **၁၁** |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၄ |
| | | ကျိုက်ထို | ၃ |
| | | မုဒုံ | ၁ |
| | | သထုံ | ၂ |
| | | | **စုစုပေါင်း** | **၁၀** |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၄ |
| | | စစ်ကိုင်း | ၂ |
| | | ပုလဲ | ၁ |
| | | | **စုစုပေါင်း** | **၇** |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၄ |
| | | မြိတ် | ၁ |
| | | ရေဖြူ | ၁ |
| | | | **စုစုပေါင်း** | **၆** |
| ၁၀။ | ကချင်ပြည်နယ် | ဗန်းမော် | ၂ |
| | | မြစ်ကြီးနား | ၂ |
| | | ဖားကန့် | ၁ |
| | | | **စုစုပေါင်း** | **၅** |
| ၁၁။ | မကွေးတိုင်းဒေသကြီး | မကွေး | ၂ |
| | | မင်းဘူး | ၁ |
| | | မြိုင် | ၁ |
| | | ငဖဲ | ၁ |
| | | | **စုစုပေါင်း** | **၅** |
| ၁၂။ | ရှမ်းပြည်နယ် | နောင်ချို | ၂ |
| | | လားရှိုး | ၁ |
| | | ပင်လောင်း | ၁ |
| | | တောင်ကြီး | ၁ |
| | | | **စုစုပေါင်း** | **၅** |
| ၁၃။ | နေပြည်တော် | လယ်ဝေး | ၁ |
| | | ဇေယျာသီရိ | ၁ |
| | | | **စုစုပေါင်း** | **၂** |
| | (၂၂-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | **(၁,၃၉၈) ဦး** |

မှတ်ချက်။ (၂၂-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၉၈)ဦး တွင် အနံ့မရရှိသူ (၃၃၂) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ် တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်း တို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကိုပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင် ပွဲတော်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ၂၃-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၅၉၀၂၂၀ | ၇၄၅၃၁၁၅ | ၂၆၂၇၁၁ |
| ၂။ | အိန္ဒိယ | ၉၁၄၂၉၂၆ | ၈၅၆၅၀၆၃ | ၁၃၃၈၂၄ |
| ၃။ | ဘရာဇီး | ၆၀၇၁၄၀၁ | ၅၄၃၂၅၀၅ | ၁၆၉၁၉၇ |
| ၄။ | ပြင်သစ် | ၂၁၄၀၂၀၈ | ၁၄၉၅၂၁ | ၄၈၇၃၂ |
| ၅။ | ရုရှား | ၂၁၁၄၅၀၂ | ၁၆၁၁၄၄၅ | ၃၆၅၄၀ |
| ၆။ | စပိန် | ၁၅၈၉၂၁၉ | စိစစ်ဆဲ | ၄၂၆၁၉ |
| ၇။ | ဗြိတိန် | ၁၅၁၂၀၄၅ | စိစစ်ဆဲ | ၅၅၀၂၄ |
| ၈။ | အီတလီ | ၁၄၀၈၈၆၈ | ၅၅၃၀၉၈ | ၄၉၈၂၃ |
| ၉။ | အာဂျင်တီးနား | ၁၃၇၀၃၆၆ | ၁၁၉၅၄၉၂ | ၃၇၀၀၂ |
| ၁၀။ | ကိုလံဘီယာ | ၁၂၄၈၄၁၇ | ၁၁၅၀၉၃၂ | ၃၅၂၈၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၀၂၁၁၀ | ၄၂၂၃၈၆ | ၁၆၀၀၂ |
| ဖိလစ်ပိုင် | ၄၂၀၆၁၄ | ၃၈၆၆၀၄ | ၈၁၇၃ |
| မြန်မာ | ၈၀၅၀၅ | ၅၉၈၈၈ | ၁၇၆၅ |
| စင်ကာပူ | ၅၈၁၆၅ | ၅၈၀၆၇ | ၂၈ |
| မလေးရှား | ၅၆၆၅၉ | ၄၂၄၈၀ | ၃၃၇ |
| ထိုင်း | ၃၉၂၀ | ၃၇၆၆ | ၆၀ |
| ဗီယက်နမ် | ၁၃၁၂ | ၁၁၄၂ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၆ | ၂၉၅ | ၀ |
| ဘရူနိုင်း | ၁၄၉ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၄ | ၀ |

❀ *ကျော်ဖုံးမှ*

| | | |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၂) ခု | (၃၉၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၂၈၈) ခု | (၅၃၂) ဦး |
| စုစုပေါင်း | (၁၈,၁၁၂) ခု | (၁,၂၅၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၃-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၁၁၂) ဦး | (၁,၀၃၇,၄၅၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၅၉) ဦး | (၈၀,၅၀၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၁၃၀) ဦး | (၅၉,၈၈၈) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၁,၇၆၅) ဦး |

- ယနေ့ သေဆုံးသူ (၂၆) ဦးအနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၁၃၀) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၈၉) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ(ရန်ကုန်မြို့) – (၆၄၁) ဦး

  ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၆၆) ဦးတွင်–
  - Hotel Quarantine – (၁၁၄) ဦး
  - Facility Quarantine – (၁၄၇) ဦး
  - Community Based Facility Quarantine – (၇၇၇) ဦး
  - Anosmia Center – (၁၂၈) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## Test & Care ရောဂတီစင်တာတွင် ဗဟန်း၊ မရမ်းကုန်းနှင့် စမ်းချောင်းမြို့နယ်သုံးခု ထပ်တိုးကာ မြို့နယ်ရှစ်ခုမှ ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသော Test & Care ရေဝတီစင်တာအနေဖြင့် နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ဗဟန်း၊ မရမ်းကုန်းနှင့် စမ်းချောင်းမြို့နယ်သုံးခု ထပ်တိုးကာ မြို့နယ်ရှစ်ခုမှ ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးပေးသွားမည်ဖြစ်သည်။

ရေဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံထားရသူများအား ကုသပေးရန် သုဝဏ္ဏဘောလုံးကွင်းနှင့် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)တို့တွင် ကုသရေးစင်တာများ တည်ဆောက်ပေးလျက်ရှိပြီး ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးပေးနိုင်မည့် Test & Care ရေဝတီစင်တာကိုပါ တည်ဆောက်ကာ ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။ Test & Care ရေဝတီစင်တာတွင် ယခင်က ကိုဗစ်ရောဂါ ကုသရေးလုပ်ငန်းများတွင် အနစ်နာခံကာ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီများ၊ စေတနာ့ဝန်ထမ်းများနှင့် သဃ်ာန်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ တာမွေ၊ တောင်ဥက္ကလာပမြို့နယ်တို့မှ ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးခဲ့သော်လည်း နိုဝင်ဘာ ၂၄ ရက်မှ စတင်ကာ မြို့နယ်သုံးခုမှ ရောဂါလက္ခဏာခံစားနေရသူများကို စစ်ဆေးပေးသွားမည်ဖြစ်သည်။ Test & Care ရေဝတီစင်တာတွင် ရောဂါလက္ခဏာခံစားနေရသူ စုစုပေါင်း ၁၁၀၀၀ ကျော်ကို ရောဂါပိုး ရှိ မရှိ စစ်ဆေးခဲ့ကာ ပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ ကုသရေးစင်တာ (သို့) ဆေးရုံများသို့ လိုက်လံပို့ဆောင်ပေးသည်။



ကိုဗစ်– ၁၉ ရောဂါလက္ခဏာခံစားနေရသူများအနေဖြင့် Test & Care ရေဝတီစင်တာတွင် စစ်ဆေးမှုခံယူနိုင်ရန်အတွက် https://bit.ly/36UvIss မှတစ်ဆင့် အချက်အလက်ပြည့်စုံစွာဖြည့်သွင်း၍ ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး စစ်ဆေးမှုခံယူမည့်သူများထံသို့ QR Code၊ Patient ID နှင့် လာရောက်စစ်ဆေးရမည့် နေ့ရက်၊ အချိန်တို့ကို ကာယကံရှင်၏ ဖုန်းနံပါတ်သို့ အချိန်နှင့်တစ်ပြေးညီ SMS ပေးပို့မည် ဖြစ်သည်။ စစ်ဆေးမှုခံယူမည့်သူသည် သတ်မှတ်ပေးထားသော နေ့ရက်၊ အချိန်အတိအကျအတိုင်း သဃ်ာန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမပေါ်ရှိ Test & Care ရေဝတီစင်တာသို့ ဝန်ထမ်းကတ် (သို့) မှတ်ပုံတင်နှင့်အတူ လာရောက်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ထပ်မံပြန့်ပွားမှုမရှိစေရန် ရည်ရွယ်၍ QR Code၊ Patient ID မရှိသူများကို စင်တာတွင် လုံးဝ ဝန်ဆောင်မှုပေးသွားမည် မဟုတ်ကြောင်း ထုတ်ပြန်ထားသည်။ အသေးစိတ်သိရှိလိုပါက Hotlines: 014705555 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ရဲရင့်ရှိုင်း၊ ဓာတ်ပုံ– ကိုမိုး**

## COVID-19 ရောဂါဆိုင်ရာ အမေး ၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး COVID–19 ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၂၄ ရက် ညနေတွင် COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ၊ ပါမောက္ခဒေါက်တာထင်အောင်စော၊ ရေဝတီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းမြင့်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ကြိုတင်အစီရင်ခံ တင်ပြအပ်ပါသည်။ **MRTV**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၃ – ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့၊ ညောင်ရွှေမြို့၊ ကျိုင်းတုံမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၄၄ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၈ လက်မ၊ နန်းယွန်းမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/၉လ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၁ / ၂၀၂၀)

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီလုပ်ငန်း/အမည် | လိပ်စာ |
|---|---|---|
| ၄၀၆ | ကျော်သန်းငွေ ကုန်တင်ရေယာဉ် | အုန်းပင်ဆိပ်ကမ်း၊ မုံရွာမြို့ |
| ၄၀၇ | မြဝစံဆန်စက် | ရန်ကုန်-ပုသိမ်ကားလမ်း၊ ခနုံးချောင်းကျေးရွာ၊ ကံကလေးကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၀၈ | ဦးကြာစိန် နေလှန်းဆားလုပ်ငန်း | ကျောက်ကြီးပြင်ရွာ၊ ကျောက်ကြီးပြင်အုပ်စု၊ ကျောက်ဖြူမြို့နယ် |
| ၄၀၉ | ရတီဦး ဆန်စက် | ဆင်ဖြူကုန်း၊ စဥ့်ကိုင်မြို့ |
| ၄၁၀ | ဒေါ်လှကျင် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၁ | ဦးပြေမင်းသီဟ(နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | ပလိုင်ကီးကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၂ | ထိန်ထိန်လင်း ဆန်စက် | စွန်သိုက်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁၃ | ဦးသောင်းရှိန် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၄ | ဒေါ်အောင်မေမြ နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်း | အမှတ်(၅)ရပ်ကွက်၊ (၂၃/၂၅) အောင်သုခလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁၅ | ရွှေလက် ဝါးတူစက်ရုံ | ကျွန်းကုန်းကျေးရွာ၊ တောင်ငူမြို့နယ် |
| ၄၁၆ | လင်းသုခ ဆန်စက်လုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ညောင်ခြေထောက်၊ အုပ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၄၁၇ | ဦးတင့်မောင် (စိန်သုံးလုံး ငါးပုံဆန်စက်) | ဈေးရုံ၊ ဗိုလ်တဲရပ်၊ ကောလင်းမြို့၊ စစ်ကိုင်း |
| ၄၁၈ | အောင်ဆုပန် ငါးပုံဆန်စက်လုပ်ငန်း | ဘိုင်းဒေါင့်ချောင်းရွာ၊ လပွတ္တာမြို့နယ် |
| ၄၁၉ | တိုးတက်အောင် ဆန်စက် | လမ်းမတော်လမ်း၊ အိုးသည်ကုန်းမြို့၊ အုတ်ဖိုမြို့နယ် |
| ၄၂၀ | မီးမီးလေး သရက်တောထိုးမုန့်လုပ်ငန်း | ၂ ရပ်ကွက်၊ မကျီးချောင်ကားလမ်းမဘေး၊ ချောင်းသာမြို့ |
| ၄၂၁ | 777 ဆန်စက် | ဥယျာဉ်တော်ကျေးရွာ၊ အုပ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၂၂ | ကံပွင့်အောင် (ကြာဇံ စက်ရုံလုပ်ငန်း) | ပုရစ်ကုန်း(မြောက်)ရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂၃ | တက်နေဝင်း ဟာလာဆန်စက်လုပ်ငန်း | သနပ်ပင်လမ်း၊ ကမာနတ်ကျေးရွာ၊ ပဲခူးမြို့ |
| ၄၂၄ | ဒေါ်သန်းဦး နေလှန်းဆားကြမ်း ထုတ်လုပ်ခြင်းလုပ်ငန်း | ၆၂၂(က၊ခ)၊ ဥယျာဉ်ကုန်းဘောင်ကွင်း၊ ဆင်ခြေယာတိုက်နယ်၊ လပွတ္တာမြို့နယ် |
| ၄၂၅ | ရတနာအောင် ဆန်စက် | မြင်းစီးကျေးရွာ၊ ရွှေဘိုမြို့ |
| ၄၂၆ | ဦးကျော်နိုင်ဦး ကလောကြိတ်စက်လုပ်ငန်း | ဘောတလင်းရွာ၊ ပိန်းအင်းအုပ်စု၊ လေးမျက်နှာမြို့နယ် |
| ၄၂၇ | ကျော် မြေပဲခွဲစက်နှင့် သီးနှံစုံလုပ်ငန်း | နယ်မြေ ၁၂၊ အမှတ် (၃) ရပ်ကွက်၊ မလှိုင်မြို့ |
| ၄၂၈ | ဦးချစ်သန်း+ဒေါ်ကွန်နစ်နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | အံခဲကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၂၉ | ဒေါ်ပြုံးပြုံးလှိုင် နေ့လှန်းဆားကြမ်းထုတ်လုပ်ရေး | ချောင်းဝကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၃၀ | ဦးလှသောင်း နေလှန်းဆားကြမ်း ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်း | မကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၃၁ | ရွှေလင်းမြတ် ဆန်စက် | အေးငြိမ်းသာမြို့သစ်၊ ရွာမရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၃၂ | ကျော်ရတနာ ဆန်စက် | နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ မင်းတဲလမ်း |
| ၄၃၃ | ပုလဲဝင်း ဆန်စက် | မုံသွင်ကျေးရွာ၊ ပုလဲမြို့နယ် |
| ၄၃၄ | ဦးအောင်သန်း (ဆန်းသော်တာအောင် ဆန်စက်) | သာယာကုန်းအုပ်စု၊ သပြေပင်၊ မိုးညှင်းမြို့ |
| ၄၃၅ | ဒို့မြင်းပျံ (ပဲလမုန့်လုပ်ငန်း) | ယောဝရပ်ကွက်၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၃၆ | ဒေါ်ရွှေပု ပါ (၄) ဦး၊ ဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း | ကုန်းတန်းရွာ၊ ကညင်ချောင်းအုပ်စု၊ ငပုတောမြို့နယ် |
| ၄၃၇ | ဒေါ်သက်နန္ဒာစိုး (7 Top ငါးမုန့်လုပ်ငန်း) | ကမ်းနားလမ်း၊ သန်ပန်ချောင်းရပ်ကွက်၊ ကျောက်ဖြူမြို့နယ် |
| ၄၃၈ | တင်အောင်လှိုင် (ပဲခွဲစက်လုပ်ငန်း) | အမှတ် (၈၇)၊ (၁၀) လမ်း ဆုံရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၃၉ | ကိုနိုင်နှင့် ညီအစ်ကိုများ ဆန်စက်လုပ်ငန်း | တပ်စုကျေးရွာ၊ ရွှေအင်းဒုံကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့ |
| ၄၄၀ | သင်းသင်းငွေ ဆီစက် | အမှတ်(၃၆)၊ ငွေတော်၊ အမှတ် (၁) အောင်ငြိမ်းချမ်းရပ်ကွက်၊ ပြည်ကြီးတံခွန် |
| ၄၄၁ | ပါဝါ ဇီးခွဲစက်လုပ်ငန်း | ပ-၂၄၇၊ မလိခလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၄၂ | ဦးရဲထွန်း (ရဲအေး) ဆန်စက် | အရှေ့လမ်း၊ နွယ်ချို (၁) ရပ်ကွက်၊ ပေါင်းတည်မြို့ |
| ၄၄၃ | ဦးခင်စိန် ဆားလုပ်ငန်း | သုံးခွကျေးရွာ၊ မကျည်းပင်/သုံးခွအုပ်စု၊ ငပုတောမြို့နယ် |
| ၄၄၄ | ရွှေအိမ်စည် ဇီးခွဲစက်နှင့် ဇီးမှုန့်လုပ်ငန်း | (၁-၃၈၆-၃၈၇)၊ ဇော်ဂျီလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့ |
| ၄၄၅ | ဦးထွန်းအောင်ဖြူနေလှန်းဆားလုပ်ငန်း | ပေါက်ပြင်ကျေးရွာ၊ ဂန့်ဂါအုပ်စု၊ ကျောက်ဖြူမြို့နယ် |
| ၄၄၆ | ငွေစန္ဒာ ဆန်စက် | ကာသက်ာလမ်း၊ ဝင်းဘရားသားရပ်ကွက်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပြည်ခရိုင် |
| ၄၄၇ | စိန် မွေးမြူရေးအစာ ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၅၁)၊ မေတ္တာရိပ်မြုံလမ်း၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ |
| ၄၄၈ | ဦးကျော်ကျော်မိုး ကျားပါးစပ် ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ မကျီးကျွန်းကျေးရွာ |
| ၄၄၉ | ဦးအောင်ဇော်ဦး (ငါးမွေးမြူရေးလုပ်ငန်း) | ငွေစိုးဆန်စက်၊ ရေလဲလမ်း၊ အင်းမ၊ အောင်ဟိတ်ကျေးရွာ၊ မအူပင်မြို့ |
| ၄၅၀ | ဦးအောင်မောင်း ငါးမွေးမြူရေးလုပ်ငန်း | အောက်စုရပ်ကွက်၊ သနပ်ပင်မြို့နယ် |
| ၄၅၁ | ဦးမင်းလွင် ရေငံပုဇွန် မွေးမြူရေးလုပ်ငန်း | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ကုန်းကြီးကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၅၂ | ဦးသန်းဝင်း "ကောင်းဇော်ကြီး" ကမ်းဝေးငါးဖမ်းလုပ်ငန်း | အောက်ကွင်းကျေးရွာ၊ ဖျာပုံမြို့ |
| ၄၅၃ | ဦးဝင်းထွန်း ပုဇွန်၊ ငါး မွေးမြူရောင်းဝယ်ရေး | ကွင်းအမှတ် (၁၇၇၅)၊ သက္ကယ်သောင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ် |
| ၄၅၄ | ဦးသက်နိုင်ဝင်း ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ငန်း | ဇန်ဒါပင်ကျေးရွာ၊ ဒေါ်ငြိမ်းကျေးရွာအုပ်စု၊ အမာမြို့နယ် |
| ၄၅၅ | ဦးသောင်းစိန် သူ့ထက်သာ ကမ်းဝေးငါးဖမ်းလုပ်ငန်း | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံမြို့နယ် |
| ၄၅၆ | ရွှေသီး ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၄)၊ ဂျီတွော်ရပ်ကွက်၊ ပေလီမြို့နယ် |
| ၄၅၇ | ဦးကျော်အောင်နိုင် အင်္ဂလန်ကျားပိုက် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၄၅၈ | တတိုင်းပြည့် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ဇန္ဒပင်ကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၄၅၉ | ဒေါ်ညွန့်ညွန့်ကြည် ရေငံပုဇွန်မွေးမြူရေး | ချောင်းဝကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ဧရာဝတီတိုင်း |
| ၄၆၀ | ဦးကျော်သက်နိုင်ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာမြို့ |
| ၄၆၁ | မြင့်မိုရ်ညွန့် ငါးပုံဆန်စက် | မေရီတောင်ကျေးရွာ၊ မေရီလန်းအုပ်စု၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်း |
| ၄၆၂ | စိုးစံကောင်းကောင်း ဆန်စက် | ရန်ကုန်-ပြည်လမ်း၊ ဆင်ဂေါင်းအုပ်စု၊ အုတ်ဖိုမြို့ |
| ၄၆၃ | မင်းထက်သာ ဆန်စက် | ငပုတောမြို့၊ မြစ်ကျိုးရွာ |
| ၄၆၄ | ဦးမြင့်သန်းထွန်း ကုလားပဲခွဲစက်နှင့် အမှုန့်ကြိတ်ခွဲ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | အမှတ် (၂) ရန်ကင်းရပ်၊ ရေစကြိုမြို့ |
| ၄၆၅ | ရေဦး ဝက်အူချောင်းလုပ်ငန်း | မြို့သစ်အောင်ချမ်းသာရပ်၊ မုံရွာမြို့ |
| ၄၆၆ | Water King သောက်ရေသန့်လုပ်ငန်း | ဥက္ကာပျံလမ်း၊ မြို့သစ်ရပ်ကွက်၊ ကျောက်တော်မြို့ |
| ၄၆၇ | ဦးသောင်းရွှေ နေလှန်းဆားကြမ်းထုတ်လုပ်မှုလုပ်ငန်း | ဝါးကုန်းကျေးရွာ၊ လပွတ္တာမြို့နယ် |
| ၄၆၈ | ဦးသိန်းဇော်ဝင်း နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၆၉ | ဦးသိန်းထွန်း ပါ (၂) ဦး (နေလှန်းဆားကြမ်းထုတ်လုပ်ငန်း) | မရမ်းကွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၇၀ | ရွှေရိုးမေတ္တာစားသောက်ကုန်ထုတ်လုပ်ငန်း | အမှတ် (၁၁)၊ မြိုင်လမ်း၊ ၇ လမ်း၊ ပခုက္ကူမြို့ |
| ၄၇၁ | အောင်သုခ (၂) ဆန်စက် | အမှတ် (၅) ရပ်ကွက်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ |
| ၄၇၂ | ဦးနိုင်လင်း (ရတနာလင်း ဆန်စက်) | လက်ပံပါးပျဉ်းရွာ၊ ကြို့ပင်သာအုပ်စု၊ ပေါင်းတည်မြို့နယ် |
| ၄၇၃ | စိမ်းလဲ့ရွှေရည် သဘာဝမြေသြဇာလုပ်ငန်း | ပြည်တော်သာရပ်၊ ကျောက်ပန်းတောင်းမြို့ |
| ၄၇၄ | ဦးကျော်မောင် စိုက်ပျိုးရေးလုပ်ငန်း | ကြိတ်ခွေမော်ကျေးရွာ၊ ပေါက်တောမြို့နယ် |
| ၄၇၅ | ဒေါ်ဖြူဖြူလွင် လျှော်ဖြူစိုက်ပျိုးရေး လုပ်ငန်း | အမှတ်(၂၈၁)၊ လယ်ကြီးကျေးရွာ၊ မလှိုင်မြို့နယ် |
| ၄၇၆ | ရွှေခြသေ့်မင်း ဆန်စက် | မယားမာန်ကျေးရွာ၊ ရွှေတောင်မြို့ |
| ၄၇၇ | နေလစိန်မြ ဆန်စက် | ဈေး (၂) ရပ်ကွက်၊ (၄) လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၇၈ | အောင်ဇင် သဘာဝမြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်း | ညောင်ဝန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄၇၉ | ကောင်းခေတ်သစ် ဆန်စက် | သာစည်ကျေးရွာ၊ ရန်ကုန်-ပြည်လမ်း၊ ကြို့ပင်ကောက် |
| ၄၈၀ | ဦးစံရွှေ သီဟိုဠ်ဆံထုတ်လုပ်ရေးလုပ်ငန်း | ဆင်ပုရစ်ရပ်၊ အမှတ်(၂၆၅)၊ ထားဝယ်မြို့ |
| ၄၈၁ | မြန်မာ ဆီစက် | အမှတ် (၄) ရပ်ကွက်၊ ရွှေဘိုမြို့ |
| ၄၈၂ | ရွှေမင်းအောင် အဆင့်မြင့်ဆန်စက် | ကျုံတနော်ကျေးရွာ၊ ခနုဖြူကျေးရွာ၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၈၃ | စပါးနှံစံ ဆန်စက် | အောင်မင်္ဂလာလမ်း၊ ရွှေမာလာလမ်းတော်၊ စက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၄၈၄ | သင်းသင်းစိုး ဆန်စက် | ပန်းပင်ဆိပ်ကျေးရွာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၈၅ | ဒေါ်ရွှေဇင်ဝင်း ပဲကြော်လုပ်ငန်း | ရွာတောင်ရပ်၊ စစ်ကိုင်းမြို့ |
| ၄၈၆ | စိုးမိုးထွန်း ပဲခွဲစက်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး | အမှတ် (၅၉၈)၊ ကနောင်မင်းသားကြီးလမ်း၊ ဗိုလ်တစ်ထောင် အပိုင်း(၁)၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၈၇ | စွန်ပျံမင်း ကြာဇံစက် | စက်မှုဇုန်၊ မုံရွာမြို့ |
| ၄၈၈ | ဦးစိုးဝင်း ဆားကြမ်းထုတ်လုပ်ရေးလုပ်ငန်း | သဃ်န်းကုန်းကျေးရွာ၊ သဃ်န်းကုန်းတိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၈၉ | ပူစူးမ အဆင့်မြင့်ဆီသန့်အာလူးကြော်စက်ရုံ | ချင်းတွင်းလမ်း၊ ပခုက္ကူစက်မှုဇုန်၊ ပခုက္ကူမြို့ |
| ၄၉၀ | ဒေါ်သန္တာအေး (PT Kitchen Food) | ကျောင်းပိုင်းရပ်၊ သီရိမာလာလမ်းသွယ်၊ သံဖြူဇရပ်မြို့နယ် |
| ၄၉၁ | အောင်မြင့်မိုရ် ဆန်စက် (၁+၂) | ချောင်းတွင်းရွာ၊ ဖျာပုံ |
| ၄၉၂ | ဦးတိုးကြွယ် မြေပဲခွဲလုပ်ငန်း | (၈)လမ်း၊ အောင်စေတနာရပ်ကွက်၊ မကွေးမြို့ |
| ၄၉၃ | နိုင်နိုင် ဆီစက်လုပ်ငန်း | လမ်းမတော်လမ်း၊ ရန်အောင်မြင်ရပ်၊ နတ်မောက်မြို့ |
| ၄၉၄ | ဦးခင်ချို နေလှန်းဆား ထုတ်လုပ်ခြင်း လုပ်ငန်း | အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၄၉၅ | ဝင်းကျော်ကျော် (ရေခဲစက်လုပ်ငန်း) | ဦးအောင်ဇေယျလမ်း၊ (၃) ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၉၆ | ဦးဝင်းငွေဦး M3 သောက်ရေသန့်လုပ်ငန်း | စေတီယျရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၄၉၇ | ဦးတင်သိန်း နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း | မန်ကျည်းပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၉၈ | စိန်ရွှေနီလာ ဆန်စက် | သလပ်ခွာကျေးရွာ၊ ပုသိမ်မြို့နယ် |
| ၄၉၉ | စိုးယဉ်မင်း ဆီစက်နှင့် ပွဲရုံလုပ်ငန်း | (၁၃၆) ပျော်ဘွယ်လမ်း၊ မြို့မကွက်သစ်ရပ်၊ နတ်မောက်မြို့ |
| ၅၀၀ | ဦးသန်းလှိုင် (ရွှေယာမြေ သောက်ရေသန့်) | အမှတ်- ၄၊ စက်ကွင်းရပ်ကွက်၊ ဒဂုံ-မန်းလမ်း၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၀၁ | ကျော်လင်းဟိန်း (ဆားကြိတ်လုပ်ငန်း) | မင်းချောင်းကျေးရွာ၊ ကျောက်ဖြူမြို့နယ် |
| ၅၀၂ | ရှယ်မုန့်တိုက်၊ မုန့်မျိုးစုံထုတ်လုပ်ရောင်းချရေးလုပ်ငန်း | အမှတ်(၃၆/E)၊ ကျိုက္ခမီလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ |
| ၅၀၃ | ဒေါ်အေးအေးမော် (နေလှန်းဆား ထုတ်လုပ်ရေး) | အမာမြို့၊ နောက်မီးကျေးရွာ၊ နောက်မီးကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ် |
| ၅၀၄ | ဦးကျင်သိန်း နေလှမ်းဆား ထုတ်လုပ်မှုလုပ်ငန်း | ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာအုပ်စု၊ သုံးခွကျေးရွာ၊ ဧရာဝတီတိုင်း |
| ၅၀၅ | ဒေါ်လုံး နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မဲခရဲကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း |
| ၅၀၆ | စတားလိုက် ခေါက်ဆွဲခြောက်လုပ်ငန်း | ဆ ၁၂/၆၊ ခိုင်ရွှေဝါလမ်း (၆၈x၆၉) ကြား၊ အမှတ် (၂) မြို့သစ်၊ ချမ်းမြသာစည်မြို့နယ် |
| ၅၀၇ | ဒေါ်ငွေဝင်း (နေလှန်းဆားကြမ်းထုတ်လုပ်ငန်း) | ကညင်ငူကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၈ | ဦးမျိုးအာကာသိန်း(နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | အမှတ်(၇၅၄)၊ မညိမ်းလှကုန်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၉ | ကောင်းကျော်ဟိန်း မုန့်လုပ်ငန်း | အမှတ်(၇၄)၊ ချမ်းသာလမ်း၊ ရှမ်းစုရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ် |
| ၅၁၀ | လက်ကီး ရေခဲစက် | ငုဝါလမ်း၊ အောင်မင်္ဂလာရပ်၊ ခင်ဦးမြို့ |
| ၅၁၁ | ကြယ်စင်သစ် မုန့်မျိုးစုံ ထုတ်လုပ်ငန်း | ဆူးလေကုန်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁၂ | ငွေငါး (ငါးပိ၊ ငံပြာရည်လုပ်ငန်း) | အမှတ်(၈/၃၁၅)၊ အောင်သပြေလမ်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁၃ | ဒေါ်နော်နော်ဝင်း ဝဥခြောက် လုပ်ငန်း | အမှတ်(၁၄)၊ စက်ကွင်းရပ်၊ စမ်းမြသီတာ၊ ရွှေမြိုင်သီရိနယ်မြေ၊မော်လမြိုင်မြို့ |
| ၅၁၄ | ယိုမင်းသမီး ယိုစုံ | အမှတ် ၂၇ (A)၊ သီရိသစ္စာလမ်း၊ တိုးချဲ့ -၁၊ မှန်တန်းရပ်၊ အမရပူရ |
| ၅၁၅ | မင်းသိန်းစံ (၂) ဆန်စက် | ပေါက်တုံရွာ၊ ခင်ဦးမြို့နယ်၊ ရွှေဘိုခရိုင် |
| ၅၁၆ | ဦးအောင်သန်းဦး အောင်ရတနာဆန်စက် | နဝရတ်လမ်းမကြီး၊ ဘုရားချောင်း၊ မြောင်းမြမြို့ |
| ၅၁၇ | စေတနာရှင် (၂) ဆန်စက်လုပ်ငန်း | မိုးကုတ်ကျေးရွာ၊ ပုသိမ်မြို့နယ် |
| ၅၁၈ | မင်္ဂလာ မရွှေးလုပ်ငန်း | ပတ္တမြားစက်မှုဇုန်၊ နီလာရပ်ကွက်၊ စစ်ကိုင်းမြို့ |
| ၅၁၉ | မြင့်မြန်မာ သီဟိုဠ်စိုက်ပျိုးရေးနှင့် သီဟိုဠ်စေ့ထုပ်လုပ်ရေး လုပ်ငန်း | အမှတ် (၆၂) ဘီ၊ လှော်ပြာ (ပျဉ်းမပင်)၊ ပုသိမ်မြို့ |
| ၅၂၀ | စိမ်းလဲ့ဝေ သီဟိုဠ်စိုက်ပျိုးရေးနှင့် သီဟိုဠ်စေ့ ထုတ်လုပ်ရေးလုပ်ငန်း | မြတ်တို အကွက် အမှတ် (၁/ခ)၊ မုံရွာ-ရေဦးလမ်းမကြီး၊ ပုသိမ်မြို့ |
| ၅၂၁ | ဦးကျော်သူရ ပီလောပီနံ စိုက်ပျိုးရေးလုပ်ငန်း | အမှတ် (၆၅)၊ ယုဇနလမ်း၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့နယ် |
| ၅၂၂ | ဒေါ်အေးအေးမော် နေလှန်းဆား ထုတ်လုပ်ရေး | ပြင်စလူတိုက်နယ်၊ ၅၃/ ပြင် အလန်းကြိုးဝိုင်း၊ လပွတ္တာမြို့နယ် |
| ၅၂၃ | ဒေါ်မြင့်မြင့်သန်း (နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း) | မကျီးပင်သုံးခွကျေးရွာ၊ မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ် |

*ဆက်လက်ဖော်ပြပါမည်*

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ရေတာရှည်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အဖွဲ့သည် ကျွဲရိုင်းပြင်ကျေးရွာ အုပ်စုအတွင်းရှိ အုန်းပင်ကွေ့ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ၁၁ ကေဗွီလိုင်း ၁ မိုင်နှင့် ၁၁ ဒသမ ၀၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင် တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းများ အမြန်ပြီးစီးရေးနှင့် စံချိန်စံညွှန်းမီအောင် စေတနာထား လုပ်ဆောင်ပေးကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သဘာဝဘေး ရန်ပုံငွေကျပ်သိန်း ၉၀ ဖြင့် တည်ဆောက်လျက်ရှိသည့် ရေတာရှည်- မျက်နှာပြင်- အုန်းပင်ကွေ့လမ်းပေါ်ရှိ ၄၀x၁၆ ပေ သံကူကွန်ကရစ်တံတား တစ်စင်းနှင့် ၂၀x၁၆ ပေ သံကူကွန်ကရစ်တံတား တစ်စင်းတို့ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပေါင်းအိုးအင်း ရေရှည်တည်တံ့နိုင်ရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆင်ငွေကျေးရွာအုပ်စု ဆင်ငွေ- မန်ကျည်းကုန်း- ကူတို့ကုန်း- ထိပ်ပေါက်- နှောပင် ကျေးရွာများသို့ ဆက်သွယ်သည့်လမ်း ကျောက်ရော မြေခင်းခြင်းလုပ်ငန်းနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသည့် သစ်သားတံတား အစား ၆၅x၁၆ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မည့် အနေအထားများ၊ ဆင်ငွေ၊ ကူတို့ကုန်း၊ သာယာကုန်း၊ မန်ကျည်းကုန်း၊ ထိပ်ပေါက်၊ နှောပင်ကျေးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကူတို့ကုန်း ဘုန်းတော်ကြီးကျောင်းဆရာတော်၊ ထိပ်ပေါက်ကျေးရွာ ကျောင်းဆရာတော်နှင့် နှောပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်တို့အား ဖူးမြော်ကန်တော့ကာ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**



# ဘုတ်ပြင်းမြို့နယ်၌ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရေး ကွင်းဆင်းစစ်ဆေး

**ဘုတ်ပြင်း နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ကိုဗစ်- ၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေး၊ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် ပါဆယ်စနစ်ဖြင့်သာ ရောင်းချစေလျက်ရှိသည်။ အဆိုပါစားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို ပြန်လည်ရောင်းချနိုင်ရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့များက ယမန်နေ့က ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် Stay at Home သတ်မှတ်ထားခြင်းမရှိသည့် မြို့နယ်များရှိ စားသောက်ဆိုင်များကို ကိုဗစ်- ၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး (A)အဆင့် သတ်မှတ်ခြင်းခံရသည့် ဆိုင်များကို နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းဦး( ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၁ - ၂၀၂၀

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၀၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၆၅ | ကျပ် | ၅၅၅/၅၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၈၀ | ကျပ် | ၅၇၅/၅၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၂၅ | ကျပ် | ၅၆၀/၅၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၄၀ | ကျပ် | ၆၈၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၉ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၈ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၆၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၅၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၆၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၀၀၀ | ၅၃၀ | ၅၂၅၄၀၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၆၁၀၄ | ၂၂၅၈၃၅၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၁၇၄ | ၃၈၃၂၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၄ | ၃၈၅၀၀ |
| EFR | ၃၁၀၀ | ၃၉၀၀ | ၁၂၀ | ၃၈၂၃၅၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အင်္ဂလိပ်စာအသင်အပြ အလွန်ကောင်းသည့် ကျွန်ုပ်တို့၏ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထင်အောင်

## ဒေါက်တာသန်းဦး

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ ထိုလွတ်လပ်ရေးနှင့် ထက်ကြပ်မကွာလိုက်ပါလာမှုမှာ ပြည်တွင်း သောင်းကျန်းမှုများ ဖြစ်သည်။ (အချို့ပုဂ္ဂိုလ်တို့က ထိုပြည်တွင်းသောင်းကျန်းမှုကို လွတ်လပ်ရေး၏ ဖွားဖက်တော်ဟုပင် ပြောင်လှောင်သရော် ခေါ်ဆိုကြပါသေးသည်။)

ဤစာရေးသူမှာ ၁၉၄၈ ခုနှစ်က ပြည်မြို့ နိုင်ငံတော်တန်းမြင့်ကျောင်းတွင် အထက်တန်းကျောင်းသားဖြစ်ပါသည်။ လွတ်လပ်ရေးရအပြီး မြန်မာနိုင်ငံအနှံ့အပြား၌ နိုင်ငံရေး၊ ဝါဒရေး၊ လူမျိုးရေး၊ ကွဲပြားခြားနားမှုများကို ရှေ့တန်းတင်လာ၍ သောင်းကျန်းမှုများ၊ လုပ်ရှားမှုများ ပေါ်လာသဖြင့် ပညာသင်ကြားရေးမှာ မတည်မငြိမ်ပင် ဖြစ်ခဲ့ရပါသည်။

သောင်းကျန်းမှုအထွတ်အထိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံနေရာအနှံ့အပြား၌ စာစစ်ဌာနများ ဖွင့်လှစ်မကျင်းပနိုင်တော့ပါ။ ၁၉၅၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ စာစစ်ဌာနတစ်ခုတည်းအဖြစ် ရန်ကုန်တက္ကသိုလ်၌ပင် ကျင်းပခဲ့ရပါသည်။ ဤစာရေးသူကောင်းစွာ မှတ်မိပါသည်။ ရန်ကုန်တက္ကသိုလ်ဝင်ခွင့် ထိုစာမေးပွဲကို ဖြေဆိုရန် ပြည်မြို့မှ ရန်ကုန်မြို့သို့ မီးရထားဖြင့် လာရောက်ခဲ့ရပါသည်။

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအနီး မြလမ်း၌ ခေတ္တတည်းခိုနေရပါသည်။ သင်္ကြန်အပြီးမှ ရန်ကုန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ရန်ကုန်တက္ကသိုလ်စာစစ်ဌာနသို့ သွားရောက်ဖြေဆိုရပါသည်။ တစ်ပြည်လုံးတွင် တစ်နေရာတည်း၌သာ ကျင်းပခဲ့ရသော စာစစ်ဌာနဖြစ်ပါသည်။ ဤစာရေးသူ စာမေးပွဲဖြေဆိုခဲ့ရသော စာစစ်ခန်းမှာ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အဆောင်နှင့် အနီးဆုံးကပ်လျက်ရှိသော သုံးထပ်ကျောင်းဆောင်၏ အောက်ဆုံးအထပ် ထောင့်ခန်းဖြစ်ပါသည်။

ထိုတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာစစ်ခန်းကို ကြီးကြပ်သူ ဆရာမှာ မြန်မာဆရာ၊ တိုက်ပုံအင်္ကျီနှင့် ရှူးဖိနပ်စီးထားသည့် အမျိုးသားဆရာကြီးတစ်ဦးဖြစ်ပါသည်။ တက္ကသိုလ်ဆရာကို ဤစာရေးသူ ပထမဆုံးအကြိမ် မြင်ဖူး၊ တွေ့ဖူးခဲ့ခြင်းဖြစ်ပါသည်။ ခံ့ညားထည်ဝါလှသော ထိုဆရာကို ရန်ကုန်တက္ကသိုလ်ရောက်မှ ပြန်လည်တွေ့ရသောအခါ ဆရာသည် ဒဿနိကဗေဒဌာနမှ ဆရာကြီးဦးဖေအောင် ဖြစ်နေကြောင်း ပြန်လည်သိရှိရပါသည်။

စာရေးသူသည် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်၍ ၁၉၅၀-၅၁ ပညာသင်နှစ်တွင် တက္ကသိုလ် ဥပစာဝိဇ္ဇာတန်းပထမနှစ်ကျောင်းသား ဖြစ်လာပါသည်။ အဆောင်နေခွင့်ကို ပင်းယကျောင်းဆောင်တွင် အောက်ဆုံးထပ်၌ အခန်းတစ်ခန်း ရရှိပါသည်။ ထိုစဉ်က အဆောင်တွင် တစ်ခန်းတစ်ယောက်နေခွင့်ရနေသေးသည့်အချိန် ဖြစ်ပါသည်။ အဆောင်ဟောလ်ကျူတာမှာ သချ်ာဌာနမှ ဆရာကြီး ဦးဘတုတ်ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်မှာ ဆရာကြီးဒေါက်တာ ထင်အောင်ဖြစ်ပါသည်။ *၁ ဆရာကြီးသည် ဝိဇ္ဇာပညာရပ်များ၊ ဥပဒေပညာရပ်များဆိုင်ရာ မဟာ ဘွဲ့များ၊ ပါရဂူဘွဲ့များ အထပ်ထပ်ကို ရရှိထားသူ တစ်ယောက်ဖြစ်ကြောင်း သိခွင့်သိရှိမှတ်သားရပါသည်။ ဆရာကြီး ဒေါက်တာထင်အောင်ကို မလှမ်းမကမ်းမနီးမဝေးလောက်၌သာ မြင်တွေ့နေရပါသည်။ အရပ်ပုပု၊ ခပ်ဝဝ ဆရာကြီးတစ်ယောက်အဖြစ်ဖြင့်သာ တွေ့မြင်နေရခြင်း၊ လေးစားသမှု၊ ရိုသေသမှုပြုနေရခြင်း ဖြစ်ပါသည်။

(*၁ University of Rangoon Calendar for 1950–52, Calcutta Press, Rangoon. First Cover.)



ပါမောက္ခချုပ် ဆရာကြီးဒေါက်တာထင်အောင်။

စာရေးသူသည် ဥပစာဝိဇ္ဇာတန်းတက်ရောက်စဉ် အင်္ဂလိပ်စာကို အင်္ဂလိပ်စာ ဆရာမ ဒေါ်တင်စောမူ၏ အတန်း၌ တက်ရောက်သင်ယူရပါသည်။ ဆရာမ ဒေါ်တင်စောမူမှာ ဆရာကြီးဒေါက်တာထင်အောင်၏ နှမအငယ်ဆုံး ဖြစ်ပါသည်။ ထိုစဉ်က အင်္ဂလိပ်စာအသင်အပြ အလွန်ကောင်းသည်ဟု ကျော်ကြားထင်ရှားသော ဆရာတစ်ဦးမှာ ဆရာဦးခင်မောင်လတ် ဖြစ်ပါသည်။ ဆရာဦးခင်မောင်လတ် သင်ကြားသော အင်္ဂလိပ်စာအတန်း၌ အခြားအင်္ဂလိပ်စာအတန်းများမှ လာရောက်လေ့လာနားထောင်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အတန်းပြည့်လျှံ၍ အတန်းအပြင်ဘက်တွင် စုရုံးနားထောင်နေကြသည့် တပည့်အများအပြား တွေ့မြင်နေရပါသည်။

စာရေးသူ၏အတန်း၊ အင်္ဂလိပ်စာပြ ဆရာမဒေါ်တင်စောမူ နေထိုင်မကောင်းသဖြင့် အတန်းမဝင်ဖြစ်ပါ။ ဒေါ်တင်စောမူ အတန်းသို့ အင်္ဂလိပ်စာပါမောက္ခ(ထိုစဉ်က ဆရာကြီးဒေါက်တာထင်အောင်)ဆရာကြီး ကိုယ်တိုင်ဝင်ရောက်လာ၍ အင်္ဂလိပ်စာကို သင်ကြားပြသပေးပါသည်။

စာရေးသူတွေ့ချင်နေသော ပါမောက္ခချုပ် ဆရာကြီးသည် ယခုအခါ အင်္ဂလိပ်စာပါမောက္ခအဖြစ် ဥပစာဝိဇ္ဇာ၊ အင်္ဂလိပ်စာ အတန်းသို့ ဝင်ရောက်သင်ကြားခြင်းဖြစ်သဖြင့် ဤစာရေးသူအဖို့ ကြုံတောင့်ကြုံခဲ၊ ဆုံတောင့်ဆုံခဲရသော အခါအခွင့်ကို ရရှိသွားခြင်း ဖြစ်ပါသည်။ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေရပါသည်။ ကောင်းစွာ မှတ်မိပါသေးသည်။

ယခုအခါ စာရေးသူသည် မိမိတွေ့မြင်ချင်နေသော ဆရာကြီးကို အနီးကပ်မြင်တွေ့နေရပြီ ဖြစ်ပါသည်။ ဆရာကြီး၏ သင်ကြားပြသလမ်းညွှန်မှုကိုလည်း ကောင်းစွာလက်ခံရရှိနေပြီလည်း ဖြစ်ပါသည်။ ဆရာကြီးကို ဤစာရေးသူ အနီးကပ်လေ့လာဖြစ်ပါသည်။ ကြည်ညိုလေးစားပါသည်။

အင်္ဂလိပ်စာသင်ကြားရာ၌ ဆရာကြီးသည် ဟိတ်ဟန်မရှိပါ။ ရိုးစင်းသော ပကတိစိတ်နေစိတ်ထားအတိုင်း ဆရာကြီး၏ ဆရာဟန်အမူအရာသည်လည်း ဖြူစင်ရိုးစင်းနေပါသည်။ တပည့်များကိုလည်း လေးလေးစားစား ပြောဆိုဆက်ဆံပါသည်။ ဤစာရေးသူက ဆရာကြီး အင်္ဂလိပ်စာသင်ကြားမှုတွင် အင်္ဂလိပ်လို ပြောဆိုမှုကို အထူးဂရုပြုသတိထား လေ့လာမိပါသည်။ အင်္ဂလိပ်စကားကို ပြောဆိုရာတွင် ဖြည်းဆေးစွာနှင့် ပီသစွာ ပြောပါသည်။ (အချို့ပုဂ္ဂိုလ်တို့သည် အင်္ဂလိပ်စကားကို အင်္ဂလိပ်အသံနှင့်တူအောင် တမင်လုပ်၍ ပြောဆိုမှုရှိသည်ကို ကြားသိရဖူးပါသည်။) ဆရာကြီးသည် အင်္ဂလိပ်စကားကို အင်္ဂလိပ်သံလုပ်၍ မပြောပါ။ အင်္ဂလိပ်စာအသံထွက်အမှန်အတိုင်း၊ ထိုအသံထွက်အမှန်အတိုင်း ထိုအသံထွက်ဖြင့်သာ ပြောပါသည်။ ထိုအချက်သည် ဆရာကြီး၏ ထူးခြားချက်ဖြစ်ပါသည်။ ဆရာကြီးပြောသော အင်္ဂလိပ်စကား သင်ကြားပြသသော အင်္ဂလိပ်စာကို စာရေးသူတို့ ကောင်းစွာ လိုက်နာ၊ မှတ်သားနိုင်ကြပါသည်။ တစ်စုံတစ်ရာ အခက်အခဲမရှိပါ။ တပည့်များ သိရှိနားလည်တတ်ကျွမ်းအောင် ဆရာကြီး၏ သင်ပြမှုဖြင့် စွမ်းဆောင်နိုင်စွမ်းရှိပါသည်။

ဆရာကြီး စာသင်ကြားရာတွင် တပည့်များ၊ စိတ်ပျော်ရွှင်အောင်၊ မှတ်မိသားမိအောင်၊ ရယ်စရာကလေးများကို ကြားညှပ်၍ ပြောဆိုသင်ကြားပါသည်။ ယနေ့တိုင် စွဲစွဲမြဲမြဲ မှတ်မိနေပါသည်။ ဆရာကြီး ဒေါက်တာထင်အောင် ပြောခဲ့သော*၂

"I am Pho Toke. I am from Moe Goke.

I play with O boke and Jyo yoke.

ဆိုသော စကားစုမှာ ကာရန်ကိုက် စကားတစ်ခုဖြစ်၍ ယခုကဲ့သို့ စွဲစွဲမြဲမြဲ မှတ်မိနေခြင်းပင် ဖြစ်ပါလိမ့်မည်။"

(*၂ ဆု စာအုပ်တိုက်၊ ရန်ကုန်တက္ကသိုလ်၊ ပထမဆုံး ပါမောက္ခချုပ်၊ ဒေါက်တာထင်အောင်၏ ဘဝခရီးနှင့် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ ပထမအကြိမ်၊ စာမျက်နှာ ၁၄ ရှု။)

ဤစာရေးသူသည် အင်္ဂလိပ်စာသင်ယူရသည့် ကျောင်းသားဘဝက ဆရာကြီးဒေါက်တာထင်အောင် ရေးသားပြုစုခဲ့သည့် အောက်စဖို့ဒ် တက္ကသိုလ်ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့သည့် A Book of English Verse အင်္ဂလိပ်ကဗျာပြဋ္ဌာန်းစာအုပ်ကို သင်ယူဖြစ်ခဲ့ဖူးပါသည်။ ထို့ပြင် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့သည့် ဆရာကြီး၏ **"မြန်မာ့ပုံပြင်သုံးဆယ်"** Thirty Burmese Tales စာအုပ်ကိုလည်း သင်ယူဖြစ်ခဲ့ဖူးပါသည်။

**"အင်္ဂလိပ်စာ သင်ကြားရာ၌ ဆရာကြီးသည် ဟိတ်ဟန်မရှိပါ။ ရိုးစင်းသော ပကတိ စိတ်နေစိတ်ထားအတိုင်း ဆရာကြီး၏ ဆရာဟန်အမူအရာသည်လည်း ဖြူစင်ရိုးစင်းနေပါသည်။ တပည့်များကိုလည်း လေးလေးစားစား ပြောဆိုဆက်ဆံပါသည်"**

University of Rangoon.

CHANCELLOR.
Hon'ble Thakin Nu, The Prime Minister of the Union of Burma.

VICE-CHANCELLOR.
Hon'ble Mr. Justice E Maung, M.A., LL.B.,( Cantab ), Barrister-at-Law.

OFFICERS.

ADMINISTRATOR.
✓ Dr. Htin Aung, LL.B. (London), M.A., Ph. D., D. LITT. (Dublin). Barrister-at-Law.

DEANS.
Arts. —U Aung Hla, M.A. (Cantab), Barrister-at-Law.
Science. —U Po Tha, M.Sc.
Engineering. —D. Pendril-Davis, M.I.E.E., M.I. MECH.E.
Medicine. —Col. Min Sein, M.B., M.R.C.P. (Lond.), M.R.C.S.
Law. —Dr. Ba Han, M.A., Ph. D., D. LITT., Barrister-at-Law.
Education. —U Ba, B.A., B.Ed.,(Edin).
Agriculture. —U Hla On, DIP. AG., A.I.C.T.A., (Trinided).

PROFESSORS.
✓English. ✓—Dr. Htin Aung, LL.B. (London), M.A., Ph. D., D. LITT. (Dublin), Barrister-at-Law.
Burmese. —U E Maung, M.A.
Pali. —U Bla Aung, B.A.
Mathematics. —U Aung Hla, M.A. (Cantab), Barrister-at-Law.
Physics. —Dr. Maung Maung Kha, M.Sc., Ph. D. (London). D.I.C., A INST. P., F.R.METS. S.
Chemistry. —U Po Tha, M.Sc.
Biology. —Vacant.
Geography. —Vacant.
Geology. —Dr Tha Hla, Ph. D. (London), D.I.C., A.R.I.C., F.G.S.
History. —Vacant.
Philosophy. —Dr. Hla Bu, M.A., Ph. D. (London).
Economics. —Vacant.
Law. —Dr Ba Han, M.A., Ph. D., D. LITT., Barrister-at-Law.
Engineering. —D. Pendril-Davis, M.I.F.E., M.I. MECH. E.
Education. —U Ba, B.A., B.Ed. (Edin.)
Agriculture. —U Hla On DIP. AG., A.I.C.T.A. (Trinided).
Anatomy —Dr D R Lewis, M B., F.R.C.S. (E).
Physiology. —Dr U E, M.B.B.S., D.T.M. & H., M.R C.S., M.R C P. (E).
Pathology. —Vacant
Medicine —Col. Min Sein, M.B., M.R.C.P (Lond.), M.R.C.S.
Surgery. —Dr Ba Than M B. F R.S.C. (E).
Obstetrics & Gynaecology } Dr. Daw Yin May, M.B., M.R C.S. (E)., F.R.C.S. (E)., M.R.C P. (E).

REGISTRAR.
Mr P. Yu Kin, B.Sc.

AFFILIATED COLLEGE.
UNIVERSITY COLLEGE, MANDALAY.
Principal. —U Ko Lay M.Sc., A.I.C., D.I.C.

၁၉၅၀-၅၂ ရန်ကုန်တက္ကသိုလ် Calender မှ တက္ကသိုလ်အဓိပတိနှင့် ပါမောက္ခချုပ်နှင့် ဆရာများ

စာမျက်နှာ ၂၁ သို့

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုများစိစစ်ရွေးချယ်ခြင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုများ ချီးမြှင့်ရေးအတွက် ဆောင်းပါးဆု စိစစ်ရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ဝတ္ထုတိုဆုများ စိစစ်ရွေးချယ်ခြင်းကို Online Video Conferencing စနစ်ဖြင့် လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများ၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်း ဆောင်ရွက်နေမှုများကို ရေးသားယှဉ်ပြိုင်ရန် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ဖိတ်ခေါ်ခဲ့ရာ ဆောင်းပါးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ ၆၄ ဦးတို့က ပြိုင်ပွဲဝင်ဆောင်းပါး ၆၄ ပုဒ်ကိုလည်းကောင်း၊ ဝတ္ထုတို ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၁ ဦးက ပြိုင်ပွဲဝင်ဝတ္ထုတို ၄၁ ပုဒ်ကိုလည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ဆောင်းပါးများနှင့် ဝတ္ထုတိုများ ဆုစိစစ်ရွေးချယ်ခြင်းကို စာပေပညာရှင်များနှင့် ရန်ကုန်တက္ကသိုလ်မှ ကိုယ်စားလှယ်များက ပြိုင်ပွဲဝင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်စိစစ်ရွေးချယ်ခဲ့ကြသည်။ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုအဖြစ် ဦးတင်ထွန်း (ချယ်ရီမြေ မောင်တင်ထွန်း)၊ ဒုတိယဆုအဖြစ် ဦးသက်ဦး (သက်ဦးမောင်-မဟာဝိဇ္ဇာ)၊ တတိယဆုအဖြစ် ဦးပွင့်သူအောင် (တက္ကသိုလ်ပွင့်သူအောင်)၊ အထူးဆုများအဖြစ် အထူးဆု-၁ ဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)၊ အထူးဆု-၂ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း-ဥပဒေ)၊ အထူးဆု-၃ ဦးညွန့်မောင် (မိုးမင်းဇော်)၊ အထူးဆု-၄ ဦးဇော်လွင်ဦး (ကိုတူး-သာယာမြိုင်)၊ အထူးဆု-၅ ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး) တို့ကလည်းကောင်း၊ ဝတ္ထုတို ပြိုင်ပွဲတွင် ပထမဆုအဖြစ် ဦးမင်းသိန်းမွန် (အောင်ဟိတ်)၊ ဒုတိယဆုအဖြစ် မောင်ဝေယံမောင်မောင် (ကောလိယဝေယံမောင်မောင်)၊ တတိယဆုအဖြစ် ဦးမြင့်သိန်း (ထွန်းနိုင်)၊ အထူးဆုများအဖြစ် အထူးဆု-၁ ဦးဝင်းသိန်း (ကျောင်းဆရာကိုကိုဝင်း-ပျဉ်းမနား)၊ အထူးဆု-၂ ဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)၊ အထူးဆု-၃ ဒေါ်အေးအေးဟန် (ခင်အေးအေးဟန်)၊ အထူးဆု-၄ ဦးစိန်လှအောင် (စိန်လှအောင်-မြန်မာစာ)၊ အထူးဆု-၅ ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ) တို့ကလည်းကောင်း အသီးသီးဆုများ ရရှိခဲ့ကြသည်။ အဆိုပါ ဆောင်းပါး၊ ဝတ္ထုတို ဆုပေးပွဲ ကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**



ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဆောင်းပါး ဆုစိစစ်ရွေးချယ်ရေး အစည်းအဝေး ကျင်းပစဉ်။

# ဗန်းမောက်-ဝန်းသို လမ်းမပေါ်ရှိ အောင်သာကုန်း ချောင်းကူးတံတား ၉၇ ရာခိုင်နှုန်းပြီးစီး

**ဗန်းမောက် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ဗန်းမောက်မြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ကောလင်းမြို့နယ်များသို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေးတို့ လွယ်ကူကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၃၉၁ ဒသမ ၁၈ သန်းဖြင့် ဗန်းမောက်-ဝန်းသို-ကောလင်းလမ်းမပေါ်ရှိ ဗန်းမောက်မြို့ အောင်သာကုန်းကျေးရွာအနီး ချောင်းကူးတံတားကို ဇန်နဝါရီ ၂၅ ရက်မှစ၍ တည်ဆောက်လျက်ရှိသည်။

အဆိုပါ တံတားတည်ဆောက်မှုလုပ်ငန်းများ ယခုအခါတွင် ၉၇ ရာခိုင်နှုန်း ပြီးစီး၍ နိုဝင်ဘာလကုန်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းချောင်းကူးတံတားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး သံကူကွန်ကရစ်ကမ်းကပ်ခုံ နှစ်ခု၊ ရေလယ်တိုင် နှစ်တိုင်၊ အရှည်ပေ ၁၈၀ ရေလယ်ကင်းလွတ်အမြင့် ၁၅ ပေ၊ အကျယ် ပေ၂၀ ရှိကြောင်း သိရသည်။

**နီတိုး**

*စာမျက်နှာ ၂၀ မှ*

ယခုအခါတွင် ဆရာကြီး၏ ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းထားသော အင်္ဂလိပ်ကဗျာစာအုပ်နှင့် အင်္ဂလိပ်ဖတ်စာ စာအုပ်များဖြင့် စာရေးသူတို့ သင်ယူခဲ့ဖူးရုံသာမက ဆရာကြီးကိုယ်တိုင်ကိုယ်ကျ ယခုလို အတန်းဝင်၍ အတန်းသင် သင်ကြားနေမှုကို တပည့်တို့ကိုယ်တိုင်က ခံယူရရှိနေရပြီ ဖြစ်သဖြင့် အတိုင်းမသိ ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရပါတော့သည်။

ရန်ကုန်တက္ကသိုလ်မှ ဘွဲ့များရပြီးနောက် ဆရာကြီးနှင့် မဆုံတွေ့ဖြစ်ခဲ့ပါ။ ဆရာကြီးသည် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သီဟိုဠ်နိုင်ငံ(ယခု သီရိလင်္ကာနိုင်ငံ)တွင် နိုင်ငံတာဝန်ထမ်းဆောင်နေကြောင်း၊ ထို့နောက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ ကိုလံဘီယာတက္ကသိုလ်၊ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ် စသည်တို့၌ ဧည့်ပါမောက္ခအဖြစ် သွားရောက်ပညာသင်ကြားပို့ချနေကြောင်း သတင်းကောင်း၊ သတင်းစကားများသာ ကြားသိနေရပါသည်။

ဤစာရေးသူ အလုပ်ခွင်၌ ရှိနေစဉ်အတွင်း တစ်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်ရှိသွားပါသည်။ လေဆိပ်ဧည့်ခန်း၌ ဆရာကြီး ဒေါက်တာထင်အောင်ကို အမှတ်မထင်အံ့သြစွာ တွေ့လိုက်ရပါသည်။ ဆရာကြီးသည် လေဆိပ်ဧည့်ခန်း၌ ကြိုဆို နှုတ်ဆက်မည့်သူမရှိ၊ တစ်ဦးတည်း တစ်ကိုယ်တော် တွေ့လိုက်ရခြင်းဖြစ်ပါသည်။ ဤစာရေးသူက ဆရာကြီးကို ကောင်းစွာမှတ်မိသဖြင့် ဆရာကြီးအား သွားရောက်တွေ့ဆုံဂါရဝပြုပါသည်။ ဆရာကြီး၏ စာသင်သားတပည့် ဖြစ်ခဲ့ဖူးကြောင်း၊ ဆရာကြီး၏ အသင်အပြကောင်းမှုကို ယခုတိုင် စွဲမြဲစွာမှတ်မိ၊ ကျေးဇူးတင်ရှိနေကြောင်း စသည်များကို ပြန်လည်ပြောပြသည့်အခါ ဆရာကြီးသည်များစွာ ကြည်နူးဝမ်းမြောက်ခြင်းရှိသွားပါသည်။ မိမိ၏ တပည့်နှင့် ယခုကဲ့သို့ အမှတ်မထင် ပြန်လည်ဆုံတွေ့ရခြင်း၊ ကြုံတောင့်ကြုံခဲအခွင့်အရေးရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်းတို့ကို ဆရာကြီးက ပြန်လည်ပြောကြားပါသည်။ ဤတွေ့ဆုံမှုသည် ဒုတိယအကြိမ် တွေ့ဆုံရမှုပင် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဆရာကြီး ကွယ်လွန်သွားကြောင်းသာ သတင်းစကားဖြင့်သာ သိရှိရပါသည်။


> **“ပါမောက္ခချုပ်ဆရာကြီးဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်က ပြုစုပျိုးထောင်ပေးလိုက်သည့် (မွေးထုတ်လိုက်သည့်) ရန်ကုန်တက္ကသိုလ်၏ သားကောင်းသားမြတ်ရတနာတစ်ပါး ဖြစ်ပါသည်။ ဆရာကြီးသည် အမိရန်ကုန်တက္ကသိုလ်နှင့် နိုင်ငံရပ်ခြားတက္ကသိုလ်များ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ စာပေ၊ ဝိဇ္ဇာပညာရပ်များ၊ ဥပဒေပညာရပ်များကို သင်ယူဆည်းပူးခဲ့စဉ်ကာလ၌ မဟာဘွဲ့များ၊ ပါရဂူဘွဲ့များ၊ ဂုဏ်ထူးဆောင်စာပေ၊ ဥပဒေပါရဂူဘွဲ့များ အများအပြားကို ရရှိခဲ့သူတစ်ဦးဖြစ်ပါသည်။ ထင်ရှားကျော်ကြားသည့် မြန်မာပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်သူတစ်ဦး၊ မြန်မာပညာရှင်တစ်ဦးအဖြစ် ကောင်းစွာမှတ်တမ်းတင်ထားပါသည်”**

စင်စစ်အားဖြင့် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်က ပြုစုပျိုးထောင်ပေးလိုက်သည့် (မွေးထုတ်လိုက်သည့်) ရန်ကုန် တက္ကသိုလ်၏ သားကောင်းသားမြတ် ရတနာတစ်ပါး ဖြစ်ပါသည်။ ဆရာကြီးသည် အမိရန်ကုန်တက္ကသိုလ်နှင့် နိုင်ငံရပ်ခြားတက္ကသိုလ်များ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ စာပေ၊ ဝိဇ္ဇာပညာရပ်များ၊ ဥပဒေပညာရပ်များကို သင်ယူဆည်းပူးခဲ့စဉ်ကာလ၌ မဟာဘွဲ့များ၊ ပါရဂူဘွဲ့များ၊ ဂုဏ်ထူးဆောင်စာပေ၊ ဥပဒေပါရဂူဘွဲ့များ အများအပြားကို ရရှိခဲ့သူတစ်ဦးဖြစ်ပါသည်။ ထင်ရှားကျော်ကြားသည့် မြန်မာပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်သူတစ်ဦး၊ မြန်မာပညာရှင်တစ်ဦးအဖြစ် ကောင်းစွာ မှတ်တမ်းတင်ထားပါသည်။

ဆရာကြီးသည် မိခင်ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းဖြင့် မိခင်တက္ကသိုလ်အား ထိုက်ထိုက်တန်တန် ကျေးဇူးတုံ့ပြန်ပေးဆပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့သော ဆရာကြီး၏ တပည့်အဖြစ် စာရေးသူတို့ ဆရာကြီးထံမှ သင်ကြားသင်ယူမှုတို့ကို ခံယူလိုက်ရခြင်းသည် ဆရာကောင်းတပည့်အဖြစ် ပန်းကောင်းပန်လိုက်ရခြင်းသာဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်ရာပြည့်ကာလ အကြိုဂုဏ်ပြုစကားအဖြစ် ရေးသားလိုက်ရပါသတည်း။ ။

## ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာ သန်းဦး၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ်ဘီအေ(အီးဒီ)ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာဦးဘ၏ ပထမရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ်ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက် အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄-၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ်ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆-၁၉၇၇ | လက်ထောက် သုတေသနအရာရှိမှ ဥက္ကဋ္ဌရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ ဦးစီးဌာန |
| ၁၉၇၇-၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉-၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန |
| ၂၀၁၅-ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅-မေ | အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅-ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရ |

# "လှပတင့်ဆန်း မြိတ်တက္ကသိုလ်ပန်း " အငြိမ့်အဖွဲ့ ဖျော်ဖြေမည်

တွေ့ဆုံမေးမြန်း- ရီရီမြင့် ၊ ဓာတ်ပုံ- ရီရီ

ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်မှ ကံ့ကော်မြိုင်အငြိမ့်၊ ဒဂုံတက္ကသိုလ်မှ ဒဂုံကေရီ၊ မန္တလေးတက္ကသိုလ်မှ မြကွန်းသာအငြိမ့်တို့၏ ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပြီးဖြစ်သည်။



ဒေါ်စောမြတ်ဥမ္မာ
ကထိက၊ အင်္ဂလိပ်စာဌာန



ဒေါက်တာဇင်မိုစံ
လက်ထောက်ကထိက၊ မြန်မာစာဌာန



ဦးတင်မောင်ဝင်း
အကနည်းပြ



မဖြူဇင်ဦး
ဒုတိယနှစ် မြန်မာစာ



မပြည့်ပြည့်မွန်
ဒုတိယနှစ် ပထဝီဝင်

မကြာမီ မြိတ်တက္ကသိုလ်မှ "လှပတင့်ဆန်း မြိတ်တက္ကသိုလ်ပန်း " အငြိမ့်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ရန်အတွက် ရန်ကုန်တက္ကသိုလ် စစ်ကိုင်းဆောင်၌ ဇာတ်တိုက်လေ့ကျင့်နေမှုကို မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းထားပါသည်။

**ဒေါ်စောမြတ်ဥမ္မာ**
**ကထိက၊ အင်္ဂလိပ်စာဌာန**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အငြိမ့်ဖျော်ဖြေပွဲကြီးမှာ မြိတ်တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေနဲ့ လာရောက်ဖျော်ဖြေရိုက်ကူးခြင်း ဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ နိုဝင်ဘာလ ၂၄ ရက်မှာ ရိုက်ကူးရေးလုပ်မယ်။ နိုဝင်ဘာလ ၂၈ ရက်မှာ ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မြိတ်တက္ကသိုလ်က စာပေနဲ့ ယဉ်ကျေးမှုအသင်းက အကအဖွဲ့ကတော့ ပုံမှန်သင်္ကြန်တို့၊ မြိတ်မြို့မှာရှိတဲ့ အခမ်းအနားတွေ၊ နိုင်ငံတော်အခမ်းအနားတွေမှာ ဖျော်ဖြေလေ့ ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ဂုဏ်ပြုဖို့အတွက် ဒီအငြိမ့်အဖွဲ့လေးကို ပထမဆုံးအကြိမ် စပြီးဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ ဒီအငြိမ့်အဖွဲ့ကို ရွှေတံဆိပ်ဆုများရှင် ပြည်မြန်မာဟိန်းရာဇာဆိုင်းအဖွဲ့နဲ့ တွဲဖက်ပြီး ဖျော်ဖြေမှာ ဖြစ်ပါတယ်။ မြိတ်တက္ကသိုလ်အနေနဲ့ စာပေနဲ့ ယဉ်ကျေးမှုကတော့ စဉ်ဆက်မပြတ် ပါဝင်လာခဲ့တယ်။ ထိုင်းနိုင်ငံ PBRU တက္ကသိုလ် (Phetchaburi Rajabhat University) နဲ့လည်း အာဆီယံ အနုပညာနဲ့ ယဉ်ကျေးမှု ဖလှယ်ပွဲတွေ လုပ်တာသုံးနှစ်ဆက်တိုက်ရှိပါပြီ။ နောက်ပိုင်းမှာလည်း မြိတ်တက္ကသိုလ်အနေနဲ့ အနုပညာမှာ ထွန်းထွန်းပေါက်ပေါက်နဲ့ မျိုးဆက်သစ် ကျောင်းသားလေးတွေ ဒီအငြိမ့်အဖွဲ့ကို ထိန်းသိမ်းပြီး ဆက်လက်ပါဝင်စေချင်ပါတယ်။

**ဒေါက်တာဇင်မိုစံ**
**လက်ထောက်ကထိက၊ မြန်မာစာဌာန**

အငြိမ့်အဖွဲ့ရဲ့ အုပ်ချုပ်သူ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အခမ်းအနားမှာ လာရောက်ဖျော်ဖြေရတဲ့အတွက် အင်မတန် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်မတို့က နယ်မြို့လေးဆိုပေမယ့် တက္ကသိုလ်အားလုံးနဲ့ယှဉ်ပြီး လမ်းပန်းခရီး ခက်ခဲတဲ့ကြားက တစ်သက်မှာတစ်ခါ ကြုံခဲရတဲ့ ရာပြည့်ပွဲကို ဖျော်ဖြေခွင့်ရတဲ့အတွက်ကြောင့် မြိတ်တက္ကသိုလ်ရဲ့ကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်မတို့ အငြိမ့်အဖွဲ့ကိုလည်း အားပေးကြပါဦးလို့။ အငြိမ့်အဖွဲ့က အခုမှ စကပြတာဆိုတော့ အတွေ့အကြုံမရှိသေးပါဘူး။ ပညာရှင်လည်း မဟုတ်ဘူး၊ ဝါသနာရှင်တွေဖြစ်တဲ့အတွက်ကြောင့် အမှားတွေပါခဲ့သည်ရှိသော် အကုန်လုံးကို ချစ်သောမျက်စိနဲ့ ကြည့်ရှုဝေဖန်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ပြောပြပေးစေချင်ပါတယ်။ဒီအဖွဲ့ကြီး ဆက်လက်တည်တံ့အောင် ကျွန်မအနေနဲ့ ဆက်လက်ပံ့ပိုးကြိုးစားပါ့မယ်။

**ဦးတင်မောင်ဝင်း**
**အကနည်းပြ**

ဒီအငြိမ့်အဖွဲ့အတွက် မင်းသမီးလေးတွေကို နည်းပြအဖြစ် သင်ကြားပေးရပါတယ်။ မင်းသမီးတွေမှာ ရှိသင့်တဲ့အက၊ ရွှေတံဆိပ်ဆုများရှင် တေးရေးဆရာ ဖွဲ့ဝင့်နိုင်နဲ့ ဆရာမမယ်မူ(ဘီအီးဒီ)တို့ ရေးသားတဲ့ သီချင်း ၁၀ ပုဒ်ကို အကအားလုံးနဲ့ ပတ်သက်ပြီး သင်ကြားပေးရတာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်တဲ့ အငြိမ့်နဲ့ ပတ်သက်တဲ့ အငြိမ့်သမားစဉ် အကအလှလေးတွေကို သေသေချာချာ သင်ပေးထားပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲအတွက် မြိတ်တက္ကသိုလ်ကနေ လာရောက်ဖျော်ဖြေခွင့်ရတဲ့ အကနည်းပြတစ်ယောက်အနေနဲ့ ပံ့ပိုးကူညီပေးရတာ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ တစ်သက်မှ တစ်ခါသာ ကြုံရတဲ့ ဒီပွဲကိုလည်း ပံ့ပိုးကူညီခွင့်ရတာလည်း အားလုံးကို ကျေးဇူးတင်ပါတယ်။

**မဖြူဇင်ဦး**
**ဒုတိယနှစ် မြန်မာစာ**

ကျွန်မက ဒီအငြိမ့်အဖွဲ့မှာ ခေါင်းဆောင်မင်းသမီးနေရာက ကမှာပါ။ သီချင်းငါးပုဒ်နဲ့ ကပြမှာပါ။ ကျွန်မ ကပြမယ့် သီချင်းတွေကတော့ "ရတုရာချီ တက္ကသိုလ်ဆီ၊ ဖြူဇင်ဦးရဲ့ ပို့မေတ္တာ၊ မြိတ်မြို့ဆီသို့ လှမ်းလာခဲ့ပါ၊ မြေနီလမ်းက စောင့်နေမယ်၊ ထာဝရတည်စေသော်"တို့ ဖြစ်ပါတယ်။ ကျွန်မက ငယ်ငယ်ကတည်းက အကဝါသနာပါတယ်။ ဆိုကရေး တီးပြိုင်ပွဲတွေမှာ ပြိုင်ဖူးပါတယ်။ အခုလေ့ကျင့်ခဲ့တဲ့အချိန်မှာလည်း အခက်အခဲတွေ သိပ်မရှိပါဘူး။ အကောင်းဆုံးကပြဖျော်ဖြေသွားမှာပါ။

**မပြည့်ပြည့်မွန်**
**ဒုတိယနှစ် ပထဝီဝင်**

ကျွန်မက ရှေ့ထွက်မင်းသမီးအနေနဲ့ ကပြဖျော်ဖြေမှာပါ။ ကျွန်မက သီချင်းငါးပုဒ်နဲ့ ကပြဖျော်ဖြေမှာပါ။ ကျွန်မကပြဖျော်ဖြေမယ့် သီချင်းတွေကတော့ "ဂုဏ်ပြုတေးသံ၊ မော်ကွန်းတည်တဲ့ ရာပြည့်သဘင်၊ ရာပြည့်ပွဲမှာ ဆုံကြမယ်လေ၊ ဖိတ်ခေါ်သံ၊ ဂါရဝပန်ဆင်ဆရာသခင်"တို့ ဖြစ်ပါတယ်။ ရက် ၂၀ လောက် လေ့ကျင့်ခဲ့ရပါတယ်။ တက္ကသိုလ်ကောလိပ်ရောက်မှ ကဖြစ်တာပါ။ အကောင်းဆုံး ကြိုးစားထားပါတယ်။ မြိတ်တက္ကသိုလ်အနေနဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲမှာ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

**မောင်အောင်မျိုးပိုင်**
**စတုတ္ထနှစ် ဘူမိဗေဒ**



မောင်အောင်မျိုးပိုင်
စတုတ္ထနှစ် ဘူမိဗေဒ

ကျွန်တော်က လူရွှင်တော် ကောင်းချစ်အမည်နဲ့ ဖျော်ဖြေမှာပါ။ တက္ကသိုလ်ကျောင်းသားဖြစ်တဲ့အတွက် ဘယ်သူ့ကိုမှ မထိခိုက်ဘဲ ပုံမှန်ဟာသ၊ ပြက်လုံး ပြက်ကွက်လေးတွေကို လူရွှင်တော် ဆရာကြီး ဦးပေါက်ပွင့်က အနီးကပ်သင်ကြားပေးပြီး အကောင်းဆုံး ကြိုးစားထားပါတယ်။ ပြက်လုံးတွေအနေနဲ့ဆိုရင် အခုခေတ်ယဉ်ကျေးမှုနဲ့ ယခင်ယဉ်ကျေးမှု နှိုင်းယှဉ်ထားတာပါမယ်။ ***စာမျက်နှာ ၂၃ သို့***




မြိတ်တက္ကသိုလ်ကို တွေ့ရစဉ်။




မြိတ်တက္ကသိုလ်မှ "လှပတင့်ဆန်း မြိတ်တက္ကသိုလ်ပန်း " အငြိမ့်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



မောင်ကျော်သန့်ဇင်
တတိယနှစ် အဏ္ဏဝါသိပ္ပံ



မောင်မင်းမောင်မောင်
ပထမနှစ် ဂုဏ်ထူးတန်းမြန်မာစာ

*စာမျက်နှာ ၂၂ မှ*

မြန်မာဇာတ်ထုပ်အနေနဲ့ ပါမယ်။ အငြိမ့်သမားစဉ်ရဲ့ သံချပ်လေးတွေ ရော စုံလင်စွာနဲ့ အကောင်းဆုံး ကြိုးစားထားပါတယ်။ ကျွန်တော့်ရဲ့ တက္ကသိုလ်ကျောင်းသားဘဝမှာ မှတ်တိုင်တစ်ခုအနေနဲ့ ရာပြည့် တက္ကသိုလ်ပွဲတော်ကြီးမှာ ပါဝင် ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာ ဂုဏ်ယူမိပါတယ်။

**မောင်ကျော်သန့်ဇင်**
**တတိယနှစ် အဏ္ဏဝါသိပ္ပံ**

ပေါက်ကျိုင်းဆိုတဲ့ လူရွှင်တော် နာမည်နဲ့ ဖျော်ဖြေမှာပါ။ တက္ကသိုလ်ကျောင်းရဲ့ ဂုဏ်နဲ့အညီ တက္ကသိုလ်ကျောင်းသားကျောင်းသူ တွေနဲ့ဆီလျော်တဲ့ ပြက်လုံးလေး တွေ၊ ရှေးယခင်ခေတ်နဲ့ ယခုခေတ် ဘယ်လို ကွာဟချက်လေးတွေ ရှိသလဲဆိုတာ ပုံဖော်ပြတဲ့ ပြက်လုံး လေးတွေ၊ အငြိမ့်သမားစဉ်အတိုင်း သံချပ်လေးတွေ အပျော်အပြက် ထိုးထားတာလေးတွေ၊ မင်းသမီးနဲ့ လူရွှင်တော် အပေးအယူ မျှမျှတတ လေးနဲ့ ဆီလျော်လှပအောင် ချပြ ထားပါတယ်။ လူရွှင်တော်တွေ တစ်ယောက်နဲ့ တစ်ယောက် ဇာတ်တိုက်ကြတဲ့အခါ မိသားစု အတိုင်း စည်းစည်းလုံးလုံးနဲ့ ပါဝင် အားဖြည့်ပြီး အကောင်းဆုံး ဖြစ်အောင် ကြိုးစားထားပါတယ်။ ရန်ကုန်တက္ကသိုလ် အစွန့်ရှည် တည်တံ့ပါစေလို့ ဆုတောင်းပါ တယ်။ လာရောက်ဖျော်ဖြေရတဲ့ အတွက်လည်း ဝမ်းလည်းသာပါ တယ်။ ပျော်လည်း ပျော်ပါ တယ်။

**မောင်မင်းမောင်မောင်**
**ပထမနှစ် ဂုဏ်ထူးတန်းမြန်မာစာ**

လူရွှင်တော် ဒိုးလုံးအနေနဲ့ ဖျော်ဖြေမှာပါ။ မြိတ်မြို့ရဲ့ ဒေသ အစားအစာဖြစ်တဲ့ ကတ်ကြေး ကိုက်၊ ထွက်ကုန်ဖြစ်တဲ့ ငှက်သိုက်၊ ပုလဲတို့အကြောင်း၊ မြိတ်စကား၊ ထားဝယ်စကားနဲ့ ရန်ကုန်စကား၊ ဗမာစကား ကွာခြား ပုံ အငြိမ့်သမားစဉ်အရ ပြက်လုံး လေးတွေ ပြက်ထားတယ်။ ရာပြည့်ပွဲမှာ လာရောက်ဖျော်ဖြေ ရတဲ့အတွက် ဝမ်းသာဂုဏ်ယူ မိပါတယ်။

**မောင်ကျော်စွာဟိန်း**
**တတိယနှစ် အင်္ဂလိပ်စာ**

ကျွန်တော်က အငြိမ့်အဖွဲ့မှာ လူရွှင်တော် လူချောအနေနဲ့ ပါဝင် အားဖြည့် ကြိုးစားထားပါတယ်။ လူရွှင်တော်ပြက်လုံးက တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေဖြစ်တဲ့ အတွက် တက္ကသိုလ်နဲ့ ပတ်သက်တဲ့ ပြက်လုံးတွေ ထည့်ထားပါတယ်။ တက္ကသိုလ်ရဲ့ ပုံရိပ်တွေပါအောင် လည်း ထည့်ထားပါတယ်။ သီချင်း တွေအနေနဲ့လည်း ရန်ကုန် တက္ကသိုလ် ရာပြည့်ဂုဏ်ပြုပွဲ ဖြစ်တဲ့အတွက်ကြောင့် ရန်ကုန် တက္ကသိုလ်ရဲ့ ပုံရိပ်တွေ ဗဟိုပြုတဲ့ သီချင်းရေးဖွဲ့ထားပါတယ်။ မြိတ် ဒေသရိုးရာ ယဉ်ကျေးမှုတွေ၊ မြိတ် ရဲ့ ထုံးတမ်းအစဉ်အလာတွေကို ထည့်သွင်းပြီး သီချင်းလေးရေးထား ပါတယ်။ မင်းသမီးတွေနဲ့ ကျွန်တော်တို့ အပေးအယူမျှမျှ တတနဲ့ အကောင်းဆုံး ကြိုးစား ထားပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲက တစ်သက်မှာတစ်ခါ ကြုံရတာ၊ ဒီပွဲမှာ မြိတ်တက္ကသိုလ် အနေနဲ့ လာရောက်ဖျော်ဖြေခွင့် ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီအငြိမ့်အဖွဲ့ကို ဆက်လက် တည်ရှိ စေချင်ပါတယ်။ ။




# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ် များ ပျံသန်းမှု ယာယီရပ်ဆိုင်းထား ခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာ နိုင်ငံသား ၁၇၀ ကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိကြ သည်။ (ဓာတ်ပုံ)

၎င်းတို့ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှုခုနစ်ရက် နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်း ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက် ပေးခဲ့ကြသည်။

**၃၃ ကြိမ်တိုင် ပျံသန်းပြေးဆွဲ**

မလေးရှားနိုင်ငံရောက် အထောက် အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေး ရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများ တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံသား ဖြစ်တည်မှု မှန်ကန်ကြောင်း အထောက် အထားများစိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင် နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီး ဌာန၏ လမ်းညွှန်မှုများနှင့် အညီ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး အနေ ဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်လျက် ရှိသည်။ ယနေ့အထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၃၃ ကြိမ် တိုင် ပျံသန်းပြေးဆွဲ ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းနှင့်ကြော်ငြာ

## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**နမ့်ခမ်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပြည်သူများအား အသိပညာပေး နှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရန် အသိပေးလှုံ့ဆော်သည့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုကို နမ့်ခမ်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် လူမှုကူညီရေး ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ နေရာသုံးခုခွဲပြီး နိုဝင်ဘာ ၂၃ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုကို နမ့်ခမ်းမြို့ပေါ် လူစည်ကားရာနေရာများဖြစ်သည့် နမ့်ခမ်းမြို့ပေါ်ရှိ အမှတ်(၁)စည်ပင်သာယာဈေး၊ အမှတ်(၂) အောင်မေတ္တာဈေးနှင့် ပြည်ထောင်စုလမ်းမတို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် နမ့်ခမ်းမြို့နယ် စက်ဘီးစီးလူမှုကူညီရေး ပရဟိတအဖွဲ့မှ အဖွဲ့တာဝန်ခံက "ယနေ့မှာ နှာခေါင်းစည်း စုစုပေါင်း ၁၀၀၀ ခန့် ပေးဝေနိုင်ပါတယ်၊ အရင်ကဆိုရင် နှာခေါင်းစည်း ၃၅၀၀ ကုန်အောင် ဖြန့်ဝေခဲ့ဖူးပါတယ်၊ ဒီအခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် ပြည်သူများက ရောဂါအကြောင်း သိရှိပြီးတော့ နှာခေါင်းစည်း တပ်ဆင်အသုံးပြုမှုလည်း များပြားလာတာကို တွေ့မြင်ရပါတယ်"ဟု ပြောသည်။

နမ့်ခမ်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင် ကလည်း "မြို့ပေါ်မှာ အသိပညာပေးခြင်း၊ နှာခေါင်းစည်း မတပ်ဆင်ဘဲသွားလာသူများအား အခုဝယ်/အခုတပ်စနစ်ဖြင့် တပ်ဆင်စေခြင်းနဲ့ နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းတွေကြောင့် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ပြီးမှ နေအိမ်ပြင်ပသို့ သွားလာနေကြတာကို တွေ့လာရပါတယ်။ လိုအပ်ချက်တစ်ခုကတော့ နှာခေါင်းစည်းတွေကို ပါးစပ်နဲ့ နှာခေါင်းတို့မှာ လုံခြုံအောင် စနစ်တကျ မတပ်ဆင်ဘဲ သွားလာနေတဲ့ ပြည်သူအချို့ကိုလည်း တွေ့မြင်ရပါတယ်"ဟု ပြောသည်။

နမ့်ခမ်းမြို့နယ်၌ အခြားဒေသမှ ပြန်သူတစ်ဦးထံမှ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိပြီးနောက် ၎င်းနှင့် ထိတွေ့သူများအား အသွားအလာကန့်သတ်၍ ရောဂါပိုးရှိမရှိ စစ်ဆေးခဲ့ရာ ရောပိုးရှိသူ နှစ်ဦးကို ထပ်မံတွေ့ရှိခဲ့သည်။ အဆိုပါ ရောဂါပိုးတွေ့သူ သုံးဦးတို့အား ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ သီးသန့်ထားရှိ၍ ဆေးဝါးကုသပေးခဲ့ရာ ပြင်းထန်သည့် ရောဂါလက္ခဏာမရှိဘဲ ရောဂါပျောက်ကင်းခဲ့ပြီဖြစ်၍ ၎င်းတို့အား နေအိမ်၌ ၁၄ ရက် အသွားအလာကန့်သတ်နေထိုင်စေရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီအနေဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများ၊ လူမှုကူညီရေး ပရဟိတအဖွဲ့များနှင့် အရှိန်အဟုန်မပျက် ပူးပေါင်းလျက် ကိုဗစ်-၁၉ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ဆိုင်ထွန်း(ပြန်/ဆက်)**







## မိုးကောင်းမြို့နယ်မှ သတ်မှတ်ချက်နှင့်ညီသော စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်

**မိုးကောင်း နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့် ရောင်းချလျက်ရှိရာမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဆိုင်များကို နိုဝင်ဘာလကုန်တွင် ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကာ ခွင့်ပြုနိုင်ရေးအတွက် တာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက်တွင် လိုက်လံ စစ်ဆေးခဲ့သည်။



လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း၌ တာဝန်ရှိသူများ လိုက်လံကြည့်ရှု စစ်ဆေးနေစဉ်။

ဆိုင်ထိုင်စားသောက်စနစ် ပြန်လည်ခွင့်ပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ စည်းကမ်းများကို လိုက်နာဆောင်ရွက်စေရန် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ နမ္မတီးမြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်စံတို့ဦးဆောင်သည့် အဖွဲ့များက နယ်မြေသုံးခုခွဲ၍ မြို့နယ်အတွင်း လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ဆိုင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စံနှုန်း သတ်မှတ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ စားသောက်ဆိုင် ၃၀၊ ခေါက်ဆွဲဆိုင်နှင့် လက်ဖက်ရည်ဆိုင် ၂၂ ဆိုင်တို့ကို စစ်ဆေးနိုင်ခဲ့ပြီး ယင်းဆိုင်များမှ တာဝန်ရှိသူများအား ဆိုင်ဖွင့်ရန် လိုအပ်ချက်များနှင့်ပတ်သက်၍ မှာကြားဆွေးနွေးကြောင်း သိရသည်။

နိုဝင်ဘာလမကုန်မီ တစ်ခေါက် ပြန်လည် စစ်ဆေးစိစစ်ပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်ကိုက်ညီသော ဆိုင်များကိုသာ ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချရန်အတွက် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား


**နေပြည်တော် နိုဝင်ဘာ ၂၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## ၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေ များကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန် ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၉ စည်းကြပ်နှစ်အပါအဝင်နှစ်အဆက်ဆက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်းစသည့် အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ ပုဂ္ဂလိကလုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)၊ တိုင်းဒေသကြီး/ ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ ရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)များတွင် ကြေညာထားမည်ဖြစ် ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀) ဦးစာရင်း**
**(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **သန်း ၂၀၀၀၀ အထက်** | | | | |
| ၁ | Myanma Economic Holdings Public Co.,Ltd | အမှတ်- ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ (၅) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| | **သန်း ၁၀၀၀၀ အောက်** | | | | |
| ၂ | Myanmar Mayson Industries Co.,Ltd | အမှတ်- ၁၊ ဗိုလ်အောင်ကျော်လမ်း ၊ စက်မှုဇုန် (၄) ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | အခြေပစ္စည်းမှ မြတ်စွန်းငွေ | |
| ၃ | Myawaddy Trading Ltd | အမှတ်-၅၅/၆၁ ၊ ကမ်းနားလမ်း ၊ ဆိပ်ကမ်းမြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | **သန်း ၅၀၀၀ အောက်** | | | | |
| ၄ | U Kyu Family Grains & Manufacturing Co.,Ltd | အမှတ်- ၁၇/၁၉ ၊ လှည်းတန်းလမ်း ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၅ | Pahtama Group Co.,Ltd | အမှတ်-၃၉/အေ ၊ ရွှေပင်လုံအိမ်ရာ ၊ ဘုရင့်နောင်လမ်း၊ (၂၇) ရပ်ကွက် ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၆ | PT Power Trading Co.,Ltd | အမှတ် -၂၃၅ /ဘီ ၊ ရှုခင်းသာလမ်း ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ | LTO | Trading | |
| ၇ | United Paints Group Co.,Ltd | အမှတ်-၂၃၇၊ ပြည်လမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| | **သန်း ၄၀၀၀ အောက်** | | | | |
| ၈ | Dagon Beverages Co.,Ltd | အမှတ်-၅၅၅/ဘီ ၊ အမှတ် (၄) လမ်းမကြီး ၊ ရွှေပြည်သာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၉ | Asia Energy Co.,Ltd | အမှတ်-၁ ၊ ပါရမီအိမ်ရာ ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၀ | Paing Family International Company Limited | BSH-1 , Hematite Shop House ၊ ဗဟိုလမ်း ၊ ဟုမ်းလမ်းဘူတာရုံရပ်ကွက် ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | **သန်း ၃၀၀၀ အောက်** | | | | |
| ၁၁ | Benhur Trading Co.,Ltd | အမှတ်-၁/၃၁ ၊ ပန်းတည်းဝန်ဦးရွှေဘင်လမ်း ၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၂ | Myanmar Mayson Industries Co.,Ltd | အမှတ်-၁ ၊ ဗိုလ်အောင်ကျော်လမ်း၊စက်မှုဇုန် ၄၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၁၃ | Green Land International Ltd | အမှတ်- ၉ ၊ ယောမင်းကြီးလမ်း ၊ ယောမင်းကြီးရပ်ကွက် ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၁၄ | Good Brothers' Co.,Ltd | အမှတ်-၂၂၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။" | LTO | Trading | |
| ၁၅ | Denko Trading Co.,Ltd | အမှတ်-၁ ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ဗန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၆ | Ga Mone Pwint Co.,Ltd | အမှတ်-၂၄၅ ၊ ဗားကရာလမ်း ၊ မြေနီကုန်းရပ်ကွက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | NCX Myanmar Co.,Ltd | အမှတ်-၃၃၃ ၊ ပြည်လမ်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၈ | Asia World Port Management Co.,Ltd | အမှတ်-၆၁/၆၂ ၊ ဗဟိုရိစည်အိမ်ရာ ၊ ဝါးတန်းလမ်း ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၁၉ | Myanma Awba Group Co.,Ltd | အမှတ်-၉၅/အေ ၊ ကျိုက်ဝိုင်းဘုရားလမ်း ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၂၀ | Europe & Asia Commercial Co.,Ltd | အမှတ်-၁၉ ၊ ၄-ဈ/(၂-ခ)၊ဗဟိုလမ်းနှင့်နီလာလမ်းထောင့်၊ (၁၃) ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| | **သန်း ၂၀၀၀ အောက်** | | | | |
| ၂၁ | Medi Myanmar Group Ltd | အမှတ်-၄၆ ၊ ပြည်လမ်း၊ (၁၁) ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၂၂ | North East Gate Fruit Co.,Ltd | အမှတ်-ဈ/၁၀၀ ၊ ဈေးရပ်ကွက် ၊ မူဆယ်မြို့နယ် ၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၃ | Aung Thitsa Oo General Insurance Co.,Ltd | အခန်းအမှတ်-၀၁-၀၄ ၊ United Financial Center (UFC) ၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့် ၊ (၄) ရပ်ကွက် ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Insurance | |
| ၂၄ | Wisarra International Co.,Ltd | အမှတ်-၃၃၊ ရွှေပိတောက်ရိပ်မွန် ၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၂၅ | KBZ MS General Insurance Co.,Ltd | အမှတ်-၅၃ ၊ မြေညီထပ်၊ Strand Square ၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Insurance | |
| ၂၆ | AA Medical Products Ltd | အမှတ်-၈၁ ၊ အင်းစိန်လမ်းမကြီးနှင့် လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၇ | Innwa Bank Ltd | အမှတ်-၅၅၀/၅၅၂ ၊ (၃၆) လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၂၈ | Max Highway Co.,Ltd | အမှတ်-၁၂၃ ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-3 | Services | |
| ၂၉ | Myanmar Citizens Bank Public Co.,Ltd | အမှတ်-၃၈၃ ၊ မဟာဗန္ဓုလလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၃၀ | Min Dhama Co.,Ltd | အမှတ်-၁၀၃/၁၀၄၊ ဘုရင့်နောင်လမ်း ၊ စက်မှုဇုန်(၄) ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၃၁ | Square Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း ၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၃၂ | Pro 1 (Myanmar) Co.,Ltd | အမှတ်-၇၆ ၊ လမ်းသစ်လမ်း ၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | အခြေပစ္စည်းမှ မြတ်စွန်းငွေ | |
| ၃၃ | Thilawa Special Economic Zone Management Committee Co.,Ltd | အခန်းအမှတ်-၁၀၀ ၊ ဒဂုံ-သီလဝါလမ်း ၊ မြေညီထပ်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး ၊ သန်လျင်-ကျောက်တန်း မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၃၄ | Gold Energy Co.,Ltd | အမှတ်-၇၄ ၊ လမ်းသစ်လမ်း ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Production | |
| ၃၅ | City Mart Holding Co., Ltd | အမှတ်-၁/၁၁ ၊ ပဒုမ္မာကွင်း (အရှေ့ဘက်)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၆ | Mr.Chain Co.,Ltd | အမှတ်-AA-32၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ် ၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၇ | Mottama Trading Co.,Ltd | အမှတ်-၁၁၄/၁၁၆ ၊ ပထမထပ်(ယာ) ၊ (၄၆) လမ်း၊(၁၀) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၈ | Sin Phyu Kyun Co.,Ltd | အမှတ်-၁၀၀၃၊ အိုလံပစ်တာဝါ ၊ (၁၀) လွှာ ၊ ဗိုလ်အောင်ကျော်လမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၉ | Regency Material Trading Co.,Ltd | အမှတ်-၃၆ ၊ သိမ်ဖြူလမ်း ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။" | LTO | Trading | |
| ၄၀ | Shu San Industry Co.,Ltd | အမှတ်-၉ ၊ အောင်သိဒ္ဓိလမ်း ၊ ( ၃ )ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၁ | Moe Htet Gabar Co.,Ltd | အမှတ်-ဘီ/၇၀၂ ၊ ဘီ/၇၀၄ ၊ မြဝတီဘဏ်အဆင့်မြင့်အိမ်ရာ ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ဝါးတန်းလမ်းထောင့် ၊လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၂ | J.D.S Co.,Ltd | အမှတ်-၉/စီ-၂ ၊ယောမင်းကြီးလမ်း ၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၃ | Shwe Myan Aung Co.,Ltd | အမှတ်-၇၈/အေ ၊ အင်းယားလမ်း ၊ (၁၀) ရပ်ကွက် ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၄ | Htein Min Travels & Tours Co.,Ltd | အခန်း (ခ/၄) ၊ ဆောက်လုပ်ရေးတိုက်တန်း ၊ ရှောရပ်ကွက် ၊ မြစ်ကြီးနားမြို့ ၊ ကချင်ပြည်နယ်။ | ကချင် | ပို့ကုန်/သွင်းကုန် လုပ်ငန်း + ခရီးသွားလာရေး လုပ်ငန်း | |
| ၄၅ | Thein Than Kyei Sin Co.,Ltd | အမှတ်- ည/၂၄- အေ ၊ အသောကလမ်း ၊ ဘုရင့်နောင်ပွဲရုံတန်း ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၆ | Lighthouse Enterprises Ltd | အမှတ်-၅၇/၅၈ ၊ ဗဟိုရိစည်အိမ်ရာ ၊ လမ်းသစ်လမ်း ၊ (၁၀) ရပ်ကွက် ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၇ | Ever Sunny Industrial Co.,Ltd | အမှတ်-၈၉ ၊ မင်္ဂလာရာမင်းသားကြီး မောင်ပျိုးလမ်း ၊ စက်မှုဇုန် (၂) ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၄၈ | Myanmar Padauk Trading Co.,Ltd | အမှတ်-၂၈၄၊ ကျောက်စိမ်းလမ်း ၊ မိုင်းယု(၁၀၅)မိုင် ၊ မူဆယ်မြို့နယ် ၊ ရှမ်းပြည်နယ် ။ | ရှမ်း | Trading | |
| ၄၉ | Pac Link Trading Ltd | အမှတ်- ၉ (စီ/၂)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၅၀ | Lann Pyi Marine Co.,Ltd | အမှတ်-၅၅/၅၆၊ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-4 | Services | |

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဇရပ်ဒါယကာကြီး

# သီရိပျံချီ ဗိုလ်မှူးကြီး အောင်ခင်(ငြိမ်း)(ကြည်း-၈၈၅၀)

### သာသနာရေးဝန်ကြီး(ငြိမ်း)

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ (၄)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၃/ခ)နေ (ဦးမောင်ခ-ဒေါ်သိန်းရင်)တို့၏သား၊ ဒေါ်ယဉ်ယဉ်ညွန့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်မှူးကိုကိုလွင်(ငြိမ်း) - ဒေါ်နွဲ့နွဲ့ခင်၊ (ဦးကိုကိုဦး) - ဒေါ်နုနုခင် (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၊ ဗိုလ်မှူးသန်းဦး(ငြိမ်း)-ဒေါ်နုနုအောင်၊ ဗိုလ်မှူး သန်းဇော်(ငြိမ်း)-ဒေါ်ဖြူဖြူအောင်၊ ဦးခင်မောင်ထွေး-ဒေါ်နီလာအောင်၊ ဗိုလ်မှူးဖွဲ့လတ်(ငြိမ်း)-ဒေါ်မိုးမိုးအောင်၊ ဗိုလ်မှူးမျိုးညွန့်အောင်(ငြိမ်း)-ဒေါ်စပယ်လှိုင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၈ နာရီတွင် မင်္ဂလာဒုံ တပ်မတော် စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတင်အေး(အသုတ်မြို့)

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အခန်း(၅၀၁)၊ မဟာဗန္ဓုလ(TOWER-D)နေ (ဒေါ်ရင်စိန်)၏ခင်ပွန်း၊ (ဦးငြိမ်းချမ်း)-ဒေါ်ခင်မေအေး (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးစန်းဝေ (ညွှန်ကြားရေးမှူး-ငြိမ်း၊ နတလ)၊ ဒေါ်ခင်ဆွေအေး(ဌာနမှူး၊ စီမံဘဏ္ဍာ-ငြိမ်း၊ ဆေးတက္ကသိုလ်-၁)၊ ဒေါက်တာခင်စောအေး(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)၊ ပါမောက္ခ ဒေါက်တာနုနုအေး(ပါမောက္ခဌာနမှူး၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာ သက်ထူးဝေ၊ ဒေါက်တာသက်ဦးခင်၊ ကိုဇော်ထက်လင်း၊ ကိုကောင်းမြင့်သူ၊ မစိုးစိုးစံ တို့၏ အဘိုးသည် ၂၁-၁၁-၂၀၂၀ရက် (စနေနေ့) ညနေ ၄:၃၆နာရီတွင် ကွယ်လွန် သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကုဋီ ဒါယကာကြီး

# ဦးတင်အောင်

### ငါးလုပ်ငန်းဦးစီးဌာန(ပြည်သူ့ပုလဲနှင့်ငါး)

### အသက်(၈၄)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးမောင်ညွန့်-ဒေါ်အမာ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၃လမ်း၊ အမှတ်(၆၁)နေ ဒေါ်သန်းသန်းငွေး၏ခင်ပွန်း၊ ဦးကြည်မောင်-ဒေါ်ခင်ကြည်၊ (ဦးအောင်လွင်)-ဒေါ်မြကြည်တို့၏အစ်ကို၊ ဦးဝင်းနိုင်(M.P.E)-ဒေါ်အိရွှေစင် ရှိန်၊ ဦးဉာဏ်ထွန်းအောင်(M.P.E)-ဒေါ်လေးလေးလှိုင်၊ ဦးယဉ်မင်းထွေး (1/E BAYPOINT SHIPPING CO.,LTD)-ဒေါ်တင်ဇာလွင်၊ ဦးသန့်ဇင်အောင်(ဒု/ညွှန် UEC၊ နေပြည်တော်)-ဒေါ်ဇင်မာသက်၊ ဦးကျော်ထူးဟိန်း (2/O JSM SHIPPING CO.,LTD)-ဒေါ်မြ သက်လွင်တို့၏ဖခင်၊ မအေးမြတ်မွန်(EMC CO.,LTD)၊ ဗိုလ်တင်ထွဋ်ဦး(ခလရ-၂၂၁)၊ မမွန်း ပြည့်ပြည့် အောင်(FINAL PART I, ဆေး-၂)၊ မောင်ဘုန်းနိုင်၊ မခင်နဒီ၊ မမေဇင်ရှင်းသန့်၊ မရွှေသီရိခင်တို့၏ ဘိုးဘိုး ကြီးသည် ၂၃-၁၁-၂၀၂၀ရက် နံနက် ၃:၄၃နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅-၁၁-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟ များအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

**နိုင်ငံအဝန်း**

**သစ်တော**

**စွမ်းဖြင့်**

**စိမ်းလန်း**

**စေရမည်**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးဇော်ဝင်း(ညောင်ကျိုး)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲ တန်းလမ်း၊ အမှတ်(၂၃)နေ နှင့် ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသအသင်း အသင်းဝင်အမှတ်(၂၁၇)နေ ဒေါ်ခင်မြင့်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ညောင်ကျိုးဒေသအသင်း ပြန်ကြားရေးမှူး၊ အသင်းဝင် အမှတ်(၀၂၇)ဦးဇော်ဝင်းသည် ၂၂-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ညောင်ကျိုးဒေသအသင်းသူ/အသင်းသားများအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညောင်ကျိုးဒေသအသင်း

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအောင်ခင်

### သာသနာရေးဝန်ကြီး(ငြိမ်း)

### အသက်(၈၄)နှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဒေါ်နုနုခင်၏ ဖခင်ဖြစ်သူ ဦးအောင်ခင် (သာသနာရေးဝန်ကြီး-ငြိမ်း)သည် ၂၃-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ထုံး/စစ်ဆေးရေး)နှင့်
ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနအရာရှိနှင့်ဝန်ထမ်းများ

## ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

# ဦးအက်စ်တင်အောင်(ခ)မန်းတင်မောင် (ကျုံပျော်)

### လဝကဦးစီးအရာရှိ(ငြိမ်း)(လဝက-၁၁၅၆)

### အသက်(၉၄)နှစ်

ကျုံပျော်မြို့နယ်၊ အင်းသောင်ကြီးကျေးရွာနေ (ဦးဘိုးရှိန်-ဒေါ်စိန်လာ)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်စန်းကြည်)တို့၏ သားသမက်၊ မောင်နှမ(၁၀)ယောက်တို့၏အစ်ကို၊ ညီ/မောင်၊ အင်းစိန်မြို့နယ်၊မြို့သစ်(က+ခ)ရပ်ကွက်၊ က(၆)လမ်းနေ ဒေါ်အေးမေ(ခ)ရှိစီ မောင်မောင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစအောင်မြင့်ဦး)-နော်သိန်းမြ၊ (ဦးဂျမ်းဇော်) (လဝကဦးစီးအရာရှိ-ငြိမ်း)-ဒေါ်ဆွေဆွေအောင်(အလယ်တန်းပြ-ငြိမ်း၊ အမက-၁၂၊ အင်းစိန်)၊ ဒေါ်ကြည်ကြည်အောင် (DISI-MOPFIနေပြည်တော်)တို့၏ဖခင်၊ ဦးစထွန်းနိုင် ဇော်-ဒေါ်ရီ ရီမြင့်၊ ဦးစထွန်းနိုင်ကျော်၊ ဦးဇော်ဇော်အောင်-ဒေါ်မြတ်မြတ်မွန်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၂၀ရက် နံနက် ၂:၃၅နာရီတွင် အင်းစိန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးကျော်စိုး

### အသက်(၇၆)နှစ်

သူငယ်ချင်း ဗိုလ်ကြီးသီသီသောင်း(ငြိမ်း)၏ဖခင် ဦးကျော်စိုး သည် ၂၀-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

စစ်သူနာပြုအရာရှိသင်တန်း
အမှတ်စဉ်(၁၅)သူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအုန်းမောင်

### လမ်းစဉ်ပါတီစာရင်းစစ်

### အသက်(၇၃)နှစ်

သူငယ်ချင်း ဗိုလ်ကြီးထွန်းနိုင်နိုင်လင်း(ငြိမ်း)၏ ဖခင် ဦးအုန်း မောင်သည် ၂၀-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲ ရပါသည်။

စစ်သူနာပြုအရာရှိသင်တန်း
အမှတ်စဉ်(၁၅)သူငယ်ချင်းများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးငွေးမြင့်

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၅၇၊ C/3/2)နေ (ဦးဘငွေး-ဒေါ်ယဉ်ထွေး)တို့၏ သား၊ ဒေါ်လှဲ့ယဉ်မြင့် Dona Huynh ၏ခင်ပွန်း၊ မဖြိုးသော်တာ၊ မောင်ဖြိုးမင်းသူ၊ မခင်စိုးစံတို့၏ဖခင်၊ ဒေါ်နွဲ့ရီ၊ ဒေါ်မာမာအေးတို့၏ အစ်ကိုသည် ၂၂-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၂:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၀ ရက် (တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူးထွန်းအေး(ငြိမ်း)၊ DSA(25)

### ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန

### အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ ဒေါ်သိင်္ဂီဦး၏ခင်ပွန်း၊ မောင်သက်မြတ်ထွန်း၏ဖခင် သူငယ်ချင်း ဗိုလ်မှူးထွန်းအေး(ငြိမ်း)သည် ၂၁-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ ကျောင်းဆင်းအရာရှိများနှင့် မိသားစု

## ကျေးဇူးတင်ရှိခြင်း

၁၈-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ဖြိုးဇော်အောင် အသက် (၄၇)နှစ် နာမကျန်းဖြစ်စဉ် ကုသပေးခဲ့ကြသော International Emergency Service IES မှ ဒေါက်တာထူးမောင်အုန်း နှင့်အဖွဲ့ ပါရမီဆေးရုံမှ တာဝန်ကျ ဆရာ/ဆရာမများ၊ သတင်းမေး ကြသော ရန်ကင်း TTC ကျောင်းနေဖက် သူငယ်ချင်းများ၊ အထက(၂) ဗဟန်း နန်ယန်မှ ကျောင်းနေဖက် သူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းနှင့် Online တို့မှတစ်ဆင့် ဆက်သွယ်မေးမြန်း နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်ဆွေ လုပ်ဖော်ကိုင်ဖက်များ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာကြီး

# ဦးရွှေလှ

### ဦးစီးအရာရှိ(ငြိမ်း)

### ရသုံးမှန်းခြေစာရင်းဦးစီးဌာန၊ ဝန်ကြီးများရုံး

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁)နေ (ဦးကြိုင်-ဒေါ်ကျင်ငွေ)တို့၏ သား၊ (ဦးထိန်ဝင်း)၏အစ်ကို၊ (ဦးငွေးဝင်း)-ဒေါ်ခင်ထွေးရီ၊ ဦးမောင်စစ်-ဒေါ်ခင်မာချို၊ ဦးလှချို-ဒေါ်ချိုချိုမြင့်တို့၏ဖခင်၊ ဒေါ်သက်ရည်ဝင်း၊ ဦးဇေယျာထွန်း-ဒေါ်နော်လီဇာ တို့၏အဘိုး၊ မမိုးချမ်းမြေ့၊ မရွှေရည်မြင့်မိုရ်တို့၏ဘိုးဘိုးကြီး၊ ဒေါ်အေးသန်း ၏ခင်ပွန်းသည် ၂၂-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ဦးကျော်မြင့်(ခ)Wilson Lee

### အသက်(၈၄)နှစ်

(ဦးဟိန်-ဒေါ်ရွှေကွန်း)တို့၏သား၊ (ဦးပိန်းရင်-ဒေါ်ရွှေဖောင်) တို့၏သားသမက်၊ ဒေါ်ထွေးမြင့်(ခ)Cindy Lee၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်မင်းဦး(ခ)Lewis Lee-ဒေါ်ဝေဝေစန်း(ခ)Daisy Lee၊ ဒေါက်တာကျော်တင်လတ်-ဒေါက်တာမူယာညွန့်၊ ဦးလှမြင့် သိန်း-ဒေါ်ချိုချိုငြိမ်း၊ ဒေါ်ဝင်းသီတာ(ခ)Loreene Leeတို့၏ ချစ်လှ စွာသောဖခင်၊ Stethanie Lee, Michelle Lee၊ စွမ်းပြည့် ကျော်လတ်(ခ)Daniel၊ကောင်းပြည့်ကျော်လတ်(ခ)Rich, Aylin Lee, Alton Lee, Aydan Lee, Andrew Chang, Anthony Chang တို့၏ ဘိုးဘိုးကြီးသည် ၂၁-၁၁-၂၀၂၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁:၂၈နာရီတွင် အမေရိကန်ပြည်ထောင်စု၊ ကိုလိုရာဒိုပြည်နယ်၊ ဒန်ဗာမြို့၊ စိန့်အန်သော်နီ(St.Anthony)ဆေးရုံ၌ ကွယ်လွန်သွား ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## " ဝမ်းနည်းကြေကွဲခြင်း "

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နာယကကြီး အကဲဖြတ် ဓာတ်ပုံပညာရှင် ဦးမောင်မောင်သောင်း Hon;MPS, Hon;FMPS, AMPSအသင်းဝင်အမှတ်(၂၉၇)၊ အသက်(၈၆)နှစ်သည် (၂၃-၁၁-၂၀၂၀) တနင်္လာနေ့ (၁၂:၃၀)အချိန်တွင် ကွယ်လွန် သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/ အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ
မြန်မာနိုင်ငံဓာတ်ပုံအသင်း

# ဒေါ်ခိုင်ဇာလင်းကြိုင်

### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၈)လမ်းအနောက်၊ အမှတ်(၂၄၉)နေ ဦးခင်ကြိုင်(အလယ်တန်းပြဆရာ-ငြိမ်း၊ အလက-၂၊ သာကေတ)-ဒေါ်မြ ထွေးတို့၏သမီး၊ ဦးသန်းလွင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ MRTV)-(ဒေါ်အေးအေးသိန်း) (အလယ်တန်းပြဆရာမ-ငြိမ်း၊ အလက-၂၊ သာကေတ၊ အလက-၇၊ လှိုင်)တို့၏သမီးချွေးမ၊ ဦးဇော်လင်းကြိုင်(Second Engineer, Pacific International Line)-ဒေါ်ယုယုပိုင်တို့၏ ညီမ၊ ဗိုလ်မှူးကျော်လင်းကြိုင်-ဒေါ်ခင်ရတနာလတ်၊ ဦးထက်အောင်ဖြိုး(UTL Studio)၊ ဦးကောင်းမြတ်စံ(MRTV-4)-ဒေါ်စုစန္ဒာနှင်း(MRTV-4)တို့၏အစ်မ၊ မောင်မင်းခန့်ကျော် (Grade- 8၊ အထက-၅၊ နေပြည်တော်)၊ မသွန်းနဒီအောင်(Grade-3၊ အထက-၅၊ နေပြည် တော်)၊ မချောအိန္ဒြေခိုင်(Grade-1၊ အထက-၅၊ နေပြည် တော်)တို့၏မိခင်၊ နေပြည်တော်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်(၂၂၀၇)၊ အခန်း(၀၃)နေ ဦးမင်းလွင်သိန်း(အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)၏ချစ်လှ စွာသောဇနီးသည် ၂၂-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံအအေးတိုက်မှ ကျေ့ကြီး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေပြည်တော်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်(၂၂၀၇)၊ အခန်း(၀၃)နေအိမ်သို့ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးခင်အောင် BE(Petroleum)1977

### အသက်(၆၈)နှစ်

၁၅-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ဦးခင်အောင်အား အဘက် ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးသော ကန်သာယာဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါကုဌာနမှ တာဝန်ကျဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်း များ၊ ၁၉-၁၁-၂၀၂၀ရက်တွင် နာရေး ကိစ္စအဝဝကို လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ နာရေးကို လိုက်ပါပို့ဆောင်ကြသူများ၊ ပန်းခြင်းနှင့် လှူဖွယ် ပစ္စည်းဝတ္ထုအစုစုတို့ကို ပေးပို့ကြသူများ၊ သတင်းလာရောက်မေး မြန်းကြ သူများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်း၊ အီးမေး(လ်)နှင့် လူမှုကွန်ရက် စာမျက်နှာများမှ သတင်းမေးအားပေး နှစ်သိမ့်ကြသူများနှင့် အမည်နာမအားဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင်များပြားသော ကျေးဇူး တင်ထိုက်သူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
သတင်းထုတ်ပြန်ချက်
၁၃၈၂ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာတပ်မတော်နှင့် ARSA အကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း ရခိုင်ပြည်နယ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry-ICOE) ကို ဖွဲ့စည်းခဲ့ပြီး ကော်မရှင်က တင်ပြခဲ့သည့် အပြီးသတ်အစီရင်ခံစာအပေါ် နိုင်ငံတော်သမ္မတရုံးက ၂၁-၁-၂၀၂၀ ရက်စွဲဖြင့် ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန်နှင့် အထောက်အထားများခိုင်လုံပါက တရားစွဲဆိုမှုများပြုလုပ်ရန်၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ပေါ်ပေါက်ခဲ့သည့် ပစ္စည်းဥစ္စာဖျက်ဆီးခံရမှုများ၊ လုယက်မှုများ၊ အရပ်သားများက ကျူးလွန်ခဲ့သည့် အခြားရာဇဝတ်မှုများအား ဆက်လက်စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ပြုလုပ်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ညွှန်ကြားခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတရုံးက ၂၄-၁-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၀ ဖြင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကော်မရှင်၏ အစီရင်ခံစာအရ ဖြစ်စဉ် ၁၃ ခုတွင် ARSA နှင့် အလိုတူပူးပေါင်းပါဝင်သူများ ကျူးလွန်မှု ၈၇ မှု၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကျူးလွန်မှု ၂၃ မှု၊ ဒေသခံတိုင်းရင်းသားများ ကျူးလွန်မှု ၂၉ မှု ဖြစ်၍ အရေးယူဆောင်ရွက်ရမည့်အမှု စုစုပေါင်း ၁၃၉ မှု ရှိပါသည်။

၃။ ICOE အစီရင်ခံစာတွင် ARSA နှင့် အလိုတူပူးပေါင်းပါဝင်သူများသည် လူသတ်မှု၊ မီးရှို့မှု၊ ပစ္စည်းဥစ္စာဖျက်ဆီးမှု အပါအဝင် ရာဇဝတ်မှု ၈၇ မှုကို ကျူးလွန်ခဲ့သည်ဟု ဖော်ပြထားရာ ၎င်းတို့အနက် အမှု ၆၇ မှု ကို အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး အမှု ၂၀ မှု ကျန်ရှိပါသည်။ ICOE အစီရင်ခံစာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် လူသတ်မှု၊ မီးရှို့မှု၊ ပစ္စည်းဥစ္စာဖျက်ဆီးမှုအပါအဝင် ရာဇဝတ်မှု ၂၃ မှုကို ကျူးလွန်ခဲ့သည်ဟု ဖော်ပြထားရာ အမှု ၂၃ မှုကို အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။ ICOE အစီရင်ခံစာတွင် ဒေသခံတိုင်းရင်းသားများသည် လူသတ်မှု၊ မီးရှို့မှု၊ ပစ္စည်းဥစ္စာဖျက်ဆီးမှုအပါအဝင် ရာဇဝတ်မှုပေါင်း ၂၉ မှုကို ကျူးလွန်ခဲ့သည်ဟု ဖော်ပြထားရာ အမှု ၂၀ မှုကို အမှုဖွင့် ဆောင်ရွက်လျက်ရှိပြီး အမှု ၉ မှု ကျန်ရှိပါသည်။

၄။ ICOE အစီရင်ခံစာပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ ဆောင်ရွက်မှု ပထမအကြိမ်အစီရင်ခံစာကို ၁-၅-၂၀၂၀ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ်အစီရင်ခံစာကို ၁-၁၁-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပါသည်။

၅။ ရခိုင်ပြည်နယ်မြောက်ပိုင်း တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တိုင်ကြားချက်များ လက်ခံဆောင်ရွက်မည့် တိုင်တန်းမှုယန္တရားတစ်ရပ်ကိုတည်ထောင်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆောင်ရွက်ချက်များကိုလည်း အများပြည်သူသိရှိရန် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၅၉ ဦး တွေ့ရှိ

COVID-19
ရောဂါစောင့်ကြပ်ကြည့်ရှုမှု
နှင့်ပတ်သက်၍
သတင်းထုတ်ပြန်ခြင်း
(၂၃-၁၁-၂၀၂၀) ရက်နေ့၊
ည (၈:၀၀)နာရီ

(၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၁၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၂၅၉) ဦး တွေ့ရှိ** ရပါသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁* ❃

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၃-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၃၆၅) ခု | (၁၅၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၂၉) ခု | (၇၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၉၅) ခု | (၂၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၂) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၂၃၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၀၈) ခု | (၄၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၁) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉၁) ခု | (၂၅) ဦး |

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ-၅

## အားလပ်ရက်ကာလအတွင်း ကိုဗစ် -၁၉ ကူးစက်မှု များပြားလာနိုင်သည်ဟု နယူးယောက်အုပ်ချုပ်ရေးမှူး သတိပေး

စာ-၁၂

## ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ် (၄) ပွဲစဉ်များ ယနေ့ ယှဉ်ပြိုင်ကစားမည်

ယခုအပတ်တွင် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ် (၄) ပွဲစဉ်များကို ကျင်းပသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၂ နာရီ ၂၅ မိနစ်တွင် ခရက်စ်နိုဒါနှင့် ဆီဗီလာ၊ ရင်းနက်စ်နှင့် ချယ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နံနက် ၂ နာရီခွဲတွင် လာဇီယိုနှင့် ဇင်းနစ်၊ ဒေါ့မွန်နှင့် ကလပ်ဘရုဂ်၊ ဂျူဗင်တပ်စ်နှင့် ဖာရင်ဗားရို့စ်၊ ဒိုင်နမိုကိဗ်နှင့် ဘာစီလိုနာ၊ ပီအက်စ်ဂျီနှင့် လိုက်ပ်ဇစ်၊ မန်ယူနှင့် အစ္စတန်ဘူလ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျူဗင်တပ်စ်နှင့် ဖာရင်ဗားရို့စ်အသင်းတို့သည် ချန်ပီယံလိဂ်အုပ်စုအဆင့် အုပ်စု (G) တွင် ဘာစီလိုနာ၊ ဒိုင်နမိုကိဗ်အသင်းတို့အတူ ကျရောက်နေသည်။ ယင်းအုပ်စု၏ အမှတ်ပေးဇယားကို

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖



## ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်ဖြစ်ပေါ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၂၃

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ၊ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၈၀ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအစ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး